# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက် ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၂၇၆)

**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)

# နိုင်ငံတော်အစိုးရ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၇ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် မဟာသာသနာ့ဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်း ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြသည်။

မင်္ဂလာအခမ်းအနား မစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၄ ကော်လံ ၁ *

**၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန် ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ - ၉

**မိုဆူးလ်မြို့ကို နှစ်ရက်အတွင်း အပြီးသိမ်းပိုက်ပြီး အိုင်အက်စ်တို့အား ချေမှုန်းမည်**




စာမျက်နှာ - ၁၀

**နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် အတွင်းဝန်ရုံးကို ပြည်သူများ လေ့လာနိုင်ရန် ဖွင့်လှစ်ပြသမည်**



စာမျက်နှာ - ၁၂

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# စီးပွားရေးလုပ်ငန်းတို့နှင့် နိုင်ငံရေးလုပ်ပိုင်ခွင့်

အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) အတွက် အဓိကလိုအပ်ချက်တစ်ရပ်မှာ လိုအပ်လျက်ရှိသော ချေးငွေတို့ ရရှိနိုင်ရေး ဖြစ်ပါသည်။ သို့သော် ချေးငွေပံ့ပိုးပေးရုံမျှဖြင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းတို့၏ အောင်မြင်မှုအား အာမခံချက်မပေးနိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် အမှုဆောင်အရာရှိချုပ်၏ ပြောကြားချက်အရ လုပ်ငန်းအောင်မြင်မှုမရ၍ ချေးငွေပြန်လည်ပေးအပ်ရန် ပျက်ကွက်နေသော လုပ်ငန်းရှင်များစွာ ရှိနေသည်ကို သိရှိရပါသည်။ ဤကဲ့သို့ လုပ်ငန်းအောင်မြင်မှု မရရှိခြင်းသည် ချေးငွေတို့ကို မှန်မှန်ကန်ကန် အသုံးချနိုင်စွမ်းမရှိ၍လော (သို့တည်းမဟုတ်) မရသင့်မရထိုက်သော ပုဂ္ဂိုလ်တို့အား ချေးငွေထုတ်ပေးခြင်းကြောင့်လော ဆိုသည်ကို သုံးသပ်ရန် လိုအပ်ပါသည်။

လုပ်ငန်းသဘာဝအရ ဤအကြောင်းအရင်းနှစ်ချက်စလုံး ရောပြွမ်းပါဝင်နိုင်သော်လည်း အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အမှုဆောင်အရာရှိချုပ်၏ ရှင်းလင်းပြောကြားချက်များအရ မရသင့်မရထိုက်သော ပုဂ္ဂိုလ်တို့အား ချေးငွေထုတ်ပေးခြင်းကြောင့် ထုတ်ချေးထားသောငွေကြေးတို့ဆုံးရှုံးမှုသည် ကျယ်ပြန့်များပြားလျက်ရှိကြောင်း သိရပါသည်။ ဤကဲ့သို့သော ထုတ်ချေးထားသည့် ငွေကြေးတို့ဆုံးရှုံးမှု၌ သက်ဆိုင်ရာအာဏာပိုင်တို့၏အမိန့်ဖြင့်ထုတ်ပေးခဲ့သော ချေးငွေတို့က ပမာဏများပြားစွာပါဝင်နေသည်ကို တွေ့ရှိရပါသည်။ သက်ဆိုင်ရာ အာဏာပိုင်တို့၏ အမိန့်ဖြင့်ထုတ်ပေးခဲ့သော ချေးငွေတို့ဖြစ်၍ ဘဏ်အနေဖြင့် တင်ပြလာသောလုပ်ငန်းတို့သည် အမှန်တကယ်အကျိုးအမြတ်ရနိုင်ခြင်း ရှိ/မရှိကို စစ်ဆေးပိုင်ခွင့် မရှိ ဖြစ်ခဲ့ရပါသည်။ဤဖြစ်ရပ်တို့သည် ၂၀၁၆ ခုနှစ် ဧပြီလ မတိုင်မီဖြစ်ပွားခဲ့သော ဖြစ်ရပ်တို့ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုနည်းပါးလျက်ရှိသောဒေသတို့ ဖွံ့ဖြိုးတိုးတက်ရေးသည် ကောင်းမွန်သော ဦးတည်ချက်ဖြစ်သော်လည်း ပကတိအခြေအနေတို့နှင့် လိုက်လျောညီထွေစွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် အမှုဆောင်အရာရှိချုပ်၏ တင်ပြချက်အရ ချေးငွေတို့ ပြန်လည်ပေးဆပ်ရန်ပျက်ကွက်မှု အများစုသည် ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ နှိုင်းယှဉ်ချက်သဘောအရ ဖွံ့ဖြိုးမှုနည်းပါးဆဲဖြစ်သော ဤပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သော်လည်း အကောင်အထည်ဖော်မည့်လုပ်ငန်းတို့သည် အမှန်တကယ်လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်း ရှိ/မရှိကို ဘဏ်ပေါင်းစုံမှ သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့သော် ဘဏ်ပေါင်းစုံမှ သုံးသပ်ဆောင်ရွက်ခြင်းတို့ကိုလျစ်လျူရှု၍ အာဏာပိုင်တို့၏ အမိန့်ဖြင့်ချေးငွေတို့ကို ထုတ်ပေးခဲ့ခြင်းသည်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူမပြုသည်သာမက ဒေသဖွံ့ဖြိုးရေးကိုပင် အနှောင့်အယှက်အဟန့်အတား ဖြစ်စေပါသည်။ စီးပွားရေးလုပ်ငန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မဖြစ်နိုင်သော နိုင်ငံရေးရည်မှန်းချက်တို့ကို အခြေခံဆောင်ရွက်ပါက ဆုတ်ယုတ်ပျက်စီးမှုတို့ကိုသာ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း တင်ပြလိုခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းတို့ကို စီးပွားရေးသဘောတရားအရသာ သုံးသပ်ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။**

# အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား အခရာအမျိုးသမီးအဖွဲ့တည်ထောင်သူ ဒေါ်ထားထား ဦးဆောင်သောအဖွဲ့က အဆိုပါ ဝန်ကြီးရုံးမေခလာခန်းမ၌ ဇူလိုင် ၄ ရက်က လာရောက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် အခရာအမျိုးသမီးအဖွဲ့၏ ၂၀၀၈ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော အမျိုးသမီးများနှင့် မိန်းကလေးများကို တန်းတူတန်ဖိုးထားဆက်ဆံစေရေး၊ မျိုးဆက်ပွား ကျန်းမာရေးနှင့် ကျား/မ လူမှုရေးအမြင်ဆိုင်ရာ အသိပညာဖြန့်ဝေရေး၊ အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေး၊ သက်ငယ်မုဒိမ်းမှုကာကွယ်ရေး၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများနှင့်အိမ်တွင်းအကြမ်းဖက်မှုများအား ကာကွယ်ပေးမည့် ဥပဒေပေါ်ပေါက်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အမျိုးသမီးများထုတ်လုပ်သည့် ဈေးကွက်ဝင်ပစ္စည်းများကို ရောင်းချနိုင်မည့် Market Place တစ်ခုထူထောင်ရေးနှင့် မိန်းကလေးငယ်များ၊ ယောကျ်ားလေးများ မိမိကိုယ်တိုင်တန်ဖိုးထားစေရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ရိုးတစ်ခုအဖြစ် ပါဝင်ပြဋ္ဌာန်းနိုင်မည်ဆိုပါက မလိုလားအပ်သော ကိုယ်ဝန်ဆောင်ခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း၊ စွန့်ပစ်ကလေးများ တိုးပွားလာခြင်း စသည်တို့ကို ကာကွယ်လာနိုင်မည်ဖြစ်ကြောင်း အဆိုပြုတင်ပြဆွေးနွေးခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ၊ နောင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် အခရာအဖွဲ့မှ ပူးပေါင်းပါဝင်နိုင်မည့် ကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။



**(သတင်းစဉ်)**

# သွေးလွန်တုပ်ကွေးရောဂါ ဆက်လက်မဖြစ်ပွားစေရေး ဆောင်ရွက်

**ကန့်ဘလူ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် လိတ္တူကျေးရွာအုပ်စု အင်ကြင်းစုကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါစတင်ဖြစ်ပွားလာ၍ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ဆက်လက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင် ၅ ရက်က မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ခုတင် ၁၀၀ ဆံ့ဆေးရုံအုပ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ငှက်ဖျားတိုက်ဖျက်ရေးဌာန ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးတက်ခါး(အင်ကြင်းစု)နေအိမ်၌ သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်း အမှာစကားပြောကြားပြီး ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနေမိုးနှင့် ငှက်ဖျားတိုက်ဖျက်ရေးဌာနကြီးကြပ်ရေးမှူး ဦးစံဝင်းတို့က သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာများ ဟောပြောကြသည်။



အဆိုပါ အင်ကြင်းစုကျေးရွာတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားခဲ့သော မအင်ကြင်းဖြိုး ခြောက်နှစ်မှာ ဆေးရုံမှ ဆင်းခဲ့ပြီး မောင်ရဲရင့်ဟိန်း လေးနှစ်မှာ ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ သွေးလွန်တုပ်ကွေးဖြစ်ပွားရာနေအိမ်နှင့် အနီးဝန်းကျင်နေရာများ၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၅-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၄၉ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ ·၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၀၀ |
| တရုတ် | တစ်ယွမ် | ၂၀၀ ·၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ ·၈၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## စုပေါင်းလုပ်မှ အကျိုးရှိနိုင်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



# မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုအကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုအကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် UNHCR တို့အကြား ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)



# မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအကျိုးသက်ရောက်မှုရှိစေမည့် လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးနှင့် အာဟာရပြည့်ဝမှုရရှိစေရေး စသည့်ကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)

# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ နေရပ်ပြန်ရေးကိစ္စရပ်များတွင် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Fillippo Grandi သည် ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNHCRတို့ပူးပေါင်း၍ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ ဆန္ဒအလျောက် နေရပ်ပြန်ရေးကိစ္စရပ်များတွင် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ရခိုင်ပြည်နယ် လက်ရှိတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုကောင်းမွန်လာစေရန်အတွက် နိုင်ငံတော်အစိုးရက လတ်တလောအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ရေရှည်ဆောင်ရွက်သွားမည့်အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**





နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်း ပဓာနနာယက ဆရာတော်ထံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေတာရှည် ဆရာတော်ထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုန်းသာ ဆရာတော် ဘဒ္ဒန္တဝိလာသထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦး ဆရာတော်ထံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်



*✻ ရှေ့စာမှ*

အခမ်းအနားတွင် တက်ရောက်လာသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်း ပဓာနနာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေတာရှည် ဆရာတော် ဘဒ္ဒန္တသြဘာသထံလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုန်းသာဆရာတော် ဘဒ္ဒန္တဝိလာသထံ လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော် ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသထံလည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှိုင်လင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှိုင်လင်ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒထံလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကန်သုံးဆင့် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသထံ လည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး ဒေါ်သိန်းယဉ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး

*စာမျက်နှာ ၅ သို့*

# နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၅**

နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Borge Brende ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇ နာရီတွင် နေပြည်တော်သို့ လေကြောင်းခရီး ဖြင့်ရောက်ရှိသည်။

နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး Mrs. Tone Tinnes နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

**(သတင်းစဉ်)**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် ဇူလိုင် ၅**- နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# ကော့မှူးမြို့နယ် ဝါးသင်္ချိုက်ကျေးရွာ၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဝါးသင်္ချိုက်ကျေးရွာ၌ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းဆောင်ရွက်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက တက်ရောက်လာသူများအား ပျိုးပင်များပေးအပ်ခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတော်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းအသင်းဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ Royal Modern Furniture၊ ရွှေကော့မှူးလုပ်ငန်းစု၊ G-Bank လုပ်ငန်းစု၊ ဝေဠုကျော်ဖောင်ဒေးရှင်းမှ အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ပြီး ပျိုးပင်များကို စိုက်ပျိုးကြရာ ကျွန်းပင် ၁၀၀၊ အော်ရီးရှား ၁၂၅ ပင်၊ မဟော်ဂနီပင် ၁၀၀၊ ပိတောက် ၁၀ ပင်၊ မန်ကျည်းရှား အပင် ၁၅၀၊ ယမနေငါးပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ပြန်/ဆက်)**

*စာမျက်နှာ ၄ မှ*

ဒေါ်ခင်လေးသက်တို့က ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဆရာတော်သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်း ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



ဆရာတော်ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ဆရာတော်ထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ဆရာတော်ထံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ဆရာတော်ထံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ဆရာတော်ထံ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

# မန္တလေးဆေးရုံကြီး၌ ပထမဆုံးအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသ

**မန္တလေး ဇူလိုင် ၅**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသခြင်းလုပ်ငန်းကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါခွဲစိတ်ကုသခြင်းလုပ်ငန်းအား အိန္ဒိယနိုင်ငံ Yashoda Hospital မှ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ ခွဲစိတ်ကုဌာနမှ ပါမောက္ခ/ ဌာနမှူး(ခွဲစိတ်)နှင့် အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ ဦးဆောင်ကာ အဆိုပါဆေးရုံကြီး နှလုံးခွဲစိတ်ကုသဆောင် ခွဲစိတ်ခန်း၌ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယင်းဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီလုပ်ငန်းအတွက် အစစအရာရာကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့ပြီး ဒီနေ့ နံနက် ၈ နာရီက စတင်ပြီးတော့ ခွဲစိတ်မှုကိုဆောင်ရွက်ခဲ့ပါတယ်။ လူနာက အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ အသည်းအလှူရှင်ကလည်း အသက် ၃၀ ကျော် အမျိုးသမီးပါပဲ။ အထူးကုဆရာဝန်ကြီးတွေ ပူးပေါင်းပြီး ခွဲစိတ်မှုတွေ ဆောင်ရွက်နေဆဲဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အသည်းအစားထိုးကုသခြင်းလုပ်ငန်းဆောင်ရွက်ရန် လူနာအတွက်လိုအပ်သော ဆေးနှင့်ဆေးဝါးပစ္စည်းများကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးထားသည့်အပြင် လိုအပ်သည့် ခေတ်မီစက်ပစ္စည်း ကိရိယာများကိုလည်း ဝယ်ယူဖြည့်ဆည်းပေးခြင်းနှင့် ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ပညာရှင်များကိုလည်း အဆိုပါလုပ်ငန်း လုပ်ဆောင်ရန် နိုင်ငံခြားသို့ အကြိမ်ကြိမ်စေလွှတ်၍ လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးလျက်ရှိသည်။



မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကျောက်ကပ်အစားထိုးကုသခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်နိုင်ခဲ့ပြီး တစ်လလျှင် နှစ်တွဲနှုန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၇ ခုနှစ် မေလကုန်အထိ လူနာနှင့် အလှူရှင် ၃၃တွဲကို အောင်မြင်စွာ အစားထိုးကုသနိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■ *ကျောဖုံးမှ*

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်အသင်းသည် ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုထိပ်ဆုံးနေရာနှင့် အကောင်းဆုံး ဒုတိယနေရာရအသင်းတွင် ပါဝင်ခဲ့ပါက အကောင်းဆုံးဒုတိယနေရာရ ခြောက်သင်းအထိ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းခြေစစ်ပွဲယှဉ်ပြိုင်ရန် ဇူလိုင် ၅ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်လျက်ရှိပြီး လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ၂၃ ဦးကို အခြေခံထားကာ ကစားသမားသစ်များ အားဖြည့်ရွေးချယ်သွားမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂဝ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိပြီး ဆီးဂိမ်းပြိုင်ပွဲအကြို ကျင်းပခဲ့သည့် KBZ Bank Cup လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဒုတိယနေရာသာရခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲတွင် ကမ္ဘောဒီးယားကို လေးဂိုး-တစ်ဂိုး၊ ဟောင်ကောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း နောက်ဆုံးပွဲတွင် ဂျပန်တက္ကသိုလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲကို ဇူလိုင် ၁၉၊ ၂၁၊ ၂၃ ရက်တွင် တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁၉ ရက်တွင် စင်ကာပူအသင်း၊ ဇူလိုင် ၂၁ ရက်တွင် ဘရူနိုင်းအသင်း၊ ဇူလိုင် ၂၃ ရက်တွင် သြစတြေးလျအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အာရှ ယူ-၂၃ ခြေစစ်ပွဲကို သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။ မြန်မာအသင်းသည် ၂၀၁၄ ခုနှစ် ပြိုင်ပွဲ ခြေစစ်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး တောင်ကိုရီးယားအသင်းနှင့်အတူ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

# မလှိုင်မြို့၌ စာအုပ်များမရှိဘဲ ယိုယွင်းပျက်စီးနေသော စာကြည့်တိုက်အား ဖယ်ရှားရှင်းလင်း

**မလှိုင် ဇူလိုင် ၅**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့ စည်ပင်သာယာပန်းခြံအတွင်းရှိ စာအုပ်များမရှိဘဲ ယိုယွင်းပျက်စီးနေသော အဆောက်အအုံအား ဇူလိုင် ၅ ရက် နံနက် ၉ နာရီတွင် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

အဆောက်အအုံ ပိုင်ရှင်ဖြစ်သော ကျောင်းသားဟောင်းအသင်းက အဆောက်အအုံအား ဖယ်ရှားကာ မြေပိုင်ရှင်ဖြစ်သော စည်ပင်သာယာမှလည်း ပန်းခြံအတွင်း စည်းကမ်းမဲ့သူများအား အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ပန်းခြံထဲ စည်းကမ်းမဲ့အညစ်အကြေးစွန့်သူတွေကို ဥပဒေနဲ့အညီ အရေးယူသွားမှာပါ။ အညစ်အကြေး မစွန့်ဖို့ ဆိုင်းဘုတ်တွေ ဗီနိုင်းတွေ ပြုလုပ်ပြီး အသိပေးသွားမှာပါ။ အညစ်အကြေးစွန့်တာတွေ့ရှိရင်လည်း စည်ပင်သာယာဥပဒေအရ အရေးယူသွားမှာပါ" ဟု မြို့နယ်စည်ပင်သာယာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စည်ပင်သာယာ ပန်းခြံအတွင်းရှိ စာကြည့်တိုက်မှ စာအုပ်များကိုလည်း မလှိုင်မြို့ ရတနာဦးကျောင်းတော်ဘက် တိုက်တန်း အခန်း(၁၂)တွင် အခမဲ့ကြည့်ရှုနိုင်ရန် ကျောင်းသားဟောင်းများက ပန်းလှိုင်စာကြည့်တိုက်အား ဖွဲ့စည်းဖွင့်လှစ်ထားခဲ့ကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

# မြစ်သားမြို့၌ စိန်ရင်ထိုးကောက်ရပြီး ပြန်လည်ပေးအပ်သူအား ဂုဏ်ပြုဆုချီးမြှင့်

**မြစ်သား ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့၌ PIONEER စိန်ရင်ထိုးကောက်ရသူမှ ပိုင်ရှင်ဖြစ်သူထံ ပြန်လည်အပ်နှံခဲ့ရာ ကောက်ရသူ၏ ရိုးသားမှုကို ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားအား ရှမ်းပွဲရပ်ကွက်ရွှေကွမ်းတောင်ဓမ္မာရုံ၌ ဇူလိုင် ၅ရက် ညနေ ၄နာရီက ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ဇွန်၂၄ ရက်က ကောက်ရခဲ့သည့် PIONEER စာတန်းပါ စိန်ရင်ထိုးကို ကောက်ရသူ ရှမ်းပွဲရပ်ကွက်နေ မောင်ဟိန်းဇော်စိုးက ပိုင်ရှင် ဖြစ်သူ ကိုဇော်လှမြင့်၊ မသင်းဝေမိုး (PIONEER -၁၁၅ မိုင်) တို့ထံ ပြန်လည် ပေးအပ်ခဲ့ရာ ကိုဇော်လှမြင့်၊ မသင်းဝေမိုးတို့က မောင်ဟိန်းဇော်စိုးကို ဂုဏ်ပြု ဆုငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ မောင်ဟိန်းဇော်စိုး၏ ဆရာဖြစ်သူအား ငွေကျပ် နှစ်သိန်းကို လည်းကောင်း ဂုဏ်ပြုအခမ်းအနားဖြင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ဗုဒ္ဓဘာသာနှင့် ငြိမ်းချမ်းရေး

ဒေါက်တာစန္ဒာဝရာဘိဝံသ

**လူ့သမိုင်းကိုပြန်ကြည့်လျှင် ဘာသာတရားသည်လူသားတို့၏ မီးရှူးတန်ဆောင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ဘာသာတရားသည် လူ့ယဉ်ကျေးမှုကို ဖြစ်ထွန်းစေသည်။ လူသားတို့၏ အတွေးအခေါ် အယူအဆကို ဘာသာတရားက လွှမ်းမိုးထားသည်။ ဘာသာမဲ့ဟု ခေါ်ဆိုသောပုဂ္ဂိုလ်များသည်ပင်လျှင် ၎င်းတို့၏သန္တာန်၌ အခြေခံမူဝါဒတစ်ခု ခိုင်ခိုင်မြဲမြဲရှိနေပြီဖြစ်သည်။ ၎င်းသည်ပင် ဘာသာတစ်ခုဖြစ်နေသည်။**

ဘာသာအားလုံးတို့တွင် ဗုဒ္ဓဘာသာသည် တစ်မူထူးခြားသောဘာသာဖြစ်၏။ အခြားဘာသာတို့၌မတွေ့ရသော ကမ္မဝါဒကို ဗုဒ္ဓဘာသာ၌တွေ့ရ၏။ ကမ္မဝါဒကို "ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွားသောဝါဒ"ဟု အချို့က ဘာသာပြန်ကြ၏။ "ပုဂ္ဂိုလ်ကို အားမကိုး၊ ကံကိုသာ အားကိုးသောဝါဒ" ဟုလည်း ဆိုကြ၏။

ဤနေရာ၌ဘုရားရှင်ဟောခဲ့သည့် "စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ" ဟူသောစကားကိုသတိပြုဖို့လို၏၊ ကံ ဟူသည်စေတနာသာဖြစ်၏။ သက်ရှိသတ္တဝါ မှန်သမျှ အပြု၊ အပြော၊ အတွေးသုံးမျိုး တစ်မျိုးမျိုးကိုအချိန်နှင့် အမျှပြုလုပ်နေကြ၏၊ ၎င်းအလုပ်သုံးမျိုးမှာစေတနာပါ၏၊ စေတနာဟူသည် စေတသိက်တရားဖြစ်၏၊ မည်သည့်စိတ်မဆို စိတ်ဖြစ်တိုင်းမှာစေတနာစေတသိက်ပါမြဲဖြစ်၏၊ အသိစိတ်ဖြစ်တိုင်း စေတနာစေတသိက်ပါဝင်နေသလို အခြားစေတသိက်တွေဖြစ်တဲ့အချိန်မှာလည်း စေတနာ စေတသိက်ပါဝင်၏၊ ထို့ကြောင့် စေတနာကိုစိတ်အားလုံး စေတသိက်အားလုံးနှင့် ယှဉ်တွဲဖြစ်ပေါ်နေသော တရားဟု မှတ်ရ၏။

စေတနာအပါအဝင်စိတ်၊ စေတသိက်၊ ရုပ်တရားအားလုံးသည် သူ့လက္ခဏာနှင့်သူရှိကြ၏၊ သူ့အလုပ်နှင့် သူရှိကြ၏။

၎င်းတရားအားလုံးတွင်အထူးခြားဆုံးမှာစေတနာဖြစ်၏၊ စေတနာစေတသိက်သည် မိမိအလုပ်ကိုလည်း ပြုလုပ်နေသလို အခြားသော စိတ်စေတသိက်အားလုံးတို့၏ အလုပ်ကိုလည်း အသီးသီးပြုလုပ်နိုင်အောင် အကူအညီပေး၏။ စေတသိက်အားလုံးကို စေတနာကဦးဆောင်ပေး၏။ စေတနာက တိုက်တွန်းပေး၏။ စေတနာက ပူးပေါင်းပါဝင်ပေး၏။

ကောင်းသောစိတ်၊ ကောင်းသောစေတသိက်တွေဖြစ်အောင်လည်း စေတနာကဦးဆောင်ပေး၏။ မကောင်းသောစိတ် မကောင်းသောစေတသိက်တွေဖြစ်အောင်လည်း စေတနာကဦးဆောင်ပေး၏။ ၎င်းစိတ်စေတသိက်များမှ တစ်ဆင့် ကာယကံ ဝစီကံ မနောကံတွေဖြစ်အောင်လည်း စေတနာကဦးဆောင်ပေး၏။

လူသားတို့၏ ပြုလုပ်ဆောင်ရွက်မှုတိုင်းတွင်အခြားသောစိတ်စေတသိက်များ ပါဝင်နေသော်လည်း အရာရာတိုင်းကို စေတနာက ဦးဆောင်နေသဖြင့် ပြုလုပ်ဆောင်ရွက်မှုမှန်သမျှကို စေတနာ၏နာမည်ဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံဟု အမည်ပေးရခြင်းဖြစ်၏။

ဤနေရာ၌ထူးခြားချက်မှာ အခြားစေတသိက်များက သဘာဝတရားတို့၏ ဖြစ်စဉ်အရပေါ်လာပြီးလျှင် အစပျောက်ချုပ်ငြိမ်းသွားကြ၏။ စေတနာက ဤသို့မဟုတ်၊ အကျိုးတစ်ခုကိုထုတ်လုပ်ပေးနိုင်သောစွမ်းရည်ရှိ၏။ စေတနာ၏ မွန်မြတ်ခြင်း၊ သန့်ရှင်းခြင်း၊ ကြမ်းတမ်းခြင်း၊ ယုတ်ညံ့ခြင်းအပေါ်မူတည်၍ အကျိုးရလဒ်တွေ ပြောင်းလဲဖြစ်ပေါ်နေကြ၏။ ၎င်းစေတနာ၏ အကျိုးကိုပြုလုပ်သူမိမိကိုယ်တိုင်လည်းခံစားခွင့်ရသလို အခြားသူများ၊ မိမိနှင့်စပ်ရာပုဂ္ဂိုလ်များကိုလည်း ခံစားရစေ၏။

မော်တော်ကားတစ်စီး ချောက်ကမ်းပါးထဲထိုးကျလျှင် မိမိတစ်ဦးတည်း ဒုက္ခရောက်ရသည်မဟုတ်၊ ကားပေါ်ပါသော ပုဂ္ဂိုလ်အားလုံး ဒုက္ခရောက်ရသည်ချည်းဖြစ်၏။

ထို့ကြောင့် လူသားတိုင်းသည် အသီးအသီး မိမိသန္တာန်၌ဖြစ်ပေါ်နေသော စေတနာကို (စိတ်ရင်းစေတနာကို) ဝေဖန်ဆန်းစစ်ဖို့ လိုအပ်၏။

စေတနာသည်နာမ်တရားအားလုံးကိုဦးဆောင်သည်ဟုဆိုခဲ့ရာ မိမိသန္တာန်၌ ဖြစ်သော စေတနာသည် ကောင်းကျိုးလိုလားသောမေတ္တာဓာတ် (အဒေါသ) ကိုဦးဆောင်နေသလား (သို့မဟုတ်) ကောင်းကျိုး လိုလားသော မေတ္တာစိတ်ဖြင့်ကံတွေပြုနေသလား။

မကောင်းကျိုးလိုလားသော ဒေါသစိတ်ကို ဦးဆောင်နေသလား (သို့မဟုတ်) မကောင်းကျိုးလိုလားသော ဒေါသစိတ်ဖြင့် ကံတွေပြုနေသလား ဆိုတာကို ဝေဖန်ဆန်းစစ်ဖို့လို၏။

နောက်တစ်မျိုးအားဖြင့်စေတနာသည်အခွင့်အရေးကို မျှဝေပေးလိုသော သာတူညီမျှစိတ် (အလောဘ)ကို ဦးဆောင်နေသလား (သို့မဟုတ်) မျှတမှုကိုလိုလားသောအလောဘစိတ်ဖြင့်ကံတွေပြုနေသလား။

ကိုယ်လိုချင်တာကိုရှေ့တန်းတင်သောအတ္တစိတ် (လောဘ)ကိုဦးဆောင်နေသလား (သို့မဟုတ်) ကိုယ့်အတွက် ကိုယ်ကြည့်သောအတ္တ၊ လောဘစိတ်ဖြင့် ကံတွေပြုနေသလားဆိုတာကို ဝေဖန်ဆန်းစစ်ဖို့လို၏။

နောက်တစ်မျိုးအားဖြင့် စေတနာသည် ဖြစ်သင့်ဖြစ်ထိုက်သော အကျိုးရလဒ်ကိုလိုလားသောအမောဟ (ပညာစိတ်)ကို ဦးဆောင်နေသလား (သို့မဟုတ်) ဖြစ်သင့်ဖြစ်ထိုက်တာဖြစ်စေရမည်ဟူသော ကောင်းကျိုးလိုလားသော ပညာဉာဏ်ဖြင့်ကံတွေပြုနေသလား။

အမှန်တရားကိုရင်မဆိုင်ရဲသော မောဟစိတ်ကိုဦးဆောင်နေသလား (သို့မဟုတ်) အမှန်တရားကို မဝေခွဲနိုင်သော တွေဝေမိုက်မဲသော မောဟစိတ်ဖြင့် ကံတွေပြုနေသလားဆိုတာကို ဝေဖန်ဆန်းစစ်ဖို့ လိုပါသည်။

မိမိ၏ စိတ်စေတသိက်တရားအားလုံးကို စေတနာစေတသိက်ကဦးဆောင်နေသည်ဖြစ်ရာ လူသားတိုင်းမှာ စေတနာကိုယ်စီရှိကြသည်သာဖြစ်၏။ သို့သော် ဘယ်ပုဂ္ဂိုလ်၏ ဘယ်စေတနာသည် ဘယ်လိုစေတနာမျိုးဖြစ်သနည်း ဆိုသည်ကိုတော့ လေ့လာကြည့်ဖို့လိုပါသည်။ စေတနာ၏ ထိန်းချုပ်မှုအောက်မှာ ကာယကံ၊ ဝစီကံ ၊ မနောကံတွေဖြစ်နေကြသည်ဖြစ်ရာ ကာယကံနှင့် ဝစီကံကို အကဲခတ်လို့ရပါသည်။ မနောကံကိုကား အကဲခတ်ရခက်ပါသည်။ မနောကံ တစ်ချက်တိမ်းသွားလျှင် အကျိုးရလဒ်တွေလည်း ကသောင်းကနင်းဖြစ်သွားတတ်ပါသည်။

**မိမိ၏ စိတ်စေတသိက်တရားအားလုံးကို စေတနာစေတသိက်က ဦးဆောင်နေသည်ဖြစ်ရာ လူသားတိုင်းမှာ စေတနာကိုယ်စီရှိကြသည်သာ ဖြစ်၏။ သို့သော် ဘယ်ပုဂ္ဂိုလ်၏ ဘယ်စေတနာသည် ဘယ်လိုစေတနာမျိုးဖြစ်သနည်း ဆိုသည်ကိုတော့ လေ့လာကြည့်ဖို့လိုပါသည်။ စေတနာ၏ ထိန်းချုပ်မှုအောက်မှာ ကာယကံ၊ ဝစီကံ၊ မနောကံတွေ ဖြစ်နေကြသည်ဖြစ်ရာ ကာယကံနှင့် ဝစီကံကို အကဲခတ်လို့ရပါသည်။ မနောကံကိုကား အကဲခတ်ရခက်ပါသည်။ မနောကံတစ်ချက်တိမ်းသွားလျှင် အကျိုးရလဒ်တွေလည်း ကသောင်းကနင်းဖြစ်သွားတတ်**




ဒေါက်တာစန္ဒာဝရာဘိဝံသ

မှားယွင်းသောမနောကံ၏ အကျိုးကို မိမိတစ်ဦးတည်းသာ ခံစားရမည်မဟုတ်ပါ။ မိမိနှင့်စပ်ရာပုဂ္ဂိုလ်များအားလုံး ခံစားရမည်သာဖြစ်ပါသည်။ ထို့ကြောင့် အသီးသီးသောပုဂ္ဂိုလ်တို့၏ အသီးသီးသော မနောကံများ ဖြောင့်မှန်နေဖို့လိုပါသည်။ မနောကံ ဖြောင့်မှန်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးဖို့လိုအပ်ပါသည်။ မနောကံကိုထိန်းသိမ်းရာတွင်လည်း တစ်ဦးတစ်ယောက်တည်း ထိန်းသိမ်း၍ရမည် မဟုတ်ပါ။ ကောင်းကျိုးလိုလားသူအားလုံး အညီအမျှ ထိန်းသိမ်းရမည်သာဖြစ်ပါသည်။ ဤသို့ထိန်းသိမ်းရာ၌လည်း ဘယ်သူက ဘယ်သူ့ကိုဟူသော သူတစ်ပါးအကူအညီကို ယူနေရမည်မဟုတ်ပါ။ မိမိအသိဖြင့်မိမိကိုယ်တိုင်ကမိမိကိုယ်တိုင်ကိုဦးဆောင်ပြီး ထိန်းသိမ်းပေးရမည်ဖြစ်ပါသည်။

ဤတာဝန်သည် တစ်ဦးတစ်ယောက်၏ တာဝန်မဟုတ်ပါ။ ကောင်းကျိုးလိုလားသောလူသားအားလုံး၏ တာဝန်သာဖြစ်ပါသည်။ သို့မဟုတ်ပါက ဗုဒ္ဓဟောကြားသော ကံနှင့်ကံ၏အကျိုးကို ယုံကြည်ရာရောက်မည် မဟုတ်ပါ၊ ဗုဒ္ဓဘာသာဝင်အများစုသည် ကံနှင့်ကံ၏အကျိုးကိုတော့လက်ခံကြပါသည်။ သို့သော် ကံကောင်းအောင်ပြုဖို့ကျတော့ မှန်ကန်စွာဆောင်ရွက်နိုင်မှု အားနည်းကြပါသည်။ သူတို့ပြုသမျှကံတွေကလည်း သူတစ်ပါးအတွက် ရည်ရွယ်သောကံက နည်းပါသည်။ မိမိအတွက်ရည်ရွယ်သောကံတွေကသာ များပါသည်။ ထို့ကြောင့် မြန်မာပြည်သား ဗုဒ္ဓဘာသာဝင်အများစုသည် ကံတွေပြုနေကြပါလျက် ကံကောင်းခြင်းအကျိုးတွေမခံစားရခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

တစ်ခုတော့ပြောချင်ပါသည်။ အရာရာတိုင်း ကောင်းသောစေတနာက ဦးဆောင်နိုင်ဖို့ဆိုသည်မှာ ပတ်ဝန်းကျင်ကောင်းရှိဖို့လိုပါသည်။ ကာလ၊ ဒေသ၊ ပယောဂ၊ ပုဂ္ဂလကိုလိုက်၍လူတို့၏စိတ်သည်ပြောင်းလဲတတ်ပါသည်။ ကာလ (အချိန်) ၊ဒေသ (နေရာ)၊ ပယောဂ(လုပ်ဆောင်ချက်)၊ ပုဂ္ဂလ (ပုဂ္ဂိုလ်၏ စွမ်းရည်)များကိုလိုက်၍ ကောင်းသောစေတနာမှသည် မကောင်းသောစေတနာသို့ပြောင်းလဲသွားတတ်ပါသည်။ ထိုနည်းတူပင် မကောင်းသောစေတနာမှသည် ကောင်းသောစေတနာသို့ပြောင်းလဲသွားတတ်ပါသည်။

ထို့ကြောင့် ကာလ၊ ဒေသ၊ ပယောဂ၊ ပုဂ္ဂလတို့နှင့်လိုက်လျောညီထွေဖြစ်စေမည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးဖို့လိုပါမည်။ ဖန်တီးပေးရပါမည်။ ပတ်ဝန်းကျင်ကောင်းဖန်တီးပေးရမည့်လုပ်ငန်းကား ပို၍ကျယ်ပြန့် ပို၍နက်ရှိုင်းသော လုပ်ငန်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကောင်းကျိုးရလဒ်အသီးအပွင့်တွေကို တကယ်စားသုံးချင်ကြသလား၊ တကယ်အမှန် စားသုံးချင်ကြတယ်ဆိုလျှင်ဖြင့် ကံမျိုးစေ့စိုက်ပျိုးဖို့ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးဖို့ ဝန်မလေးကြလောက်ဘူးဟု ထင်မြင်မိပါသည်။

ကျန်းမာချမ်းသာကြပါစေ

**ဒေါက်တာအရှင်စန္ဒာဝရာဘိဝံသ**
**ဒုတိယပါမောက္ခချုပ် ကျိုက္ကလော့ဆရာတော်**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**
**ရန်ကုန်မြို့**

(ယခုဆောင်းပါးအား ၆-၇-၂၀၁၇ ရက်နေ့ထုတ် **The Global New Light of Myanmar** သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)



# နေ့ဆွမ်း ဆက်ကပ်

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ် (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

**✱ ကျောဖုံးမှ**

ကျွန်တော်တို့အနေနဲ့ကတော့ ဇွန် ၂၉ ရက်နေ့မှာ အထောက်အထားမဲ့အလုပ်သမားတွေကို ညင်သာစွာကိုင်တွယ်ဖို့နဲ့ ဖမ်းဆီးမှုတွေကို ပြင်းပြင်းထန်ထန် ဆောင်ရွက်ရင် အလုပ်သမားတွေရော ထိုင်းနိုင်ငံအတွက်ပါ အကျိုးစီးပွားထိခိုက်နိုင်တဲ့အကြောင်း၊ မြန်မာအလုပ်သမားအများစုက သတိပြုမှုအားနည်းသလို ထိုင်းဘာသာစကားတတ်ကျွမ်းမှုမှာလည်း အားနည်းနေကြောင်း၊ ထို့ကြောင့် အထောက်အထားမဲ့ မြန်မာအလုပ်သမားတွေကို ဖြစ်နိုင်ပါက တရားဝင်ပြန်လည်ခေါ်ယူလိုကြောင်း ထိုင်းသံအမတ်ကြီးကိုရော၊ ထိုင်းနိုင်ငံဆိုင်ရာမြန်မာ သံရုံးကတစ်ဆင့် ထိုင်းနိုင်ငံရှိ ဝန်ကြီးဌာနများကိုပါ ဆက်သွယ်ပြီး စာနဲ့ တရားဝင်အကြောင်းကြားခဲ့ပါတယ်" ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ဇွန် ၃၀ ရက် ညနေတွင်ပင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးမှတစ်ဆင့်လည်းကောင်း၊ ထိုင်းနိုင်ငံ အလုပ်သမားရေးရာဝန်ကြီးဌာနမှလည်းကောင်း ဆက်သွယ်မှုများအရ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ညွှန်ကြားချက်ဖြင့် အထောက်အထားမဲ့အလုပ်သမားများ ဖမ်းဆီးအရေးယူခြင်းကို ရက်ပေါင်း ၁၂၀ ခန့် ရပ်ဆိုင်းထားမည်ဖြစ်ကြောင်းသိရပြီး ဇူလိုင် ၄ ရက်တွင် ၂၀၁၇ ခုနှစ် နှစ်ကုန်အထိ အထောက်အထားမဲ့အလုပ်သမားများ ဖမ်းဆီးအရေးယူခြင်းကို ရပ်တန့်ထားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါရက်များအတွင်း တရားမဝင် အလုပ်သမားများအနေဖြင့် တရားဝင်ဖြစ်လာစေရန် လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

မကြာသေးမီက ပြဋ္ဌာန်းခဲ့ပြီး စတင်အသက်ဝင်လာသည့် ထိုင်းနိုင်ငံ ဥပဒေသစ်အရ ဥပဒေနှင့် မကိုက်ညီသည့် အထောက်အထားမဲ့အလုပ်သမားများအနက်မှ မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိလာသည်မှာ ရက်သတ္တပတ်ခန့်ရှိပြီဖြစ်ပြီး ပြည်တော်ပြန် အလုပ်သမားဦးရေမှာ ယနေ့ နံနက်အထိ ၃၄၀၆၉ ဦး ရှိခဲ့ပြီဖြစ်သည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ထိုင်းနိုင်ငံ၏ ဥပဒေသစ်ကို ကြိုတင်အသိပေးခြင်းများအား ဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ်ကတည်းက လုပ်ဆောင်ခဲ့သော်လည်း အလုပ်သမားအများစုမှာ လိုက်ပါဆောင်ရွက်မှုအားနည်းနေကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ "ထိုင်းနိုင်ငံရဲ့အလုပ်သမားဥပဒေတွေမှာ ပြင်းထန်တဲ့ ပြစ်ဒဏ်တွေ၊ နှစ်ချီထိန်းသိမ်းခံရမယ့် ပြစ်ဒဏ်တွေနဲ့ ကြီးမားတဲ့ ဒဏ်ကြေးတွေပါဝင်လာမှာမို့ ဥပဒေအကျိုးမသက်ရောက်မီကတည်းက တရားဝင်ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားပြီး လုပ်ဆောင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံရောက်အလုပ်သမားတွေအနေနဲ့ တရားဝင်သွားရောက်သူဖြစ်ရင်တောင် MOU ထိုးထားတဲ့ အလုပ်သမားတွေပင်ဖြစ်လင့်ကစား အလုပ်ဌာနတွေ လွဲမှားနေရင်လည်း ပြန်လည်လုပ်ဆောင်နိုင်အောင်၊ ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနဲ့ အလုပ်သမားဝန်ကြီးဌာနတွေရဲ့ထုတ်ပြန်ချက်တွေနဲ့ လိုက်လျောညီထွေရှိအောင် နေကြဖို့ အမြဲမပြတ်မှာကြားထားပါတယ်။ အချို့လည်း ပြောပြချက်တွေအရ ဥပဒေနဲ့ အညီဖြစ်အောင် ဆောင်ရွက်ခဲ့ကြတာကိုတွေ့ရတယ်။ အချို့ကတော့ အရင်ကလို ပေါ့ပေါ့ဆဆ နေထိုင်ကြတာကို တွေ့ရတယ်။ အချို့ကလည်း ဘာသာစကားအခက်အခဲ၊ အလုပ်တာဝန်အခက်အခဲနဲ့ အခြားအမျိုးမျိုးသော အခက်အခဲတွေကြောင့် တရားဝင်အထောက်အထားခိုင်လုံအောင် မကြိုးပမ်းဖြစ်ကြတာတွေလည်းရှိတယ်။ ကျွန်တော်တို့တင်မကဘူး ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားတွေကို ကူညီပေးနေတဲ့ လူမှုအဖွဲ့အစည်းတွေကလည်း လူမှုကွန်ရက်တွေ၊ မီဒီယာတွေကနေအကြိမ်ကြိမ် ကြေညာခဲ့ပြီးသားဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက မီဒီယာများအား ရှင်းလင်းပြောကြားသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိလာသည့် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားစုစုပေါင်းမှာ ၃၄၀၆၃ ဦးခန့်ရှိနေကြောင်း သိရှိရပြီး မြန်မာလုပ်သားများသည် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ ထီးခီး၊ မောတောင်၊ ဘုရားသုံးဆူ၊ ၉၉၉ ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာကြခြင်းဖြစ်သည်။

ပြန်လည်ရောက်ရှိလာသူများတွင် အလုပ်ရှင်အပြောင်းအလဲဖြစ်ထားသည့် MoU ထိုးပြီးသူ တရားဝင်အလုပ်သမားများလည်း ပါဝင်လာကြပြီး အများစုမှာ တရားမဝင်(အထောက်အထားမဲ့) အလုပ်သမားများဖြစ်ကြသည်။ ၎င်းတို့အား သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များက နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ လူမှုရေးအသင်းအဖွဲ့များကလည်း အလုပ်သမားများအား စားနပ်ရိက္ခာများ၊ သောက်ရေများ ပေးလှူနေကြပြီး ပရဟိတအသင်းအဖွဲ့များကလည်း နေရပ်ပြန်နိုင်ရေးအတွက် ကြိုပို့ကိစ္စရပ်များ လုပ်ဆောင်ပေးလျက်ရှိသည့်အပြင် လုပ်ငန်းရှင်တွေကလည်း ဇွန် ၄ ရက်မှစပြီး ကြိုပို့အစီအစဉ်များ လုပ်ဆောင်ပေးကြပြီး တပ်မတော်မှလည်း မော်တော်ယာဉ်ငါးစီးဖြင့် အလုပ်သမားများ ဇာတိသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် အကူအညီများ ပေးအပ်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနမှလည်း ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအား မြဝတီမြို့တွင် အခမဲ့ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ ထိုင်းနိုင်ငံက တာဝန်ရှိသူတွေကိုလည်း အကြောင်းကြားထားတာ၊ မေတ္တာရပ်ခံထားတာတွေရှိပါတယ်။ ငွေကြေးကောက်ခံတာ၊ အန္တရာယ်ပေးတာမျိုး လုံးဝမလုပ်ဆောင်ကြဖို့ ဖြစ်ပါတယ်။ အခု နောက်ပိုင်းမှာတော့ တရားဝင်ချစ်ကြည်ရေးတံတားကနေ ပြန်ပို့ပေးနေပါတယ်။ အဲဒီမှာလည်း ဖြတ်သန်းခတွေ၊ ဗီဇာကြေးတွေ မကောက်ခံကြဖို့ ညွှန်ကြားထားပါတယ်။ အဲလိုအကြောင်းကြားတာကိုလည်း အလုပ်သမားရော၊ လဝကရော၊ ရဲတပ်ဖွဲ့ရော အားလုံးညွှန်ကြားထားပြီး မကောက်ကြပါဘူး"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

"ထိုင်းအဖွဲ့အစည်းတွေကလည်း ဘယ်နေ့ကို ဘယ်နှယောက် ပြန်လွှတ်မယ်ဆိုတာမျိုး ချိတ်ဆက်ဆောင်ရွက်နေတာရှိပါတယ်။ မြန်မာနိုင်ငံကို ပြန်လာမယ့် အလုပ်သမားတွေကို ကြိုဆိုတဲ့အဖွဲ့တွေကလည်း ဒီဘက်ကမ်းမှာ ကြိုတင်စောင့်ဆိုင်းပြီး ဆိုက်ရောက်အလုပ်သမားတွေအတွက် ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။

"လက်ရှိမှာတော့ သူတို့ဆီက ရက်ပေါင်း ၁၂၀ ရွှေ့ဆိုင်းတဲ့ကြေညာချက်ထွက်ပြီးကတည်းက ထပ်မံဖမ်းဆီးခံရတာမရှိတော့ပါဘူး။ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာအာဏာပိုင်တွေအနေနဲ့ကတော့ အလုပ်သမားတွေ အန္တရာယ်မရှိအောင်နဲ့ နေရပ်ပြန်ရေးမှာ ကုန်ကျစရိတ်သက်သာအောင် ကူညီပေးနေတာပါ"ဟု ပြည်ထောင်စုဝန်ကြီးက မီဒီယာများအား ပြောကြားသည်။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို အထောက်အထားထုတ်ပေးရာတွင် ၁၈၁၂၇၀၀ ကျော် ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းကြည်က ပြောကြားသည်။ ထိုင်းနိုင်ငံတွင် ခန့်မှန်းခြေအရ မြန်မာအလုပ်သမားစုစုပေါင်း သုံးသန်းခန့်ရှိမည်ဟု သိရသည်။

"ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေ ဖမ်းဆီးခံရတော့မယ့်အရေးမှာ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့လည်း သက်ဆိုင်ရာသံရုံးနဲ့ အရင်ဆုံးချိတ်ဆက်ခဲ့ပါတယ်။ ဇွန် ၂၉ ရက်မှာ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ထိုင်းနိုင်ငံသံအမတ်ကြီးကို မေတ္တာရပ်ခံခဲ့သလို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း ထိုင်းသံအမတ်ကြီးကို မေတ္တာရပ်ခံခဲ့ပါတယ်။ အဲဒီနေ့မှာပဲ ပြန်လည်ဖြေလျှော့တာတွေ စတင်ခဲ့ပါတယ်။ နိုင်ငံခြားမှာ အထောက်အထားမဲ့ သွားအလုပ်လုပ်ကြတဲ့ မြန်မာအလုပ်သမားအချို့ဟာ သံရုံးတွေကို ဆက်သွယ်ပြီး တရားဝင်လုပ်လို့ရတာတွေကို မသိကြပါဘူး။ သွေးထိုးထားတဲ့ သူတွေလည်း ရှိတတ်ပါတယ်။ မြန်မာသံရုံးအနေနဲ့ ရွှေ့ပြောင်းလာသူတွေနဲ့ နားလည်မှုရဖို့အတွက် မြန်မာသံအမတ်ကြီးကိုယ်တိုင် မြန်မာနိုင်ငံသားကူညီစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းချိတ်ဆက်ပြီး နိုင်ငံသားတွေရဲ့အကျိုးကိစ္စတွေကို ဆောင်ရွက်ပေးနေပါတယ်။ သံရုံးဝက်ဘ်ဆိုက်တွေကလည်း အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေးနေတာရှိပါတယ်။ အလုပ်သမားတွေရဲ့အခြေအနေက ခက်ခဲသလို ထိုင်းအာဏာပိုင်ဘက်မှာလည်း အောက်ခြေနဲ့ အပေါ်ပိုင်းတာဝန်ရှိသူတွေအကြား ကွာဟမှုတွေမဖြစ်အောင် သံရုံးကနေ လိုက်ပါပြောဆိုပေးနေတာဖြစ်ပါတယ်။ အထူးသဖြင့် ထိုင်းဘာသာစကားမတတ်ကျွမ်းကြတော့ ပြဿနာက ပိုပြီးဆိုးရွားသွားတာဖြစ်ပါတယ်။ ဒါကြောင့် သံရုံးအနေနဲ့ မြန်မာအလုပ်သမားတွေကို အထောက်အထားထုတ်ပေးတာတွေနဲ့ အကူအညီပေးတာတွေကို ရှိတဲ့အင်အားနဲ့ အဆင်ပြေအောင်လုပ်ဆောင်ပေးနေပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးတင့်က ပြောကြားသည်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားအလုပ်သမားများ၏ အရေးကိစ္စများအပြင် မလေးရှားနိုင်ငံတွင် တရားမဝင် အလုပ်သမား(E Card) မရှိသူများ ဖမ်းဆီးအရေးယူခြင်းများကိုလည်း သတင်းစာရှင်းလင်းပွဲအတွင်း ထည့်သွင်းပြောကြားခဲ့သည်။

"လက်ရှိမှာ အီးကတ်ရရှိတဲ့ အလုပ်သမား ၄၈၂၀ သာရှိပါသေးတယ်။ မလေးရှားနိုင်ငံမှာ တရားမဝင်အထောက်အထားမဲ့ အလုပ်သမားတွေကို ဇွန် ၁ ရက်မှာ စတင်ဖမ်းဆီးနေတာဖြစ်ပါတယ်။ လက်ရှိ မလေးရှားနိုင်ငံက ထုတ်ပြန်တဲ့သတင်းတွေအရ အထောက်အထားမဲ့အလုပ်သမား ၂၈၀၀ ကို ဖမ်းဆီးထားတယ်လို့ သိရပြီး အဲဒီထဲမှာ မြန်မာအလုပ်သမား ၁၀၂ ဦး ပါဝင်နေပါတယ်။ ဒီကိစ္စမှာလည်း မလေးရှားနိုင်ငံက အလုပ်သမားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းနေပါတယ်။ ဆက်လက်ပြီးလည်း ကြိုးပမ်းအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မလေးရှားနိုင်ငံမှာ အလုပ်သမားတွေ တွေ့ကြုံနေရတဲ့ အရေးကိစ္စတွေကို လိုက်လံဆောင်ရွက်ပေးတာတွေလည်း အများကြီးရှိပါတယ်။ ဥပမာပြောရရင် မလေးရှားရောက် မြန်မာနိုင်ငံသားအလုပ်သမားတွေရဲ့ ပြဿနာတွေဟာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာအထိ အမှုပေါင်း ၅၆ မှုရှိရာမှာ ၅၅ မှုကို တရားဝင်ဆောင်ရွက်ဖြေရှင်းပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့အမှုတစ်ခုကလည်း လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိထားပြီး လျော်ကြေးကိစ္စဆောင်ရွက်ဖို့ ကျန်နေတာဖြစ်ပါတယ်။ အမှုတွေကို သူတို့နိုင်ငံရဲ့အလုပ်သမားဥပဒေနဲ့အညီ ရသင့်ရထိုက်တဲ့ ရပိုင်ခွင့်တွေ အလုပ်သမားအခွင့်အရေးတွေကို တောင်းဆိုဆောင်ရွက်ပေးနေပါတယ်။ အလုပ်သမားကိစ္စရပ်တွေမှာလည်း မလေးရှားနိုင်ငံ အာဏာပိုင်အစိုးရနဲ့ ပူးပေါင်းလုပ်ဆောင်ပေးလျက်ရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

မလေးရှားနိုင်ငံတွင် တရားဝင်သွားရောက်ကြသည့် အလုပ်သမားများနှင့် အထောက်အထားမဲ့အလုပ်သမား စုစုပေါင်း ငါးသိန်းခန့်ရှိကြောင်း သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ မလေးရှားနိုင်ငံသို့ အလုပ်သမားစေလွှတ်မှုများ ရပ်ဆိုင်းထားခဲ့သည်။ ယင်းအခြေအနေတွင် အဓိကအကြောင်းအရာများမှာ မြန်မာအလုပ်သမားများ လုံခြုံစိတ်ချရမှုနှင့် တည်ငြိမ်အေးချမ်းမှုများအပေါ် စိုးရိမ်ရခြင်းကြောင့် ရပ်ဆိုင်းထားခြင်းဖြစ်ပြီး ပြီးခဲ့သည့် မေလအတွင်းက မလေးရှားနိုင်ငံသို့ တရားဝင်အလုပ်သမားများ ပြန်လည်စေလွှတ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ မလေးရှားနိုင်ငံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အလုပ်သမားသံအရာရှိများနှင့် ချိတ်ဆက်ပြီး နယ်မြေအခြေအနေများကို စုံစမ်းအကဲဖြတ်ပြီးနောက် ပြန်လည်စေလွှတ်နိုင်ရေးအတွက် မူလကတည်းက ခွင့်ပြုချက်ရရှိထားသည့် အေဂျင်စီများကို ပြန်လည်ခွင့်ပြုပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ယင်းကိစ္စရပ်များတွင်လည်း မလေးရှားနိုင်ငံ အစိုးရနှင့် သဘောတူညီမှုများ ရရှိထားပြီး တရားဝင် အလုပ်သမားစေလွှတ်မှုများကို စိစစ်ရွေးချယ်ကာ စေလွှတ်သွားရန်ရှိကြောင်း သိရှိရသည်။

"ထိုင်းနိုင်ငံတို့ မလေးရှားနိုင်ငံတို့မှာ ရောက်နေတဲ့ အလုပ်သမားတွေ ပြန်လာကြတော့ ဝမ်းလည်းသာတယ်။ သနားလည်း သနားတယ်။ စိတ်လည်းမကောင်းဘူး။ အမှန်အတိုင်းပြောရရင် သူတို့ဟိုမှာ နေကြ စားကြ အလုပ်လုပ်ကြရတာတွေကို ကျွန်တော်တို့တွေသိတယ်။ သူတို့ထဲမှာ အချို့က အထောက်အထားခိုင်လုံအောင် ကြိုးစားပြီးရင် ထိုင်းပြန်ပြီး အလုပ်လုပ်ကြမယ့်သူတွေလည်း ပါမှာပါ။ ဒီမှာပဲ ကျွမ်းကျင်တဲ့အလုပ်တွေနဲ့ လုပ်ကြမယ့်သူတွေအတွက်ကတော့ ကျွန်တော်တို့က အတတ်နိုင်ဆုံး ကူညီပေးသွားရမှာပါ"ဟု ပြည်ပရောက် မြန်မာအလုပ်သမားများအရေးကိစ္စတွင် တာဝန်ယူဖြေရှင်းပေးနေရသူတစ်ဦးဖြစ်သည့် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။

အခမ်းအနားတွင် ပြည်ပရောက်မြန်မာအလုပ်သမားများ အရေးကိစ္စများနှင့် ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

**(မြန်မာ့အလင်း)**

# မြန်မာ-မော်ရိုကို နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရေး ဆွေးနွေး



နေပြည်တော် ဇူလိုင် ၅

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်ရိုကိုနိုင်ငံ ရာဘတ်မြို့၌ ဇူလိုင် ၃ ရက်က ကျင်းပသည့် ပထမအကြိမ် မြန်မာ-မော်ရိုကို နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မော်ရိုကို နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Mounia Boucetta ဦးဆောင်သည့် မော်ရိုကို ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ ယန္တရားအား စတင်ထူထောင်နိုင်ခြင်းအပေါ် ကြိုဆိုခဲ့ကြပြီး မြန်မာ-မော်ရိုကို နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ထို့ပြင် ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ် ၄၀ ပြည့် အထိမ်းအမှတ်အစီအစဉ်များ ပြုလုပ်ရေးနှင့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေတို့ကို လည်းကောင်း၊ မော်ရိုကို ဒုတိယဝန်ကြီးက မော်ရိုကိုနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မော်ရိုကို ဒုတိယဝန်ကြီးက တည်ခင်းသည့် အလုပ်သဘော နေ့လယ်စာစားပွဲ၌ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မော်ရိုကိုနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Mounia Boucetta တို့သည် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ ယန္တရားထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် မော်ရိုကို အစိုးရတို့အကြား သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီး နှစ်နိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီးများသည် ပူးတွဲသတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို ပြုလုပ်ခဲ့ပြီး အစည်းအဝေးဆွေးနွေးချက်များမှ အဓိကအချက်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရာဘတ်မြို့ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၌ ဖွင့်လှစ်ထားရှိသည့် မော်ရိုကိုသံတမန်ရေးရာ လေ့လာရေးအကယ်ဒမီသို့ သွားရောက်လေ့လာခဲ့ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကု တက္ကသိုလ်ကျောင်းသားများ ကွင်းဆင်းကုသ

**မြင်းခြံ ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးရွာများတွင် အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကု တက္ကသိုလ်ကျောင်းသားများနှင့် အမေရိကန် ၊ ကနေဒါ ၊ ဂျပန်နိုင်ငံများမှ တိရစ္ဆာန်ဆေးကု တက္ကသိုလ်ကျောင်းသားများသည် ကျေးရွာများရှိ ဆိတ်များ၊ နွားများ၊ ခွေးများအား ဆေးဝါးကုသပေးခြင်းအပြင် ပတ်ဝန်းကျင် စိမ်းလန်းရေးအတွက် သစ်ပင်များစိုက်ပျိုးပေးခြင်း ၊ ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် အခြေခံပညာ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများနှင့်အတူ ဂိမ်းကစားခြင်း၊ ကပြခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည် ။

အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်နိုင်ငံတို့မှ ကျောင်းသား ကျောင်းသူများကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း) မှ ဒေါက်တာရဲထွဋ်အောင် (ဒုတိယ ပါမောက္ခချုပ်/သင်ကြား) နှင့် ထိုင်းနိုင်ငံ Kasetsart University မှ Dr. Tanu Pinyopummintr, D.V.M., PhD (Associate Dean) (International Affairs) တို့ ဦးဆောင်ပြီး လယ်သစ်ကျေးရွာ၊ သစ်ရုံကျေးရွာ ၊ ဇီးပင်ကန် ကျေးရွာ၊ ထိန်ပန်းကျေးရွာ၊ လေးတန်းတပ် ကျေးရွာများတွင် ဆိတ်များ၊ နွားများ၊ ခွေးများအား ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်းအပြင် ပူပြင်းသောဒေသများဖြစ်သည့်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစေရေးအတွက်သစ်ပင်များကို ရွာများရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ ကျေးရွာပြည်သူများနှင့်အတူ စိုက်ပျိုးပေးခဲ့ကြသည်။ ထို့အပြင် ယဉ်ကျေးမှုဖလှယ်ခြင်းအနေဖြင့် ကျေးရွာများရှိ အခြေခံပညာကျောင်းများ၌ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ နှင့်အတူ ဂိမ်းကစားခြင်း ၊ တစ်လုည့်စီ ကပြခြင်းများပြုလုပ်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများကို ခဲတံ၊ စာအုပ်၊ ကွန်ပါဘူး စသည့် လက်ဆောင်များ ပေးအပ်ခဲ့ကြသည်။



ထို့အပြင် အရှေ့တောင်အာရှနှင့် အမေရိကန်၊ ကနေဒါ၊ ဂျပန်နိုင်ငံတို့မှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများသည် ညနေပိုင်းအားလပ်သည့် အချိန်တွင် ကျေးရွာများမှ နွားလှည်းများစီးရခြင်းကိုလည်း နှစ်သက်ပျော်ရွှင်လျက်ရှိကြသည်။

မြင်းခြံမြို့နယ်ရှိ ကျေးရွာများသို့ ရောက်ရှိလာသည့် အရှေ့တောင်အာရှနှင့် အမေရိကန် ၊ ကနေဒါ ၊ ဂျပန်နိုင်ငံတို့မှ တိရစ္ဆာန်ဆေးကုတက္ကသိုလ် ကျောင်းသားများသည် The ASEAN Veterinary Student Volunteer Project ဖြင့်လာရောက်ခြင်းဖြစ်သော်လည်း ဒေသခံပြည်သူများ၏ ဖော်ရွေမှု၊ ကျောင်းသားများမှ ဒေသခံများအား အသီးအနှံများ၊ ဆေးလိပ်လိပ်ခြင်းများကိုမသိ၍ မေးမြန်းလျှင်ပင် မြန်မာလူမျိုးတို့ ခလေ့စရိုက်အရ မေးလာသူတို့အား လက်ဆောင်ပေးခြင်းကိုလည်း အထူးအဆန်းဖြစ်ကာ ပျော်ရွှင်လျက်ရှိကြသည်ကိုသိရသည် ။

**ဇော်မင်းနိုင် (မြင်းခြံ)**

# ဘူးသီးတောင်၊ မောင်တောတွင် ဆရာမများနေရာ ဆရာများနှင့် အစားထိုးမည်

**မောင်တော ဇူလိုင် ၅**

ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့၌ တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြ ကျောင်းဆရာမများနေရာတွင် အမျိုးသားကျောင်းဆရာများဖြင့် အစားထိုးခန့်ထားရန် စီစဉ်နေပြီဖြစ် ကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

"ဒီလို ဆရာမတွေနေရာမှာ အမျိုးသားကျောင်းဆရာတွေနဲ့ အစားထိုးခန့်ထားရတဲ့အကြောင်းကတော့ အမျိုးသားတွေက သွားလာရခက်ခဲတဲ့နေရာတွေမှာလည်း တာဝန်ထမ်းဆောင်နိုင်တယ်။ ပြီးတော့ အမျိုးသမီးတွေလို စိုးရိမ်စရာလည်း မလိုဘူး။ ဒီအတွက် ဘူးသီးတောင်၊ မောင်တောမှာ တာဝန်ထမ်းဆောင်နေတဲ့ အလယ်တန်းပြ ဆရာမတွေကို အတွင်းဘက် မြို့နယ်တွေမှာ ပြောင်းရွှေ့ပေးမှာဖြစ်ပြီး သူတို့နေရာမှာ အမျိုးသားကျောင်းဆရာတွေနဲ့ မကြာမီ အစားထိုးသွားဖို့ စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ကြိမ်ချောင်းကျေးရွာ၌ ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။



ပြီးခဲ့သည့် ပညာသင်နှစ်က ဘူးသီးတောင်နှင့် မောင်တောမြို့တို့တွင် တာဝန်ထမ်းဆောင်နေသော မူလတန်းပြ ဆရာမများနေရာတွင် အမျိုးသားကျောင်းဆရာ ၅၄၁ ဦးနှင့် အစားထိုးခန့်နိုင်ခဲ့ကြောင်း၊ ဆရာမများအား အတွင်းဘက်ကျသော မြို့နယ်များသို့ ပြောင်းရွှေ့ခန့်ထားပေးခဲ့ကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

ထို့အတူ လာမည့်နှစ်တွင်လည်း အဆိုပါ မြို့နယ်နှစ်ခု၌ တာဝန်ထမ်းဆောင်နေသော အထက်တန်းပြ ဆရာမများနေရာတွင် အမျိုးသားကျောင်းဆရာများ အစားထိုးခန့်ထားရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ -သက္က**



**ထိုင်းနိုင်ငံ မဲဆောက်နယ်စပ်မှ နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် CB ဘဏ်မှ စားသောက်ကုန်များနှင့် အလှူငွေကျပ်သိန်း ၅၀ ကို ဇူလိုင် ၅ ရက်က မြဝတီမြို့အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရွှေ့ပြောင်းအလုပ်သမားရုံး ပြန်လည်ကြိုဆိုလက်ခံရေးကွပ်ကဲမှုစခန်း၌ ပေးအပ်လှူဒါန်းစဉ်**

တင်စိုး(မြန်မာ့အလင်း)

## ချင်းတွင်းမြစ်ရေ ကလေးဝမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၅**

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ ကလေးဝမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့် တာတမံခွန်ဥပဒေပြဋ္ဌာန်း

**၂၀၁၇ ခုနှစ်၊ ရေခွန်နှင့် တာတမံခွန်ဥပဒေပြဋ္ဌာန်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ် ၊ ဇူလိုင်လ ၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ ဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်ပန်းမန် စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေ ဟု သော်လည်းကောင်း သတ်မှတ်သည့်မြေများကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်။

(ခ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် ရေခွန်၊ တာတမံခွန်နှင့် အခြားနည်းဖြင့် အသုံးပြုသည့် ရေခွန်ရေခများကို ဆိုသည်။

(ဂ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **စည်းကြပ်** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို ကောက်ခံနိုင်ရန် စိစစ်ပြုစုဆောင်ရွက်ခြင်းကို ဆိုသည်။

(င) **ရေခွန်** ဆိုသည်မှာ ဤဥပဒေအရ ရေသုံးစွဲမှုအလိုက် သတ်မှတ်စည်းကြပ်ကောက်ခံသည့် အခွန်ကို ဆိုသည်။

(စ) **တာတမံခွန်** ဆိုသည်မှာ ဤဥပဒေအရ ရေဘေးကာကွယ်သည့် ဧရိယာတွင် သတ်မှတ်စည်းကြပ်ကောက်ခံသည့်အခွန်ကို ဆိုသည်။

(ဆ) **ဆည်ရေသောက်ဧရိယာ** ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထားသော ဆည်၊ ကန်၊ တူးမြောင်း၊ ရေတံခါး၊ ရေနုတ်မြောင်းတို့မှရေကို တစ်နည်းနည်းဖြင့် ရယူအသုံးပြုနိုင်သော မြေဧရိယာကို ဆိုသည်။

(ဇ) **ရေဘေးကာကွယ်သည့်ဧရိယာ** ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသော တာတမံ၊ ရေနုတ်မြောင်း၊ ရေတံခါးများဖြင့် ရေဘေးကာကွယ်ထားသော ဧရိယာကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က တည်ဆောက်ပေးထားသော ဆည်မြောင်းတာတမံများကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊

(ခ) ဆည်မြောင်း တာတမံများ၏ အကျိုးကျေးဇူးကို ပြည်သူများက တန်ဖိုးထားကြစေရန်၊

(ဂ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေမြေဒေသအလိုက် ရေသုံးစွဲမှု အခြေအနေအရပ်ရပ်တို့နှင့် ညီညွတ်မျှတသည့် အခွန်နှုန်းထားများ သတ်မှတ်ကောက်ခံ ဆောင်ရွက်နိုင်စေရန်။

**အခန်း (၃)**
**ရေခွန်နှင့် တာတမံခွန်နှုန်းများ သတ်မှတ်ခြင်း**

၄။ ဆည်ရေသောက်ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သည့် ဧရိယာအတွင်းရှိ လယ်ယာမြေများကို အခွန်စည်းကြပ်ကောက်ခံမည့်အဖွဲ့က ဘဏ္ဍာရေးနှစ်အလိုက် အောက်ပါအခွန်နှုန်းထားများနှင့်အညီ ကောက်ခံရမည်-

(က) သီးနှံတစ်ရာသီအတွက် ဆည်ရေသောက်ဧရိယာများတွင် -

(၁) စပါးသီးနှံအတွက် မြေပြုပြင်သည်မှ အောင်ရေအထိ ရေအပြည့်အဝရယူပါက တစ်ကေလျှင် နှစ်ထောင်ကျပ်နှုန်း၊

(၂) စပါးသီးနှံအတွက် မြေပြုပြင်သည်မှ အောင်ရေအထိ တစ်စိတ်တစ်ပိုင်းသာရယူပါက တစ်ကေလျှင် တစ်ထောင်ကျပ်နှုန်း၊

(၃) အခြားသီးနှံ စိုက်ပျိုးပါက တစ်ကေလျှင် တစ်ထောင်ကျပ်နှုန်း။

(ခ) ရေဘေးကာကွယ်သည့်ဧရိယာတွင် ဘဏ္ဍာနှစ် တစ်နှစ်အတွက် တစ်ကေလျှင် ငါးရာကျပ်နှုန်း၊

(ဂ) လယ်ယာမြေသည် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) နှစ်ရပ်လုံးနှင့် အကျုံးဝင်ပါက ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသည့်နှုန်း။

၅။ ဝန်ကြီးဌာနက ခွင့်ပြုထားသည့် ဆည်ရေသောက်ဧရိယာအတွင်း သို့မဟုတ် ပြင်ပရှိ အထွေထွေလုပ်ငန်းသုံး ဆည်ရေသုံးစွဲမှုအတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနသည် ရေခွန်ရေခနှုန်းများကို အောက်ပါအခွန်နှုန်းထားများနှင့် အညီ ကောက်ခံရမည်-

(က) အိမ်သုံးရေ၊ ဝန်ထမ်းအဖွဲ့အစည်းသုံးရေ၊ စည်ပင်သာယာရေး ကော်မတီနှင့်အဖွဲ့များသို့ ခွဲဝေပေးသည့်ရေအဖြစ် အသုံးပြုပါက ဂါလန်တစ်ထောင်လျှင် ငါးဆယ်ကျပ်နှုန်း၊

(ခ) စီးပွားရေးလုပ်ငန်း၊ စက်ရုံလုပ်ငန်းသုံးရေအဖြစ် အသုံးပြုပါက ဂါလန်တစ်ထောင်လျှင် သုံးရာကျပ်နှုန်း၊

(ဂ) ငါးမွေးမြူရေးကန်များအတွက် အသုံးပြုပါက တစ်ကေလျှင် တစ်သောင်းကျပ်နှုန်း။

၆။ လျှပ်စစ်ရေတင်လုပ်ငန်းများတွင် ရေတင်စိုက်ပျိုးသည့် သီးနှံအမျိုးအစားအလိုက် ရေတင်ခနှုန်းထားများကို အခွန်စည်းကြပ်ကောက်ခံမည့်အဖွဲ့က အောက်ပါအတိုင်းကောက်ခံရမည် -

(က) နွေစပါးသီးနှံ စိုက်ပျိုးခြင်းအတွက် ရေတင်ခ တစ်ကေလျှင် ကိုးထောင်ကျပ်နှုန်း၊

(ခ) မိုးစပါးသီးနှံစိုက်ပျိုးခြင်းအတွက် ရေတင်ခ တစ်ကေလျှင် ခြောက်ထောင်ကျပ်နှုန်း၊

(ဂ) အခြားသီးနှံစိုက်ပျိုးခြင်းအတွက် ရေတင်ခ တစ်ကေလျှင် သုံးထောင်ကျပ်နှုန်း။

**အခန်း (၄)**
**ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကို စိုက်ပျိုးရေးဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး သို့မဟုတ် နေပြည်တော်ကောင်စီဝင်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ခံများ၊ သက်ဆိုင်ရာဒေသ၏ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်စေပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ခံက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သော အများဆုံး ကိုးဦးပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး ခရိုင်အဆင့် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ခံများ၊ သက်ဆိုင်ရာဒေသ၏ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်စေပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တာဝန်ခံက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သော အများဆုံး ခုနစ်ဦးပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ဂ) မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့ကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ခံများ၊ သက်ဆိုင်ရာ ဒေသ၏ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်စေပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ခံက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သော အများဆုံး ခုနစ်ဦး ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ဒေသ၏ တောင်သူ လယ်သမားကိုယ်စားလှယ်များ ပါဝင်သော အများဆုံး ခုနစ်ဦးပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

၈။ ပုဒ်မ ၇၊ ပုဒ်မခွဲ (က)အရ ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ အတွင်း အခွန်လျာထားချက်ပြည့်မီအောင် စည်းကြပ်ကောက်ခံရေး အတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့နှင့် မြို့နယ် ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့တို့မှ ရေခွန် သို့မဟုတ် တာတမံခွန် စည်းကြပ်ထားသည့် လယ်ယာမြေများ၏ ရေသုံးစွဲမှုနှင့်ရေဘေးကာကွယ်မှုအခြေအနေများကို အခါအားလျော်စွာစိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြခြင်း၊

(ဂ) အခွန်စည်းကြပ်ကောက်ခံမှုအခြေအနေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ ရေရယူသုံးစွဲမှုဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲနိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် အစီအမံများချမှတ်၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၉။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)အရ ဖွဲ့စည်းထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များကို စစ်ဆေးကြီးကြပ်ခြင်း၊

(ခ) မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က တင်ပြသော အချက်အလက်များကို ထပ်ဆင့်စစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ)အရ မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က သဘောထားမှတ်ချက်များနှင့်အတူ တင်ပြလာသည့်အပေါ် စိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ ရေရယူသုံးစွဲမှုဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲနိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှကာကွယ်နိုင်ရန် အစီအမံများ ရေးဆွဲတင်ပြခြင်းနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၁၀။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းထားသည့် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က ပြုစုတင်ပြလာသည့် ရေခွန်နှင့် တာတမံခွန် စည်းကြပ်မှုစာရင်းကို စိစစ်အတည်ပြုပြီး အခွန်ပြေစာပြုစုနိုင်ရန်နှင့် အခွန်ကောက်ခံနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများသို့ ပေးပို့အကြောင်းကြားခြင်း၊

(ဂ) ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ဆည်ရေသုံးစွဲသည့်ဧရိယာ၊ ရေဘေးကာကွယ်သည့်ဧရိယာနှင့် စည်းကြပ်သည့်ဧရိယာစာရင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် စာရင်းပြုစုပြီး စိစစ်အတည်ပြုခြင်းနှင့် အဆင့်ဆင့်တင်ပြခြင်း၊

(ဃ) ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရာတွင် ရေရယူသုံးစွဲသည့်ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သည့် ဧရိယာနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လျှင် သက်ဆိုင်ရာ အခွန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်ကို ခေါ်ယူစစ်ဆေးခြင်း၊ လိုအပ်သော စာရွက်စာတမ်းများကို တင်ပြစေခြင်းနှင့် လိုအပ်ပါက မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးရန် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများကို တာဝန်ပေးအပ်ခြင်း၊

(င) လယ်ယာမြေတစ်ရပ်ရပ်အတွက် ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက် ဖြစ်စေ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်းနှင့် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးခြင်း ရှိ မရှိ၊ အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်း ရှိ မရှိနှင့် အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# အမေရိကန်လေကြောင်းလိုင်းများတွင် လက်တော့ပ်သယ်ဆောင်ခွင့်ပိတ်ပင်ထားခြင်းကိုဖယ်ရှား



**ဝါရှင်တန် ဇူလိုင် ၅**

အမေရိကန်ပြည်ထောင်စုတွင် ဒူဘိုင်းနှင့်အစ္စတန်ဘူလ်တို့မှ အမေရိကန်သို့ ဝင်ရောက်လာမည့် လေကြောင်းခရီးစဉ်များ၌ လက်တော့ပ်နှင့် အကြီးစားအီလက်ထရွန်နစ်ပစ္စည်းများ သယ်ဆောင်ခွင့်ပိတ်ပင်ထားမှုကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း အီမရိတ်နှင့်တူရကီလေကြောင်းလိုင်းများက ဗုဒ္ဓဟူးနေ့တွင်ပြောကြားခဲ့ကြောင်း သိရသည်။

အက်တီဟက်လေကြောင်း လိုင်းပိုင် အဘူဒါဘီနိုင်ငံတကာ လေဆိပ်၌ ချမှတ်ထားသည့် စည်းကမ်းများကို ဖယ်ရှားလိုက်ပြီးနောက် သုံးရက်အကြာတွင် ထိုသို့ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် လုံခြုံရေးစီမံချက်အသစ်များကို ပြီးခဲ့သည့် ရက်သတ္တပတ်ကကြေညာခဲ့ပြီးနောက် နိုင်ငံတကာခရီးသွားလာမှုဆိုင်ရာ ကမ္ဘာ့အလုပ်အများဆုံးလေဆိပ်ဖြစ်သည့် ဒူဘိုင်းနိုင်ငံတကာလေဆိပ်တွင် ပိတ်ပင်ထားမှုကို ဖယ်ရှားလိုက်ခြင်းဖြစ်ကြောင်း အီမရိတ်လေကြောင်း လိုင်းမှပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသ၏ အကြီးဆုံးလေကြောင်းလိုင်း ဖြစ်သည့် အီမရိတ်လေကြောင်း လိုင်းသည် အမေရိကန်ရှိ မြို့ကြီး ၁၂ မြို့သို့ ပျံသန်းလျက်ရှိပြီး အမေရိကန်သို့ပျံသန်းမည့် လေကြောင်းခရီးစဉ်များတွင် ဝယ်လိုအား ကျဆင်းသွားသည့်အတွက် သမ္မတထရန့်အစိုးရအဖွဲ့က ချမှတ်လိုက်သည့် စည်းမျဉ်းကန့်သတ်ချက်များအပေါ် မကျေမနပ်ဖြစ်ခဲ့သည်။

ဒူဘိုင်း၌ အခြေစိုက်ထားသည့် လေယာဉ်များသည် ပြီးခဲ့သည့် မေလမှစတင်ကာ အမေရိကန်မြို့ကြီး ငါးမြို့သို့ပျံသန်းနေသည့် ခရီးစဉ်များကို လျှော့ချခဲ့သည်။တူရကီလေကြောင်းလိုင်းက အမေရိကန်သို့ လေကြောင်းခရီးစဉ်သွားရောက်မည့် ခရီးသည်များအနေဖြင့် ယခုအခါ လက်တော့ပ်များကို သယ်ဆောင်နိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

(ရိုက်တာ)



# ဂျပန်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လူပေါင်းလေးသိန်းဘေးလွတ်ရာသို့ပြောင်းရွှေ့

**တိုကျို ဇူလိုင် ၅**

ဂျပန်နိုင်ငံ တောင်ပိုင်းတွင် ဇူလိုင် ၅ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ချောင်းများ ရေလျှံမှုကြောင့် လူပေါင်းလေးသိန်းနီးပါး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း အင်န်အိတ်ချ်ကေသတင်းတွင်ဖော်ပြခဲ့သည်။

မြစ်ချောင်းများရေလျှံမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း အစိုးရအဖွဲ့အကြီးအကဲ ဆူဂါကပြောခဲ့သည်။ ထို့အပြင် ပျက်စီးမှုအတော်များများလည်းဖြစ်ပွားခဲ့ကြောင်း၊ ဝန်ကြီးချုပ်ရှင်ဆိုအာဘေးကလည်း ယခုကိစ္စတွင် သက်ဆိုင်ရာတာဝန်ရှိသူများအား အမြဲတမ်းအဆင်သင့်ဖြစ်နေစေရန်မှာကြားထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံ ဖူကူအိုကာစီရင်စုတွင် မြင့်တက်လာသောမြစ်ရေသည် အိမ်များကို ဖိုးလွှမ်းသွားမည့်အခြေအနေရှိသောကြောင့် အဆိုပါဒေသတွင် နေထိုင်သူ ၃၇၅၀၀၀ အား နေအိမ်များကို ထားခဲ့ကာ ကယ်ဆယ်ရေးဌာနများတွင် သွားရောက်နေထိုင်ရန် တိုက်တွန်းထားကြောင်း သိရသည်။ အိမ်နီးချင်း အိုင်တာစီရင်စုတွင်လည်း လူပေါင်း ၂၁၀၀၀ကျော် နေအိမ်များကို ထားခဲ့ရန် တိုက်တွန်းထားကြောင်း သိရသည်။

အိမ်များစွန့်ခွာလာသူများအနေဖြင့် ကုန်းမြင့်ရှိ ကယ်ဆယ်ရေးစခန်းများ၊ ကျောင်းများနှင့် အစိုးရအဆောက်အအုံများတွင် နေထိုင်ရန် တိုက်တွန်းထားကြောင်း သိရသည်။ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကလည်း အဆိုပါ စီရင်စုနှစ်ခုစလုံးတွင် ကူညီရန် လုပ်ဆောင်နေကြောင်း သိရသည်။

ဂျပန်နိုင်ငံ တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုသည် ဇူလိုင် ၆ ရက်အထိ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းထားကြသည်။ (ရိုက်တာ)

## ဗင်နီဇွဲလားတွင် လေယာဉ်တစ်စင်းပျက်ကျ

**ကာရာကတ်စ် ဇူလိုင် ၅**

ဗင်နီဇွဲလားနိုင်ငံတွင် ယမန်နေ့က လေယာဉ်ငယ်တစ်စင်း ပျက်ကျသွားခဲ့ပြီး လူများ ပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်းအေဂျင်စီတွင် ဖော်ပြသည်။ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း လေယာဉ်ပေါ်ပါ လူကိုးဦးကို မတွေ့ရှိသေးကြောင်း သိရသည်။

ကာရာကက်စ်မှ မာဂရီတာကျွန်းသို့ ပျံသန်းထွက်ခွာခဲ့သည့် လေယာဉ်ငယ်တစ်စင်းသည် ပျံသန်းနေစဉ်အတွင်း စက်ချွတ်ယွင်းမှုဖြစ်ပွားကာ မာဂရီတာကျွန်းအနီး ပင်လယ်ထဲသို့ ပျက်ကျသွားခဲ့ကြောင်း ဗင်နီဇွဲလားနိုင်ငံ ပြည်ထဲရေးဝန်ကြီး နက်စ်တိုရီဗီရိုက အတည်ပြုပြောကြားခဲ့သည်။ ပျက်ကျလေယာဉ်ပေါ်တွင် ဝန်ထမ်းနှစ်ဦးနှင့်ခရီးသည် ခုနစ်ဦး လိုက်ပါသွားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

# မိုဆူးလ်မြို့ကို နှစ်ရက်အတွင်း အပြီးသိမ်းပိုက်ပြီး အိုင်အက်စ်တို့အား ချေမှုန်းမည်

**မိုဆူးလ် ဇူလိုင် ၅**

အီရတ်နိုင်ငံ မိုဆူးလ်မြို့ကို နှစ်ရက်အတွင်း အပြီးသိမ်းပိုက်မည်ဖြစ်ကြောင်း အီရတ်အစိုးရတပ်ဖွဲ့က မကြာသေးမီတွင် ထုတ်ပြန်ကြေညာလိုက်သည်။

မိုဆူးလ်မြို့ကို အပြီးသိမ်းပိုက်ရန် နောက်ဆုံးရက်သတ်မှတ်ချက်သည် ဇူလိုင်လ ၆ ရက်နေ့ဖြစ်ကြောင်း အီရတ်နိုင်ငံ နီနီဗာဟ်ပြည်နယ် စစ်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။ မိုဆူးလ်မြို့ကို သိမ်းပိုက်ရာတွင် လက်ရှိအချိန်၌ မြို့ဟောင်းရှိ မိုင်ဒန်ဒေသတစ်မြို့သာကျန်ရှိနေသဖြင့် ယင်းမြို့အား သိမ်းပိုက်ပြီးပါက မိုဆူးလ်တစ်မြို့လုံးသိမ်းပိုက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အီရတ်တပ်ဖွဲ့အနေဖြင့် မိုဆူးလ်မြို့အား တိုက်ခိုက်သိမ်းပိုက်ပြီးပါက နီနီဗာဟ်ပြည်နယ်ရှိ အိုင်အက်စ်အကြမ်းဖက်အစွန်းရောက်အဖွဲ့အစည်း၏ နောက်ဆုံးစခန်းကို ချီတက်တိုက်ခိုက်မည်ဖြစ်ကြောင်း သိရသည်။

အီရတ်တပ်ဖွဲ့က စစ်ကြောင်းသုံးကြောင်းဖြင့် ဇွန် ၁၈ ရက်က စတင်တိုက်ခိုက်ခဲ့သော မိုဆူးလ်မြို့တိုက်ပွဲသည် ပြီးဆုံးရန် အချိန်သို့ရောက်လာပြီဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၄၀၀ ခန့်အကွာရှိ မိုဆူးလ်မြို့သည် ၂၀၁၄ခုနှစ် ဇွန်လတွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့၏ သိမ်းပိုက်မှုကို ခံခဲ့ရသည်။ ထို့ကြောင့် အီရတ်တပ်ဖွဲ့အနေဖြင့် မိုဆူးလ်မြို့ ပြန်လည်ရရှိရေး ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစကာ ထိုးစစ်များဆင်နွှဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)




# ဆန်းသစ်ထားသည့်တိုက်ချင်းပစ်ဒုံးကျည်များက နျူကလီးယားဒုံးကျည်ထိပ်ဖူးကို သယ်ဆောင်နိုင်ကြောင်း မြောက်ကိုရီးယားပြောကြား



**ပြုံယမ်း ဇူလိုင် ၅**

နည်းပညာ အဆင့်မြှင့်တင်ထားသည့် မြောက်ကိုရီးယား၏ တိုက်ချင်းပစ်ဒုံးကျည်များသည် ကြီးမားသည့်နျူကလီးယားဒုံးကျည်ထိပ်ဖူးကို သယ်ဆောင်နိုင်ကြောင်း မြောက်ကိုရီးယားက ဗုဒ္ဓဟူးနေ့တွင်ပြောကြားခဲ့ကြောင်း သိရသည်။

အင်္ဂါနေ့တွင် စမ်းသပ်ပစ်လွှတ်ခဲ့သည့် တိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်ပြည်ထောင်စု အလက်စကာပြည်နယ်အထိသာမက အမေရိကန်၏ ကုန်းမြေပေါ်ရှိ နေရာအစိတ်အပိုင်းများအထိ ရောက်ရှိနိုင်သည်ဟု ကျွမ်းကျင်ပညာရှင်များက ကောက်ချက်ချခဲ့ကြကြောင်း အမေရိကန်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်က အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့အကြိုနေ့တွင် မြောက်ကိုရီးယားက တိုက်ချင်းပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်လိုက်ခြင်းက အမေရိကန်ပြည်ထောင်စုနှင့် ၎င်းမဟာမိတ်နိုင်ငံများကို နောက်ထပ်စိန်ခေါ်မှုအသစ်တစ်ခုလုပ်ဆောင်လိုက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုနှင့်ပတ်သက်၍ ပိုမိုတင်းကျပ်သည့်အရေးယူဆောင်ရွက်မှုများကို ပြုလုပ်သွားရန် ရက်စ်တေလာဆန်က အလေးအနက် ပြောကြားခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခဲ့မှုက အက်တမ်ဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးနှင့် ICBM အပါအဝင် မြောက်ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာ ကျသည့် လက်နက်များ၏ စွမ်းဆောင်ရည်ပြည့်မြောက်သွားခြင်းကို ပြသနိုင်ခဲ့ကြောင်း နိုင်ငံပိုင်ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

(ရိုက်တာ)

# ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီက ထိတွေ့မှုနှင့် တိုင်ကြားမှုများကို စုံစမ်းစိစစ်အတည်ပြုနိုင်ရန် ရှမ်းပြည်နယ် မိုင်းပြင်သို့ စိစစ်အတည်ပြုရေးအဖွဲ့များ စေလွှတ်မည်

ရန်ကုန် ဇူလိုင် ၅

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ (၁၁)ကြိမ်မြောက် အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးတွင် ဆက်လက်ကျင်းပခဲ့သည်။**



ယနေ့ပြုလုပ်သည့် JMC တတိယနေ့ အစည်းအဝေးကျင်းပစဉ်

ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာပြုလုပ်သည့် အစည်းအဝေးတွင် တိုင်ကြားမှုများနှင့် ဖြစ်ပွားရသည့် အကြောင်းရင်းကို သိရှိနိုင်ရန်အတွက် စိစစ်အတည်ပြုရေး အဖွဲ့ ဖွဲ့စည်းခြင်း (Verification Team) နှင့် စေလွှတ်ရန် ကိစ္စများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီ (JMC) ၏ လုပ်ထုံးလုပ်နည်း (SOP) နှင့် ပတ်သက်သည့်ကိစ္စများအတည်ပြုခြင်း၊ JMC နှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ရမည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ရာတွင် ဆောင်ရွက်ကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်၊ ပစ်ခတ်တိုက်ခိုက် မှုကို ထိန်းသိမ်းနိုင်မည့် အလုပ်ရုံဆွေးနွေးပွဲများကို သက်ဆိုင်ရာအလိုက် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့များက ဆောင်ရွက်ရန်တို့ကို ဆွေးနွေးနိုင်ခဲ့သည်။

ထို့ပြင် ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L ) ဆက်လက်ဖွဲ့စည်း ရန်၊ နည်းပညာအထောက်အကူပြု (JMC –TSC) ၏ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူးအသစ်ရွေးချယ်ခြင်း၊ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ ပဋိပက္ခဒဏ်ခံစားရ သူများ၊ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည် များနှင့်ပတ်သက်၍ JMC က လုပ်ဆောင်ရမည့် လုပ်ထုံး လုပ်နည်းများ (မူကြမ်း) အဖြစ် ပြုစုခြင်းတို့ကိုလည်း ဆွေးနွေး နိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲအပြီး ညနေ ၆ နာရီတွင် JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရုန်နှင့် JMC နည်းပညာအထောက်အကူပြု (JMC-TSC) ဒုတိယအလုပ် အမှုဆောင်ညွှန်ကြားရေးမှူး ဒေါ်ဆိုင်းပန်တို့က ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား JMC-U သုံးရက်တာ အစည်းအဝေး နှင့်ပတ်သက်၍ ရှင်းပြခဲ့ပြီး သတင်းမီဒီယာများက သိရှိလိုသည် များကို မေးမြန်းခဲ့သည်။

စိစစ်အတည်ပြုရေးအဖွဲ့ ဖွဲ့စည်းခြင်း (Verification Team) နှင့် စေလွှတ်ရန်ကိစ္စများအတွက် ဒေါက်တာရွှေခါးရုန်က "စိစစ်အတည်ပြုရေးအဖွဲ့တွေကို စက်တင်ဘာလမတိုင်မီ မှာ လုပ်ဆောင်မှာပါ။ ရှမ်းပြည်မှာဆို ဖြစ်စဉ်နှစ်ခုအတွက် Verification Team လွှတ်ဖို့ သဘောတူထားတယ်။ ပထမဖြစ်စဉ်က မိုင်းပြင်မြို့နယ်မှာ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် ဦးမြင့်အောင် အသတ်ခံရတာနဲ့ ပတ်သက်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး စိစစ်အတည်ပြုရေးအဖွဲ့က သွားရောက်စစ်ဆေး အတည်ပြုမှုလုပ်ရမယ်။ နောက်တစ်ခုက မိုင်းပြင်မှာပဲ ဇွန် ၁၇ ရက်က RCSS နဲ့ တပ်မတော်ကြား ထိတွေ့မှု နှစ်ကြိမ်ဖြစ်တယ်။ အဲ့ဒီဖြစ်စဉ်အတွက်လည်း Verification Team သွားမယ်။ စက်တင်ဘာလလောက်သွားမယ်။ ဒါကို ရှမ်းပြည်နယ် JMC-S က လုပ်ရမှာပါ" ဟု ပြောသည်။

ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L ) ကို ရှမ်းပြည်နယ် လင်းခေးတွင် ဖွဲ့စည်းခဲ့ပြီးနောက် လာမည့် ဩဂုတ်လမတိုင်မီ ကရင်ပြည်နယ် ဖာပွန်နှင့် ဘောကလီတို့တွင် JMC-L ကို ဆက်လက်ဖွဲ့စည်းနိုင်ရန် သတ်မှတ်ထားပြီးဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ၏ လုပ်ထုံးလုပ်နည်း (SOP) နှင့် ပတ်သက်သည့်ကိစ္စများ အတည်ပြုခြင်းနှင့်ပတ်သက်၍ ဒေါက်တာရွှေခါးရုန်က "ပထမက လုပ်ထုံးလုပ်နည်း (SOP) နဲ့ပတ်သက်ပြီး နှစ်ခုရေးဆွဲထားတာ အတည်ပြုနိုင်ပါတယ်။ JMC Support Platform လို့ခေါ်တဲ့ JMC ကို နိုင်ငံတကာနဲ့ ပြည်တွင်းက အကူအညီတွေ ဘယ်လိုနည်းနဲ့ ကူညီမလဲ။ ဘယ်လိုနည်းနဲ့ ဆက်ဆံကြမလဲဆိုတဲ့ လုပ်ထုံးလုပ်နည်းကို အတည်ပြုနိုင်ပါတယ်။ နောက်တစ်ခုက JMC နဲ့ ပူးပေါင်း ပါဝင်ဆောင်ရွက်ရမယ့် အဖွဲ့အစည်းတွေနဲ့ ဘယ်လို ပူးပေါင်း ဆောင်ရွက်မှုတွေလုပ်မလဲ၊ ဆက်သွယ်ရာမှာ ဆောင်ရွက် ကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်ကို အတည်ပြုနိုင်ပါတယ်" ဟု ပြောသည်။

ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ ပဋိပက္ခ ဒဏ်ခံစားရသူများ၊ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များနှင့်ပတ်သက်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) က လုပ်ဆောင်ရမည့်လုပ်ထုံးလုပ်နည်းများ (မူကြမ်း)နှင့် ပတ်သက်၍ ဒုတိယအလုပ်အမှုဆောင်ညွှန်ကြားရေးမှူး ဒေါ်ဆိုင်းပန်က "IDPs အတွက် ဒီတစ်ခေါက် လုပ်ထုံးလုပ်နည်း (SOP) မှာ ဆွေးနွေးပြီး မူကြမ်းအဖြစ်တင်ပြခဲ့တာ ရှိပါတယ်။ ဒါကြောင့် JMC မှာရှိတဲ့ သုံးဖက်လုံးက ဆွေးနွေးတာက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ လေ့လာမယ်။ ပြီးတော့မှ JMC က မူဝါဒချထားတဲ့ (Joint-Coordination) ပူးတွဲဆောင်ရွက်မယ့်အဖွဲ့တွေက ဘာလုပ်မလဲ။ နောက်ထပ် အစည်းအဝေးတွေမှာ ဆွေးနွေးမယ်ဆိုတာ ဖြစ်ပါတယ်" ဟု ပြောသည်။

ဩဂုတ် ၁ ရက်ကစတင်၍ JMC နည်းပညာ အထောက် အကူပြု၊ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူးအသစ်အဖြစ် ဦးအောင်နိုင်ဦးက တာဝန်ယူမည်ဖြစ်ပြီး ယခင် ညွှန်ကြားရေးမှူး အဖြစ် တာဝန်ယူထားသူ ဒေါက်တာမင်းဇော်ဦးသည် တာဝန်မှ အနားယူမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ကုလသမဂ္ဂအဖွဲ့၏ Technical Needs Assessment (TNA) အဖွဲ့သည် JMC ကိစ္စရပ်များအား မြန်မာနိုင်ငံတွင် လာရောက်လေ့လာသုံးသပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး တောင်ငူ၊ မွန်ပြည်နယ် မော်လမြိုင်နှင့် ကရင်ပြည်နယ် ဘားအံမြို့တို့သို့ သွားရောက်၍ JMC –S ကော်မတီဝင်များ၊ အခြားအဖွဲ့ အစည်းများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါအဖွဲ့ သွားရောက်ရာတွင် တွေ့ရှိရသည့် ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ အသေးစိတ်အချက်အလက်များကို စက်တင်ဘာလတွင် ပြုလုပ်မည့် (၁၂) ကြိမ်မြောက် JMC-U အစည်းအဝေးတွင် ထုတ်ပြန်ချက်ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

## ငြိမ်းချမ်းရေးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**ဘီးလင်း ဇူလိုင် ၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာအုပ်စု MAX ရော်ဘာခြံကွင်း၌ ငြိမ်းချမ်းရေးကိုအခြေခံ၍ ဒေသတွင်း တိုင်းရင်းသားလူငယ်များ ဘောလုံးအားကစားတွင် ထူးချွန်သော လူငယ်များ ပေါ်ထွက်လာစေရန်အတွက် ၂၀၁၇ ခုနှစ် KNU တပ်မဟာ(၁)မှ ဦးစီးကျင်းပသော ငြိမ်းချမ်းရေး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၅ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည် ။

အဆိုပါ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရွှေရောင်ပြ F.C အသင်းနှင့် သုဝဏ္ဏဝတီ F.C အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွှေရောင်ပြ F.C အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး ငြိမ်းချမ်းရေးဖလားကို သထုံခရိုင်ရဲမှူးကြီး ဒုတိယရဲမှူးကြီး ကျော်ထွေးနှင့် KNU တပ်မဟာ(၁)မှ ဗိုလ်မှူးကြီး စောပလေ့တို့က ဖလားနှင့် ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲကို ဇွန်လလယ်မှ စတင်၍ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ကြပြီး အနီးပတ်ဝန်းကျင်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခွန် (ဝင်းပ)

## မောင်တောမြို့နယ်၌ တရားမဝင်လာရောက်နေထိုင်သူတစ်ဦး အသတ်ခံရ

**နေပြည်တော် ဇူလိုင် ၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇော်မတက်ကျေးရွာ၌ ယနေ့ နံနက်ပိုင်းတွင် လူငါးဦးခန့်က ဓားဖြင့်ဝိုင်းခုတ်သဖြင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ဇော်မတက်ကျေးရွာ၌ တရားမဝင် လာရောက်နေထိုင်သူ မူစတာအာမတ်အား ယနေ့ နံနက် ၄ နာရီခန့်တွင် ဇော်မတက်ရွာ၏ တောင်ဘက်လယ်ကွင်း၌ လူငါးဦးခန့်က ဓားဖြင့်ဝိုင်းခုတ်သဖြင့် လည်ပင်း၊ ကျောပြင်နှင့် ယာခြေသလုံးတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး မောင်တောဆေးရုံသို့ ပို့ဆောင်၍ ကုသမှုခံယူစဉ် နံနက် ၈ နာရီခွဲခန့်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူ မူစတာအာမတ်သည် ၂၀၀၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မှတစ်ဆင့် ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်စဉ် အဖမ်းခံခဲ့ရပြီး ၂၀၁၃ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်ပို့ခံခဲ့ရသူဖြစ်ကြောင်း၊ ၎င်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်ပြီး မောင်တောမြို့နယ် သရေကုန်းတန်းကျေးရွာရှိ ဇနီးဖြစ်သူထံ တရားမဝင် လာရောက်နေထိုင်စဉ် အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသားတန် ၂၀ ကျော်သိမ်းဆည်းရမိ

**ကောလင်း ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်နှင့် ဝန်းသိုမြို့နယ် ပြင်တဲကြိုးဝိုင်းအတွင်းတို့မှ တရားမဝင် ကျွန်းသစ်လုံးများနှင့် ကျွန်းခွဲသားများကို ဇူလိုင် ၃ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကသာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသောင်းနိုင် ဦးဆောင်သော သစ်တော ဝန်ထမ်းများသည် ကောလင်းမြို့နယ် ဒိုးပင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားသွားယာဉ်များအား စစ်ဆေးနေစဉ် အောင်မောင်း မောင်းနှင်လာသောယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသား ၂၂၂ ချောင်းတွေ့ရှိခဲ့ပြီး အဆိုပါ သစ်များ သယ်ယူလာသည့်လမ်းကြောင်းဖြစ်သော ဝန်းသိုမြို့နယ် ပြင်တဲကြိုးဝိုင်းတွင် ထပ်မံရှာဖွေခဲ့ရာ တရားမဝင်သစ်ခွဲစက် သုံးနေရာမှ အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ကျွန်း သစ်လုံးနှင့် ကျွန်းခွဲသားတန် ၂၀ ကျော် ရှာဖွေဖမ်းဆီးရမိ ခဲ့သဖြင့် အောင်မောင်း ဒိုးပင်ကျေးရွာ ကောလင်းမြို့နယ် နေသူအား ရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင် (ကသာ)**

## ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ) ဦးမြအောင်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက်နှင့် တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာနေ နစ်နာသူတို့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိပြီးဖြစ်သည့် မြေများ ရောင်းဝယ်ရာတွင် ငွေကြေးပေးခဲ့ရခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့ ပေးပို့တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ) ဦးမြအောင်သည် လယ်ယာမြေ ၉ ဒသမ ၆၁ ဧကအတွက် ငွေကျပ် ၁၉ သိန်း တောင်းခံရယူခဲ့ကြောင်းနှင့် လယ်ယာမြေအရောင်းအဝယ် စာချုပ်ချုပ်ဆိုရာတွင် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၈ သိန်းရယူပြီး သက်သေအဖြစ် လက်မှတ် ရေးထိုးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ဇူလိုင် ၅ ရက်က တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်း ရရှိသည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၅** - မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မောင်တောမြို့တွင် ၈ ဒသမ ၅၀လက်မ၊ အမ်းမြို့တွင် ၇ ဒသမ ၄၀လက်မ၊စစ်တွေမြို့တွင် ၆ ဒသမ ၃၀လက်မ၊ ကျောက်တော်မြို့တွင် ၄ ဒသမ ၈၈ လက်မ၊ တောင်ကုတ်မြို့တွင် ၄ ဒသမ ၆၉ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၅၆ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ပဲခူးမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ဇလွန်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ ညောင်တုန်းမြို့တွင် ၃ ဒသမ ၀၅ လက်မ တို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၉၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၉၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာ အခမ်းအနားကို ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်၊ ဇူလိုင် ၄ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပရာ နေပြည်တော် တပ်ကုန်းမြို့နယ် မဟာသီဟနာဒကျောင်းတိုက် တိုက်အုပ်ဆရာတော် သာသနဓဇ ဓမ္မာစရိယဆရာတော် ဘဒ္ဒန္တဝရဉာဏနှင့် သံဃာတော် ၁၈ ပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားသို့ စေတီတော်ဂေါပကအဖွဲ့၏ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများနှင့် တပ်နယ်ဝတ်အသင်း ၂၀၀ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၉၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်မှ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)အထိ ဇူလိုင် ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဝါဆိုလပြည့်နေ့တွင် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအား တစ်ပါတည်းကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သီဟန်သိန်း (အေးချမ်းမြေ)**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
UNFPA

ကမ္ဘာ့လူဦးရေနေ့

"တိုင်းပြည်သာယာဖွံ့ဖြိုးဖို့ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်လို့ မိသားစုစီမံကိန်းချမှတ်စို့"

"Family Planning: Empowering People, Developing Nations"

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

# နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် အတွင်းဝန်ရုံးကို ပြည်သူများလေ့လာနိုင်ရန် ဖွင့်လှစ်ပြသမည်

ရန်ကုန် ဇူလိုင် ၅

**နှစ် (၇၀) ပြည့် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးရာ ရန်ကုန်မြို့ အတွင်းဝန်ရုံးရှိ ကက်ဘိနက်ဝန်ကြီးများ အစည်းအဝေးခန်းမအပြင် တိုင်းပြုပြည်ပြုလွှတ်တော်ရုံး(ပါလီမန်အဆောက်အအုံ)တို့ကို အများပြည်သူများ လေ့လာခွင့်ရရှိရန် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**



ကက်ဘိနက်ဝန်ကြီးများ အစည်းအဝေးခန်းမကို ၁၉၀၅ ခုနှစ်မှစ၍ အုပ်ချုပ်ရေးစီမံရေးရာများအတွက် အသုံးပြုခဲ့သည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းရုံးထိုင်ရာ ရုံးခန်းလည်းဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးရာနေရာလည်းဖြစ်သည်။

အလားတူ ပါလီမန်အဆောက်အအုံသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလွှတ်တော် မူလကနဦးနေရာဖြစ်ပြီး ထိုနေရာတွင် မြန်မာနိုင်ငံ၏လွှတ်တော်ကို ၁၉၃၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာ အရင်နှစ်တွေထက် ထူးခြားတဲ့ လုပ်ဆောင်မှုတွေပြုလုပ်ဖို့ အစီအစဉ်ရှိပါတယ်။ အတွင်းဝန်ရုံး အနောက်ဘက်ဆောင်မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တဲ့ ကက်ဘိနက်ဝန်ကြီးများ အစည်းအဝေးခန်းမကို ပြသသွားမှာဖြစ်ပါတယ်။ အမျိုးသားပြတိုက်မှာ ထိန်းသိမ်းထားတဲ့ မူရင်းပရိဘောဂတွေ ခေတ္တငှားရမ်းပြီး ပထမဆုံးအကြိမ်အဖြစ် ပြသသွားမှာဖြစ်ပါတယ်"ဟု အတွင်းဝန်ရုံး ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒေါ်မေသန္တာဝင်းက ပြောသည်။

ထို့အပြင် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အာဇာနည်နေ့ ပန်းချီအနုပညာပြပွဲနှင့် အာဇာနည်များအတွက် အမျှအတန်းပေးဝေမည့် အစီအစဉ်များလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ကျောင်းသား ကျောင်းသူများ၏ ပန်းချီလက်ရာများကို မေလလယ်က ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲဝင် ပန်းချီလက်ရာ ၂၇၀ ကျော်အနက် ပန်းချီလက်ရာ ၄၀ ကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီတွင် ဆရာတော် ဦးသုန္ဒရ (စွန်းလွန်းဂူ) ဦးဆောင်၍ အာဇာနည်များအတွက် အမျှအတန်းပေးဝေမည့် အစီအစဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အတွင်းဝန်ရုံး၏ ဖေ့စ်ဘုတ်စာမျက်နှာဖြစ်သော www.facebook. com/ thesecretariatyangon/ တွင် အတွင်းဝန်ရုံးထိန်းသိမ်းရေး လုပ်ဆောင်ချက်များ တိုးတက်မှုအခြေအနေများကို လေ့လာနိုင်မည်ဖြစ်ကာ အာဇာနည်နေ့တွင်ပြုလုပ်သည့် အစီအစဉ်များကို အဆိုပါ ဖေ့စ်ဘုတ်စာမျက်နှာမှတစ်ဆင့် တိုက်ရိုက်လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မြတ်စန္ဒီ၊ ဓာတ်ပုံ - ဇော်မင်းလတ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အငယ်တန်းအင်ဂျင်နီယာ-၃နှင့် အငယ်တန်းအင်ဂျင်နီယာ-၄ ရာထူးနေရာများအတွက် ရေး/ဖြေ စာမေးပွဲအောင်မြင်သူများ စာရင်းထုတ်ပြန်ခြင်းနှင့် လူတွေ့စစ်ဆေးမည့်ရက် ကြေညာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၄-၃-၂၀၁၇ ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့်အငယ်တန်းအင်ဂျင်နီယာ-၃နှင့် အငယ်တန်းအင်ဂျင်နီယာ-၄ရာထူးနေရာများအတွက် ရေး/ဖြေ စာမေးပွဲအောင်မြင်သူ(၁၂၃) ဦးစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

**ခုံအမှတ် (အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူးနေရာအတွက်)**

နစအ(၃)-၅၀၊ ၆၆၊ ၇၁၊ ၁၁၆၊ ၂၅၄၊ ၃၀၁၊ ၃၄၇၊ ၄၂၉၊ ၄၇၆၊ ၄၈၂၊ ၄၉၃၊ ၄၉၆၊ ၅၀၄၊ ၅၄၀၊ ၅၄၈၊ ၅၄၉၊ ၅၅၃၊ ၅၆၆၊ ၆၂၄၊ ၆၉၄၊ ၇၅၆၊ ၇၆၀၊ ၈၃၅၊ ၈၅၈၊ ၉၈၆၊ ၉၉၉၊ ၁၀၂၆၊ ၁၀၂၇၊ ၁၀၂၉၊ ၁၀၅၃၊ ၁၀၆၁၊ ၁၀၆၄၊ ၁၁၂၂၊ ၁၁၃၄၊ ၁၁၅၈၊ ၁၁၇၆၊ ၁၂၀၁၊ ၁၂၂၁၊ ၁၂၂၅၊ ၁၂၅၂၊ ၁၃၄၀၊ ၁၃၅၀၊ ၁၄၁၂၊ ၁၄၃၃၊ ၁၄၄၂၊ ၁၄၄၇၊ ၁၄၇၂၊ ၁၅၃၅၊ ၁၅၅၁၊ ၁၆၅၈၊ ၁၇၄၇၊ ၁၇၉၅၊ ၁၈၁၅၊ ၁၈၁၇၊ ၁၈၃၂၊ ၁၈၅၃၊ ၁၈၆၈၊ ၁၈၉၈၊ ၁၉၀၅၊ ၁၉၂၃၊ ၁၉၃၁၊ ၁၉၅၇၊ ၁၉၅၈၊ ၁၉၇၈၊ ၁၉၈၃၊ ၁၉၈၇၊ ၂၀၀၄၊ ၂၀၃၄

**ခုံအမှတ်(အငယ်တန်းအင်ဂျင်နီယာ-၄ ရာထူးနေရာအတွက်)**

နစအ(၄)-၁၊ ၄၊ ၈၊ ၉၊ ၁၃၊ ၂၁၊ ၂၂၊ ၂၅၊ ၂၈၊ ၂၉၊ ၃၁၊ ၃၂၊ ၃၄၊ ၃၅၊ ၃၇၊ ၃၈၊ ၄၀၊ ၄၄၊ ၄၅၊ ၄၆၊ ၅၃၊ ၅၄၊ ၆၀၊ ၆၁၊ ၆၅၊ ၆၆၊ ၇၁၊ ၇၇၊ ၇၈၊ ၈၂၊ ၈၄၊ ၈၅၊ ၈၉၊ ၉၁၊ ၉၂၊ ၉၃၊ ၁၀၅၊ ၁၁၈၊ ၁၂၁၊ ၁၂၅၊ ၁၂၉၊ ၁၃၉၊ ၁၄၂၊ ၁၄၅၊ ၁၄၆၊ ၁၄၈၊ ၁၅၇၊ ၁၅၈၊ ၁၆၁၊ ၁၆၂၊ ၁၈၂၊ ၁၈၃၊ ၁၈၄၊ ၁၈၈၊ ၁၉၁

၂။ အထက်ဖော်ပြပါ ရေးဖြေစာမေးပွဲအောင်မြင်သူများအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ(နေပြည်တော်)၌ အောက်ပါနေ့ရက်များအတိုင်း နံနက် ၉နာရီမှစ၍ လူတွေ့စစ်ဆေးသွားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမှုခံယူရန်အတွက် ယှဉ်တွဲပါနေ့ရက်များတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန(ဝန်ထမ်း)သို့ ရုံးချိန်အတွင်း လာရောက်သတင်းပို့ရမည် ဖြစ်ပါသည်-

(က) **အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူးအတွက်**
- (၁) သတင်းပို့ရမည့်ရက် - ၂၄-၇-၂၀၁၇ရက် (တနင်္လာနေ့)
- (၂) လူတွေ့စစ်ဆေးမည့်ရက် - ၂၅-၇-၂၀၁၇ရက်(အင်္ဂါနေ့)

(ခ) **အငယ်တန်းအင်ဂျင်နီယာ-၄ရာထူးအတွက်**
- (၁) သတင်းပို့ရမည့်နေ့ရက် - ၂၆-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)
- (၂) လူတွေ့စစ်ဆေးမည့်ရက် - ၂၇-၇-၂၀၁၇ရက် (ကြာသပတေးနေ့)

၃။ လူတွေ့စစ်ဆေးမှုခံယူရန်အတွက် လာရောက်သတင်းပို့စဉ်အောက်ပါ စာရွက်စာတမ်းများ တစ်ပါတည်းယူဆောင်လာ၍ သတင်းပို့ရန်နှင့် စာရွက်စာတမ်း ပြည့်စုံမှုမရှိသူများအား လူတွေ့စစ်ဆေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်-
- (က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)
- (ခ) ဘွဲ့လက်မှတ်(မူရင်း)
- (ဂ) အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)
- (ဃ) လေဘာကတ်(မူရင်း)

၄။ အသေးစိတ်သိရှိလိုပါက နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန (ဝန်ထမ်း)ဖုန်း-၀၆၇-၄၃၂၃၄၀သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏website ဖြစ်သော WWW.nptdc.gov.mmတွင်လည်း ဖော်ပြထားပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၈ စီး၊ သွင်းကုန် ၅၆၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်၄၃ စီး၊ သွင်းကုန် ၁၂၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။




**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော "Nakita" EVD Player၊ တရုတ်နိုင်ငံလုပ် မုန့်မျိုးစုံ၊ ဖဲထုပ်များနှင့် သယ်ဆောင်သည့်ယာဉ်**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၇ သန်းခန့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၉၆ သန်းခန့် စုစုပေါင်းတားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄ ဒသမ ၆၆ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၄ ရက်က မူဆယ်မှမန္တလေး ဝင်ရောက်လာသည့် Mitsubishi Canter ခြောက်ဘီးယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော "Nakita" EVD Player၊ တရုတ်နိုင်ငံလုပ် မုန့်မျိုးစုံ၊ ဖဲထုပ်များနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၇ သန်း ခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

# ပြည်လမ်းမပေါ်၌ အုပ်စုဖွဲ့၍ လုယက်သူများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်

**ရန်ကုန် ဇူလိုင် ၅**

ပြည်လမ်းမပေါ်၌ အုပ်စုဖွဲ့၍ လုယက်သူများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ပဲခူးမြို့နေ ဒေါ်---- သည် မေ ၂ ရက် ည ၉ နာရီခန့်တွင် ကိုရီးယားနိုင်ငံသို့ သွားရောက်မည့် သားဖြစ်သူအား မိသားစုနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၎င်းတို့ပိုင်မော်တော်ယာဉ်ဖြင့် လိုက်လံပို့ဆောင်ပြီး ပြန်လာစဉ် မင်္ဂလာဒုံမြို့နယ် ပြည်လမ်း ဘီအိုစီမှတ်တိုင်အနီးအရောက်တွင် မြေးဖြစ်သူ ကလေးငယ်က အပေါ့သွားချင်သဖြင့် ကားရပ်၍ အပေါ့သွားနေစဉ် အဖြူရောင် မော်တော်ယာဉ်တစ်စီးက ၎င်းတို့၏ယာဉ်ရှေ့တွင် ပိတ်ရပ်ကာ ဓားများကိုင်ဆောင်လာသော အမျိုးသားလေးဦးဆင်းလာပြီး တစ်ဦးက ဒေါ်---- အား ဓားဖြင့်ထောက်ကာ ငွေကျပ်လေးသိန်းခွဲထည့်ထားသော စလင်းဘက်အိတ်နှင့် ခြယ်နားကပ်တစ်ရန်၊ MC ရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်ဖြူပါရွှေလက်စွပ်တစ်ကွင်း၊ Mi အမျိုးအစားဖုန်းတစ်လုံး၊ i phone 7 ဖုန်းတစ်လုံး၊ SAMSUNG Note 3 ဖုန်းတစ်လုံး၊ ပလက်တီနမ်ဆွဲကြိုးတစ်ကုံး၊ ဖန်စီဆွဲကြိုးတစ်ကုံးနှင့် မောင်းကွင်းလက်စွပ်တစ်ကွင်း စုစုပေါင်း တန်ဖိုးငွေကျပ် ၄၁၂၀၀၀၀ တို့အား လုယက်ယူဆောင်သွားခဲ့သဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အမှုနှင့်စပ်လျဉ်း၍ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ် ထွန်းလင်းခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များက ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေ ရဲစခန်း (ပ)၃၆၀/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ-၃၉၄ အမှုဖြင့် ဖမ်းဆီးထားသော ရွှေပြည်သာမြို့နယ်နေ သက်ထွေး(ခ)တိုက်မောင်း (ခ)အသေးလေးအား စစ်ဆေးခဲ့ရာ ၎င်းသည် အဆိုပါအမှုအား မွှေးနီ(ခ)သူရိန်ထွန်း၊ မင်းမင်း (ခ) အောင်မျိုးမင်း၊ ကျော်စွာမြင့် (ခ) ကောင်းစံ(ခ)ဇေဇေ၊ သန့်ဇင် (ခ) သန့်ဇင်ထိုက်၊ စည်သူအောင်(ခ)စည်သူတို့နှင့်အတူ AA/---- Caldina အငှားယာဉ်တစ်စီးအား ငှားရမ်းအသုံးပြုကာ အုပ်စုဖွဲ့၍ လုယက်မှုများကျူးလွန်ခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇွန် ၆ ရက် နံနက် ၁ နာရီခွဲတွင် မင်းမင်း(ခ)အောင်မျိုးမင်းနှင့် ကျော်စွာမြင့်(ခ)ကောင်းစံ (ခ)ဇေဇေတို့ နှစ်ဦးအား လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်နှင့်အတူ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်တံတားအနီးမှလည်းကောင်း၊ နံနက် ၃ နာရီတွင် မွှေးနီ (ခ)သူရိန်ထွန်း (ခ)သူရိန်၊ ထက်နိုင်ဝင်း၊ ဝေယံလင်းတို့အား လှိုင်သာယာမြို့နယ်အတွင်းမှလည်းကောင်း၊ ဇွန် ၉ ရက် ညနေ ၆ နာရီခွဲတွင် စည်သူအောင်(ခ)စည်သူအား လှိုင်သာယာမြို့နယ်အတွင်းမှလည်းကောင်း၊ ဇွန် ၂၄ ရက်တွင် သန့်ဇင်(ခ)သန့်ဇင်ထိုက်အား ခရမ်းမြို့နယ်မှလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး လုယက်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သော လက်နက်များကို AA/---- Caldina အငှားယာဉ်ရှေ့ခန်း ယာဉ်မောင်းထိုင်ခုံအောက်ရှိ ခြေနင်းပြားအောက်တွင် ဝှက်သိမ်းထားကြောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည့်အပြင် အမှုမှ ပါဆုံးသွားသော သက်သေခံပစ္စည်းများကိုလည်း သိမ်းဆည်းရရှိခဲ့သည်။

ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်ခဲ့ရာ သက်ထွေး (ခ)တိုက်မောင်း (ခ) အသေးလေးပါ ရှစ်ဦးတို့က ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက ရွှေပြည်သာမြို့နယ် (၂)ရပ်ကွက်၌ တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက လှိုင်သာယာမြို့နယ်၌ နှစ်ကြိမ်၊ မတ်လအတွင်းက လှိုင်သာယာမြို့နယ်အတွင်း၌ နှစ်ကြိမ်၊ ရွှေပြည်သာမြို့နယ်၌ တစ်ကြိမ်၊ ဧပြီလအတွင်းက လှိုင်သာယာမြို့နယ်၌ ငါးကြိမ်၊ ရွှေပြည်သာမြို့နယ်၌ ရှစ်ကြိမ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ တစ်ကြိမ်၊ မေလအတွင်းက ရွှေပြည်သာမြို့နယ်၌ သုံးကြိမ်၊ လှိုင်သာယာမြို့နယ်၌ နှစ်ကြိမ်၊ ဇွန်လဆန်းပိုင်းတွင် လှိုင်သာယာမြို့နယ်၌ တစ်ကြိမ်၊ ရွှေပြည်သာမြို့နယ်၌ နှစ်ကြိမ် အုပ်စုဖွဲ့၍ AA/---- Caldina အငှားယာဉ်အား အသုံးပြုပြီး ဓားပြခြိမ်းခြောက်ကာ ဖုန်းများ၊ ရွှေထည်လက်ဝတ်ရတနာများ၊ ဆိုင်ကယ်များနှင့် ငွေများကို အကြိမ်ကြိမ်လုယက်ခဲ့ကြကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ ရှစ်ဦးအား သက်ဆိုင်ရာ ရဲစခန်းအသီးသီးတွင် အမှုများ ရေးဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ယင်းအမှုကို နှစ်လအတွင်း ဖော်ထုတ်အရေးယူနိုင်ခဲ့သည့်အပြင် အခြားလုယက်မှုပေါင်း ၃၀ ကိုလည်း ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နေပြည်တော် ရေပန်းဥယျာဉ်အနီးတွင် ဓားဖြင့်ထိုး၍ ပစ္စည်းများလုယက်သူများကို နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ရေပန်းဥယျာဉ် (၂)အနီးတွင် ဇူလိုင် ၃ ရက် ညပိုင်းက စကားပြောနေသော ချစ်သူရည်းစားအတွဲအပါအဝင် လေးယောက်အဖွဲ့အား ဓားဖြင့်ထိုး၍ ပစ္စည်းများအား လုယက်သူများကို ရဲတပ်ဖွဲ့က နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၃ ရက် ည ၁၂ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် စည်ပင်အိမ်ရာတိုက်(ဘီ-၂၃) အခန်း (၃၁)နေ ကိုလွမ်းနောင်(၂၂ နှစ်)၊ ၎င်း၏ညီဖြစ်သူ ကိုဇော်ယဉ်ထွန်း (၁၉ နှစ်)၊ သူငယ်ချင်းဖြစ်သူ စောအဲဖရက်(၂၂ နှစ်)နှင့် ကိုလွမ်းနောင်၏ သမီးရည်းစားဖြစ်သူ မဝင်းပပအောင် (၂၂ နှစ်) မင်္ဂလာဒုံမြို့နယ်နေသူတို့အဖွဲ့သည် နေပြည်တော်ရေပန်းဥယျာဉ် (၂) ဂိတ်အနီးရှိ ရာဇသင်္ဂဟလမ်း သပြေကုန်း အဝိုင်းနှင့် ကုမုဒြာကြာပန်းအဝိုင်းကြား တံတားထိပ်ပလက်ဖောင်းပေါ်တွင် စကားပြောနေစဉ် ည ၁၂ နာရီခွဲခန့်၌ လူလေးဦး ဆိုင်ကယ်တစ်စီးနှင့် ရောက်ရှိလာပြီး နှစ်ဦးမှာ ဓားရှည်ကိုင်၍ တစ်ဦးမှာ ဓားမြှောင်ကိုင်ကာ ကျန်တစ်ဦးမှာ ကတ်ကြေးတစ်လက်ပါပြီး ကိုလွမ်းနောင်ထံမှ ဖုန်းတစ်လုံးနှင့် ကိုဇော်ယဉ်ထွန်းအား ဓားနှင့်ခုတ်ကာ ဖုန်းတစ်လုံး ၊ စောအဲဖရက်မှာ ဓားနှင့်ထိုးခံရပြီး ၎င်းကိုင်ဆောင်သော ဖုန်းတစ်လုံး၊ မဝင်းပပအောင် ကိုင်ဆောင်သော ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်သော့တစ်ချောင်းတို့အား လုယူကာ ကုမုဒြာကြာပန်းအဝိုင်းဘက်သို့ ဆိုင်ကယ်နှင့် ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်စဉ်အား ကိုလွမ်းနောင်က ဇမ္ဗူသီရိမြို့နယ် အမှတ် (၁)မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းရာ မြို့မရဲစခန်းမှူးဦးစီးသည့်အဖွဲ့သည် အချိန်နှင့်တစ်ပြေးညီ လိုက်လံစုံစမ်းရာ ယင်းနေ့ နံနက် ၅ နာရီတွင် ပြစ်မှုကျူးလွန်သူများဖြစ်သည့် ကျော်မင်းနိုင် (ခ)တရုတ်ကြီး (၁၇ နှစ်)၊ ကောင်းခန့်ဇော် (၁၈ နှစ်) အောင်ဇမ္ဗူရပ်ကွက်နယ်မြေ (၆) နေသူ၊ စောပြည့်ဖြိုး (၁၇ နှစ်) အောင်သုခကျေးရွာ ပုဗ္ဗသီရိမြို့နယ်နေသူတို့အား ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူ တရုတ်ကြီးအား ဖမ်းဆီးရမိရေး ရဲတပ်ဖွဲ့က ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ရန်ကုန် - စစ်တွေ အမြန်လမ်းတွင် ရွှေပြည်သစ် ခရီးသည်တင်ယာဉ်တိမ်းမှောက်

**မြောက်ဦး ဇူလိုင် ၅**

ရန်ကုန်- စစ်တွေကားလမ်း မိုင်တိုင်အမှတ်(၁၁၉/၁)နှင့် (၁၁၉/၂)အကြား၌ ဇူလိုင် ၄ ရက် ညနေ ၅ နာရီကျော်က မြောက်ဦးမြို့နယ် ဘူးရှက်မညို့းကျေးရွာအုပ်စုအနီးတွင် ရွှေပြည်သစ် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ရန်ကုန်မှ စစ်တွေသို့ ယာဉ်မောင်း ညီညီဝင်း (၃၇ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 3M/---- ရွှေပြည်သစ် ခရီးသည်တင်ယာဉ်သည် ရှေ့မှယာဉ်တစ်စီးကို ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်း၏အနောက်ဘက်သို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသား ၂၀၊ အမျိုးသမီး ၁၁ ဦးမှာ ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

### ပြည်နယ်အစိုးရအဖွဲ့
### မွန်ပြည်နယ်၊ မော်လမြိုင်မြို့
### ပရိဘောဂ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ပညာသင်နှစ် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် စာသင်ခုံ ၄၆၅၃စုံ ပြုလုပ်ရန် ပရိဘောဂလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) လေးယောက်တွဲစာသင်ခုံ (မြင့်) ၁၉၄၇ စုံ - စာရေးခုံ (၆×၁½×၂½)' - ထိုင်ခုံ (၆×၁⅙×၁½)'

(ခ) လေးယောက်တွဲစာသင်ခုံ (နိမ့်) ၂၇၀၆ စုံ - စာရေးခုံ(၄½×၁⅓×၁⅚)' - ထိုင်ခုံ (၄½×၁⅙×၁)'

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁-၈-၂၀၁၇ရက် ၁၆း၀၀နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်နယ်ပညာရေးမှူးရုံး၊ မွန်ပြည်နယ်တွင် ၇-၇-၂၀၁၇ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(က) **မွန်ပြည်နယ် အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန** ဖုန်း-၀၅၇-၂၅၉၁၄

(ခ) **မွန်ပြည်နယ် ပညာရေးမှူးရုံး** ဖုန်း-၀၅၇-၂၇၂၆၄

---

### ဖခင်အမည်မှန်

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊အစုကြီးကျေးရွာ၊ အထကမှ နန့်နန်းဇကရီ၏ ဖခင်အမည်မှန်မှာ ဦးဝင်းစိုးအောင် ၁၄/ပတန(နိုင်) ၁၂၇၀၂၁ ဖြစ်ပါကြောင်း။

**ဦးဝင်းစိုးအောင်**

### ဖခင်အမည်မှန်

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အစုကြီးကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်း အတွဲ(၂)မှ နန့်ခင်ချိုလင်း၏ ဖခင်အမည်မှန်မှာ စသိန်းမြင့် ၁၄/ကပန(နိုင်)၀၉၈၀၂၇ ဖြစ်ပါကြောင်း။

**စသိန်းမြင့်**


**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇူလိုင်(၅/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့
Ph: 01-375970, 0951 72096, 09254541441


---

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးဦးစီးဌာန
### ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသ၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။ မြန်မာနိုင်ငံသား ဆောက်လုပ်ရေးကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ဆောက်လုပ်မှုလုပ်ငန်း**
- **အဆောက်အအုံအမျိုးအစား** - (၈၀'×၃၅'×၂၀') RC (၂)ထပ် (၈)ခန်း အိမ်ရာ(၁)လုံး
- **တည်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးဝင်း၊ ပဲခူးမြို့

(ခ) **စိုက်ပျိုးရေးဆိုင်ရာ ဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူခြင်း**
- စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဆိုင်ရာ ဓာတ်ခွဲခန်းသုံး Instrument (၁၁) မျိုး

(ဂ) **ရွေ့လျားစပါးမျိုးစေ့သန့်စင်စက်(၂၈)လုံးဝယ်ယူခြင်း**
- **စက်ပစ္စည်းအမျိုးအစား** - (5-TJM-205 Air Screen Cleaner With Gravity Table)
- Power / Capacity - 12.5 Kw/ 10 t/h

၂။ တင်ဒါတင်သွင်းခြင်းပုံစံများကို တစ်စုံလျှင် (၁၀၀၀၀ိ-)ကျပ်နှုန်းဖြင့် ၆-၇-၂၀၁၇ရက်မှ ၂၀-၇-၂၀၁၇ ရက်အထိ ပိတ်ရက်မရှိ ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါတင်သွင်းခြင်းကို ၄-၈-၂၀၁၇ ရက် ညနေ ၄း၃၀နာရီထိ စိစစ်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တိုင်းဦးစီးမှူးရုံးရှိ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**၀၅၂-၂၂၂၃၀၈၊ ၀၉-၇၉၄၁၄၃၀၇၃၊၀၉-၅၃၀၈၀၁၊၀၉-၇၇၈၁၁၅၁၉၇**

**တင်ဒါခေါ်ယူရေးကော်မတီ**

**ပဲခူးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပဲခူးမြို့**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(၉)ရပ်ကွက်၊SMEC ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (Eco)မှ မောင်ပြည့်ဖြိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးကြည်ဌေး ၁၂/လကန(နိုင်)၀၂၃၅၃၃ ဖြစ်ပါသည်။

---

### ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ အထက(ခွဲ)ဘဲကြီး၊ န၀မတန်း(B)မှ မောင်ဟိန်းဝဏ္ဏဇော်၊ အထက(ခွဲ)ညောင်ပင်၊ ပဉ္စမတန်းမှ မောင်ခန့်ဝေကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးမြို့လွင် ၈/ပခက(နိုင်)၂၁၄၁၀၈ ဖြစ်ပါကြောင်း။

**ဦးမြို့လွင်**

### ဖခင်အမည်မှန်

ပခုက္ကူမြို့ အလက(၁)၊ ပဉ္စမတန်း(B)မှ မောင်အောင်သက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ခိုင် ၈/ပခက(နိုင်)၀၂၁၂၇၅ဖြစ်ပါကြောင်း။

**ဦးမြင့်ခိုင်**

### အမည်ပြောင်း

ဦးတိုးနိုင်၏သမီး အလက (၃) တောင်ဒဂုံ၊ဆဋ္ဌမတန်း (C)မှ မယွန်းဝတီဦးအား မယွန်းဝတီသခင်ဟု ပြောင်းလဲခေါ်ပါရန်။

**မယွန်းဝတီသခင်**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(၉)ရပ်ကွက်၊ SMEC ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(Eco) မှ မစုစံဏီ၏ ဖခင်အမည်မှန်မှာ ဦးလှိုင်ကျော်မိုး ၁၄/မအပ(နိုင်)၁၈၅၅၆၈ ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ တိုက် အမှတ်(၄၃)၊အကျယ်အဝန်း (၂၅ပေ×၅၀ပေ)၊ ပထမထပ် (၁၂½×၅၀ပေ ဘယ်ညာနှစ်ခန်းပေါင်း) ရေ၊ မီးပါတိုက်ခန်းအား မိမိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဦးဇော်ဝင်းသန်း ၁၂/ဗဟန(နိုင်)၀၄၅၉၅၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်စိုး ၁၂/စခန(နိုင်)၀၄၂၇၃၁ ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိပါက ကြော်ငြာပါသည့်ရက်မှ (ခုနစ်ရက်)အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး**
**LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၃၃၂**
**ဖုန်း-၀၉-၄၅၁၃၇၈၀၀၇၊ ၀၉-၃၂၆၇၄၁၁၉**
**အမှတ်(၇)၊ သုံးလွှာ၊ ပေါ်တော်မူ(၁)လမ်း၊ ၂ ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# မန္တလေးမြို့တွင် ပန်းချီဈေးကွက် ဖွံ့ဖြိုးမှုနှေးကွေးခြင်းကြောင့် ပန်းချီပြခန်းများနည်းပါးလာ

**မန္တလေး ဇူလိုင် ၅**

မန္တလေးမြို့တွင် ပန်းချီပညာရှင်နည်းပါးပြီး ပန်းချီဈေးကွက်ဖွံ့ဖြိုးမှု နှေးကွေးခြင်းကြောင့် ပန်းချီပြခန်းများ နည်းပါလာကြောင်းသိရသည်။



မန္တလေးမြို့ရှိ ပန်းချီဈေးကွက် နှေးကွေးနေရခြင်းမှာ ဈေးကွက်နှင့် တီထွင်ဖန်တီးမှု ကွာဟခြင်း၊ လူငယ်မျိုးဆက်သစ်ပန်းချီဆရာများစွာ ရှိသော်လည်း ၎င်းတို့၏ အနုပညာကို ဖော်ထုတ်ဖန်တီးနိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးနေခြင်းတို့ကြောင့် ဖြစ်ကြောင်း မြန်မာနိုင်ငံရေဆေးပန်းချီဆရာအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်း (သစ်ထွင်း) က ပြောသည်။

"ရန်ကုန်ထက်စာရင် မန္တလေးက အရောင်းအဝယ်နည်းပါးတယ်။ ရန်ကုန်မှာက ကုမ္ပဏီတွေနဲ့ သံရုံးတွေကများတယ်။ နောက်ပြီး နိုင်ငံခြားသား ဝင်ရောက်မှုကလည်းများတော့ ဈေးကွက်ကပိုကြီးတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ပန်းချီပညာရှင်တွေကရန်ကုန်မှာစုနေတယ်။ မန္တလေးမှာက ပညာရှင်ကလည်းနည်းတော့ ဝယ်ယူအားပေးမှုကလည်းနည်းတယ်။ ဒါ့ကြောင့် တချို့ပြခန်းတွေလည်း ပိတ်ကုန်ပြီ" ဟု ၎င်းကပြောသည်။

မန္တလေးမြို့တွင် နိုင်ငံတကာပြပွဲများ အားနည်းလျက်ရှိပြီး ရှေးရိုးဆွဲ ပန်းချီရေးနည်းများကို အများဆုံးအသုံးပြုလျက်ရှိသည်။ ရန်ကုန်မြို့ဗိုလ်ချုပ်ဈေး၌ ပန်းချီဈေးကွက်ရှိသော်လည်း မန္တလေးမြို့၌ သီးသန့်ပန်းချီဈေးကွက်မရှိကြောင်း သိရသည်။

"ရန်ကုန်မှာကျတော့ ပန်းချီကားတွေက ဈေးအသင့်အတင့်ကနေစပြီး ဈေးကြီးတဲ့ ကားတွေ အထိရှိတယ်။ပန်းချီဆရာတွေရဲ့ လက်ရာစုံကို တစ်နေရာတည်းမှာ တွေ့နိုင်တဲ့ ဈေးကွက်ရှိနေတဲ့အတွက် အရောင်းအဝယ်ဖြစ်တယ်။ သူတို့ရဲ့ ဖန်တီးမှုအားကျတော့လည်း ဒီကပန်းချီဆရာတွေထက်သာတယ်။ အိမ်တိုင်ရာရောက် လာဝယ်တဲ့သူတွေကလည်း ဒီမှာအတော် လေးနည်းပါတာတွေ့ရတယ်" ဟု ဦးဇော်ဝင်း(သစ်ထွင်း) က ဆက်လက် ပြောပြသည်။

ရန်ကုန်မြို့တွင် ပန်းချီပြခန်း ၁၀၀ ကျော်ရှိပြီး မန္တလေးမြို့တွင် လက်ရှိ မန္တလေးတောင်ပန်းချီ ပြခန်းနှင့် မင်္ဂလာ မန္တလေးရှိ သီရိအနုပညာပြခန်းသာ အထင်အရှားရှိကြောင်း၊ ရန်ကုန်မြို့၌ နေ့စဉ်နီးပါး ပြပွဲများရှိသော်လည်း မန္တလေးမြို့တွင် ပြပွဲအကြိမ်ရေနည်းပါ လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လက်ရှိ ဘဏ္ဍာနှစ်မှာ အဆင့်မြင့် ပေါင်းဆန် တန်ချိန်တစ်သောင်းကျော် ပို့နိုင်ဖို့ မျှော်မှန်းထား

**ဇာလင်းသူ (AMIA)**

လက်ရှိ ဘဏ္ဍာနှစ်အတွင်း၌ အဆင့်မြင့်ပေါင်းဆန်တန်ချိန်တစ်သောင်းကျော် တန်ဖိုး အနေဖြင့် အမေရိကန်ဒေါ်လာ ၄သန်း ကျော် ရရှိရန် မျှော်လင့်ထားကြောင်း ဆန်ပို့ကုန် လုပ်ငန်းရှင်များထံမှ သိရသည်။

ပေါင်းဆန်ကို အမေရိကန်၊ ကနေဒါနိုင်ငံများသို့ ပို့ပြီး အခြားဆန်အမျိုးအစားများထက် နှစ်ဆခန့်ဈေးပိုရရှိကြောင်း သိရသည်။

"ပေါင်းဆန် တစ်တန်ကို ရောင်းလို့ရတဲ့ နိုင်ငံခြားငွေက ညော့်မထဆန်( ဆန်ကွဲ တင်ပို့မှု)ရဲ့ တစ်တန်ကို ရောင်းလို့ရတဲ့ ငွေထက် ၂၀ ရာခိုင်နှုန်းကျော် ဈေးပိုပါတယ်။ တန်ဖိုးမြင့် ဆန်လည်းဖြစ်လို့ ပြည်ပကိုအများကြီးလည်း မပို့နိုင်ဘူး။ နိုင်ငံတကာ ပေါက်ဈေးဆိုရင်တော့ တစ်တန်ကိုအမေရိကန်ဒေါ်လာ ၄၇၀ အနည်းဆုံးရပါတယ်" ဟု ဧရာဝတီတိုင်း ဆန်စက်ပိုင်ရှင် ဦးသောင်းငွေက ပြောသည်။

ပေါင်းဆန်စက်ရုံများမှာ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲ၊ ကျိုက်လတ်နှင့် ဘိုကလေး မြို့များ၌ စက်ရုံသုံးရုံခန့်ရှိနေပြီး စက်ရုံပေါင်းကိုးရုံအထိ တိုးချဲ့တည်ဆောက်နိုင်ရန် ရှိနေကြောင်း သိရသည်။

"ပေါင်းဆန်တွေကို ရုရှားနိုင်ငံကို အများဆုံးပို့ပါတယ်။ ဈေးနှုန်းကော ဈေးကွက်ကော ကောင်းမွန်ပါတယ်။ ပေါင်းဆန် စက်တွေတည်ဆောက်နိုင်ဖို့လည်း လိုအပ်ပါတယ်။ ဈေးကွက်အရ ပေါင်းဆန်စက်တွေထောင်ပြီးတော့ တင်ပို့တာပေါ့။ တခြားဈေးကွက်ကိုလည်း တင်ပို့ပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ပေါင်းဆန် ထုတ်လုပ်မှုကို ၁၉၂၀ ပြည့်နှစ်ခန့်၌ စတင် လုပ်ကိုင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ပိုမိုတိုးတက်လာကြောင်း ကုန်သည်များ ထံမှ သိရသည်။

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးကွင်းဆင်းဆောင်ရွက်

**မိုင်းရှူး ဇူလိုင် ၅**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ်တွင် မိုးရာသီခြင်အန္တရာယ် ကင်းဝေးစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ရေတွင်း၊ ရေကန်များတွင် ခြင်ဆေး (အဘိတ်ဆေး) ခတ်ခြင်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဇူလိုင် ၁ ရက်က မြို့ပေါ်ရပ်ကွက်များအတွင်း ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းဝင်း၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဦးစည်သူစန်းနှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်တို့ ဦးဆောင်သော အဖွဲ့ လေးဖွဲ့ဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာမများ၊ NGO အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အမှုလက်ကျန်လျှော့နည်းရေး စည်းဝေး

**မော်လမြိုင် ဇူလိုင် ၅**

မွန်ပြည်နယ် တရားလွှတ်တော်၌ တက္ကသိုလ်ဝင်တန်းထူးချွန်သူများဆုပေးပွဲ အမှုလက်ကျန်လျှော့နည်းရေးညှိနှိုင်းအစည်းအဝေးကျင်းပသည့် အခမ်းအနားကို ဇူလိုင် ၁ ရက်က ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော မွန်ပြည်နယ်အတွင်းရှိ တရားရေးမိသားစုဝင် ဝန်ထမ်းသားသမီးများအနက် အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများအားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် တာဝန်ရှိသူများကဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ချောင်းမကြီး မျိုးသန့်ခြံ DOA-OISCA စိုက်ပျိုးရေးနှင့် ခေါင်းဆောင်မှုပညာသင်တန်းကျောင်း၌ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် ပထမအကြိမ်သင်တန်းဖွင့်ပွဲကို ဇွန် ၃ ရက်က အဆိုပါ သင်တန်းကျောင်း၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားသည်။

OISCA အဖွဲ့သည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် မျိုးဆက်သစ်လူငယ်များအား စပါးသီးနှံ အဆင့်မြင့်စိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးရေး၊ ကြက်နှင့်ဝက်မွေးမြူရေး၊ စားသောက်ကုန်ပြုလုပ်နည်း၊ ဂျပန်ဘာသာအပါအဝင် ဓာတုလွတ်စိုက်ပျိုးနည်း ၊ စပါးသီးနှံ ပျိုးကော်ဇောနည်းဖြင့် ပျိုးထောင်၍ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၊ ဘိုကာရှိမြေဆွေးပြုလုပ်နည်းတို့ကို စာတွေ့၊ လက်တွေ့ သင်ပြပေးသွားမည်ဖြစ်သည်။ ယင်းသင်တန်းတွင် မန္တလေးတိုင်းဒေသကြီးမှ ၁၆ ဦး၊ ရှမ်းပြည်နယ်မှ လေးဦး စုစုပေါင်း ၂၀ တို့အား သင်တန်းကာလကိုးလကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများ တွေ့ဆုံ

**မိုင်းယောင်း ဇူလိုင် ၅**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလှ၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ ဖြစ်သည့် ရှမ်း၊ အာခါနှင့် လားဟူ တိုင်းရင်းသားများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်တင်ပြမှုများအပေါ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြောက်ဦးမြို့နယ်၌ ကျေးရွာများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများစတင်ဖြန့်ဝေလျက်ရှိ

**မြောက်ဦး ဇူလိုင် ၅**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာပြည်သူများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို ဇူလိုင် ၄ ရက်က စတင်ဖြန့်ဝေပေးခဲ့သည်။



ယခု ကျေးလက်မီးလင်းရေးစနစ်တွင် နိုင်ငံတော်မှ ၁၀၀ ရာခိုင်နှုန်း စိုက်ထုတ်ပေးသည့် စနစ်မဟုတ်ဘဲ ပြည်သူမှ အချိုးကျထည့်ဝင်သည့်စနစ်ဖြစ်၍ နိုင်ငံတော်က ထည့်ဝင်ငွေ ၆၀ ရာခိုင်နှုန်း ၊ ကမ္ဘာ့ဘဏ်(IDA) က အတိုးနည်းချေးငွေ ၃၀ ရာခိုင်နှုန်း၊ ပြည်သူမှထည့်ဝင်ငွေ ၁၀ ရာခိုင်နှုန်း ထည့်သွင်းဆောင်ရွက်ခြင်းဖြစ်သည်။ ရေရှည်တွင် ပိုမိုကောင်းမွန်သော မီးလင်းရေးစနစ်ဖြစ်ပြီး ပြည်သူများ၏ တတ်နိုင်သည့် အပေါ်မူတည်၍ ဆိုလာကို အသေးစား၊ အလတ်စား ၊ အကြီးစားစသည့် စနစ်သုံးမျိုးနှင့်(20W -30W)၊ (50W-60W)၊(80W-100W) စနစ်များဖြစ်သည်။

မြောက်ဦးမြို့နယ်၌ ကျေးရွာ ၃၇ ရွာအတွက် အသေးစား ၁၉၈၁ ခု ၊ အလတ်စား ၄၇၀၊ အကြီးစား ၁၀၁၄ ခု ၊ ဘုန်းတော်ကြီးကျောင်း ၃၈ ကျောင်း၊ စာသင်ကျောင်း ၃၈ ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနလေးခုနှင့် လမ်းမီးတိုင် တစ်ရွာလျှင် ငါးတိုင်နှုန်းဖြင့် စုစုပေါင်း ၁၈၅ တိုင်ကို တိုက်ရိုက်ဖြန့်ဝေလျက်ရှိသည်။ အဆိုပါ ဆိုလာများ ကျေးရွာ များသို့ ရောက်ရှိပါက တစ်ဆက်တည်း တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သတ်မှတ်ချက်နှင့်အညီ ယာဉ်များစနစ်တကျ ပြေးဆွဲစေရေးစစ်ဆေး

**ကျောင်းကုန်း ဇူလိုင် ၅**

ယာဉ်များ ဥပဒေ၊ နည်းဥပဒေ၊ ဥပဒေပါ လုပ်ထုံးလုပ်နည်းများအား လိုက်နာပြေးဆွဲစေရေးအတွက် တိုင်းဒေသကြီး ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်း၊ ယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်၊ တိုင်းဒေသကြီးအတွင်းရေးမှူး ဦးအောင်ဆွေ၊ တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်အဖွဲ့ဝင်များသည် ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့ဝင်လမ်းဆုံ၌ ဇူလိုင် ၄ ရက်က ယာဉ်များစနစ်တကျ ပြေးဆွဲစေရေး စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုဆိုလျှင် အဝေးပြေးလမ်းမကြီးတွင် နောက်ယာဉ်ကိုကျော်တက်စေချင်လျှင် ဘယ်ဘက်မီးဖြင့် မှားယွင်းစွာအချက်ပြနေမှုကို လာမည့် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ နောက်ယာဉ်ကိုကျော်တက်စေချင်လျှင် ညာဘက်မီးဖြင့် အချက်ပေးစနစ် စတင်လုပ်ဆောင် တော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီးယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၆)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**လေအေးပေးစနစ်**

မော်တော်ကားအတွင်းခန်းက ကျယ်ဝန်းလွန်းပြီး တပ်ဆင်မည့် ကွန်ပရက်ဆာ၊ ကွန်ဒင်ဆာ၊ အီဗာပိုရေတာစသည်တို့က စွမ်းရည်နိမ့်နေမည်ဆိုပါက လိုအပ်သော အအေးဒီဂရီကို ချိန်ညှိရယူနိုင်မည်မဟုတ်ပေ။ ထို့ကြောင့်ပင် မော်တော်ကား အတွင်းခန်း၏ အနေအထားအပေါ်မူတည်ပြီး စွမ်းအားအပြည့်အဝထုတ်ပေးနိုင်သော လေအေးပေးစက်ဆိုင်ရာ စက်ပစ္စည်းအစိတ်အပိုင်းများကို စနစ်တကျတွက်ချက်ကာ ပုံစံထုတ်ကြရခြင်းဖြစ်သည်။

အလားတူပင် လေအေးပေးစက်တပ်ဆင်မည့် မော်တော်ကားအတွင်းခန်း၌ လိုက်ပါစီးနင်းမည့် ခွင့်ပြုခရီးသည်ဦးရေအပေါ်မူတည်ပြီး လေအေးပေးစက်အစိတ်အပိုင်းများကို တွက်ချက်ရန်လည်း လိုအပ်သည်။ လူ့ခန္ဓာကိုယ်သည် အမြဲသဖြင့် အပူငွေ့များကိုထုတ်လွှတ်နေသော အရင်းအမြစ်တစ်ခု ဖြစ်နေသည့်အတွက် ထိုအပူငွေ့များကို စုပ်ယူဖယ်ရှားရင်း ခြောက်သွေ့သန့်စင် အေးမြသောလေများကို ပို့လွှတ်နိုင်ရေးသည် လေအေးပေးစက်တပ်ဆင်ရေးလုပ်ငန်း၏ အနှစ်သာရပင်ဖြစ်သည်။




ဤနေရာတွင် လူတစ်ဦးနှင့်တစ်ဦး အပူငွေ့ထုတ်လွှတ်မှုပမာဏချင်း တူညီမှု မရှိကြသည်ကိုလည်း လေအေးပေးစက်ထုတ်လုပ်မည့် ပညာရှင်များက ကြိုတင်သိရှိစဉ်းစားချင့်ချိန်ကြပြီးဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦးသည် ကိုယ်အလေးချိန်မတူပါက၊ အရပ်အမြင့်ချင်းမတူပါက ခန္ဓာကိုယ်မှထုတ်လွှတ်သော အပူငွေ့ပမာဏများကလည်း တူညီကြမည်မဟုတ်ပေ။

သို့ရာတွင် လေအေးပေးစက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက နေအိမ်နှင့် လုပ်ငန်းသုံး လေအေးပေးစက်များကို ထုတ်လုပ်ရာ၌ဖြစ်စေ၊ မော်တော်ကားသုံး လေအေးပေးစက်များကိုထုတ်လုပ်ရာ၌ဖြစ်စေ လူတစ်ဦးအတွက် စံအဖြစ်သတ်မှတ်ထားသည့် အပူငွေ့ထုတ်လွှတ်မှုနှုန်းများကိုသာ အခြေခံပြီး တွက်ချက်ထုတ်လုပ်လျက် ရှိနေကြသည်။

အဆိုပါစံနှုန်းများကိုအခြေခံကာ ခရီးသည်နှစ်ဦးစီးနင်းမည့် အတွင်းခန်း၊ ခရီးသည်လေးဦးစီးနင်းမည့် အတွင်းခန်း၊ ခရီးသည်ခြောက်ဦးစီးနင်းမည့်အတွင်းခန်းစသည်ဖြင့် ခွင့်ပြုခရီးသည်ဦးရေအလိုက် စနစ်တကျတွက်ချက်ပြီး ရရှိလာသော ကိန်းဂဏန်းအချက်အလက်များအရ လေအေးပေးစနစ်တစ်ခုလုံးကို ပုံစံရေးဆွဲထုတ်လုပ်ကြခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းအသုံးပြုနေကြသော မော်တော်ကားများထဲတွင် ခရီးသည်နှစ်ဦးဆံ့ မီနီလိုက်ထရပ်နှင့် ပစ်ကပ်ကားငယ်ကလေးများမှသည် ခရီးသည်လေးဆယ့်ငါးဦးစီးနင်းနိုင်သော ဘတ်စ်ကားများ၊ ခရီးသည်ဦးရေ ခြောက်ဆယ်ကျော်အထိ စီးနင်းနိုင်သော နှစ်ထပ်ဘတ်စ်ကားများ၊ ခရီးသည်ဦးရေ ကိုးဆယ်ခန့်အထိ စီးနင်းနိုင်သော နှစ်စီးတွဲဘတ်စ်ကားများအထိပင် ရှိနေကြသည်ဖြစ်ရာ ထုတ်လုပ်မည့် မော်တော်ကားပုံစံ၊ အတွင်းခန်းအကျယ်အဝန်းနှင့် ခရီးသည်ဦးရေတို့အပေါ် မူတည်ပြီး လေအေးပေးစက်အမျိုးမျိုးတို့ကို စနစ်တကျ တွက်ချက်ပုံစံထုတ်ကာ ထုတ်လုပ်တပ်ဆင်ပေးလျက် ရှိနေကြသည်။

**ဒက်ရှ်ဘုတ်နှင့် ထိုင်ခုံများ**

မော်တော်ကားတစ်စီးတွင် ယာဉ်မောင်းသူနှင့်ခရီးသည်များ လိုက်ပါစီးနင်းနိုင်ရန် ထိုင်ခုံများတပ်ဆင်ပေးထားရသည်။ မော်တော်ကားထိုင်ခုံများကို ကားအမျိုးအစားနှင့် ခွင့်ပြုခရီးသည်ဦးရေတို့အပေါ် မူတည်ပြီး ထိုင်ခုံ၏အရွယ်အစား မည်မျှထားရှိမည်၊ ထိုင်ခုံ၏ပုံစံကို မည်သို့ပြုလုပ်မည်၊ ထိုင်ခုံ၏အလေးချိန်ကို အနည်းဆုံးမည်မျှနှင့် အများဆုံးမည်မျှတို့အကြား ထားရှိမည်၊ ထိုင်ခုံအတွင်း၌ မည်သည့်ပစ္စည်းများ ထည့်သွင်းမည်၊ ထိုင်ခုံအခင်းနှင့် ကျောမှီတို့ကို မည်သည့်ကုန်ကြမ်းဖြင့်ပြုလုပ်မည် စသည်ဖြင့် အလေးအနက်ထားကာ စဉ်းစားကြရသည်။

မော်တော်ကားထိုင်ခုံ၏ သဘောသဘာဝသည် နေအိမ်သုံးပရိဘောဂ ထိုင်ခုံများနှင့် မတူဘဲ ရွေ့လျားနေသောယာဉ်များပေါ်၌ တပ်ဆင်ထားရသောပစ္စည်းများ ဖြစ်သည်နှင့်အညီ နေအိမ်သုံး၊ လုပ်ငန်းသုံး ထိုင်ခုံများထက် အဘက်ဘက်က အရည်အသွေး သာလွန်ကောင်းမွန်ရန်လိုအပ်သည်။ ထိုင်ခုံ၏အခြေခံဖရိမ်များ ကြံ့ခိုင်တောင့်တင်းမှုအပြည့်အဝရှိခြင်း၊ ရပ်နေရာမှ ရုတ်တရက်ရွေ့လျားခြင်းနှင့် ရွေ့လျားနေရာမှ ရုတ်တရက်ရပ်ခြင်းဟူသည့် အင်နားရှားဆိုင်ရာ သက်ရောက်မှုများကို ကောင်းစွာခံနိုင်ရည်ရှိခြင်း၊ ယာဉ်၏တိမ်းစောင်းမှုဒဏ်နှင့် ဆောင့်သည့်ဒဏ်များကြောင့် ယိုင်နဲ့မှုမရှိခြင်း၊ ဆယ်စုနှစ်နှင့်ချီ၍ အသုံးပြုသည့်တိုင် နိမ့်ဆင်းသွားမှုနှင့် ကျုံ့ဝင်သွားမှုများမဖြစ်ပေါ်နိုင်ခြင်းစသော အရည်အသွေးများသည် မော်တော်ကားသုံးထိုင်ခုံများက နေအိမ်သုံးထိုင်ခုံများထက် သာလွန်ကောင်းမွန်သောအချက်များပင် ဖြစ်ကြသည်။

မော်တော်ကားထုတ်လုပ်ရာတွင် ကားအမျိုးအစားနှင့် ခွင့်ပြုခရီးသည်ဦးရေအပေါ် မူတည်ပြီး ထိုင်ခုံပုံစံကို ရွေးချယ်သတ်မှတ်ကြရသည်။ ဤနေရာတွင် ကားမော်ဒယ်သစ်တစ်မျိုးအတွက် ယာဉ်မောင်းထိုင်ခုံနှင့်အတူ ယာဉ်မောင်းနှင့်ဘေးချင်းယှဉ်လျက်ရှိသော ခရီးသည်ထိုင်ခုံတို့ကို ပုံစံရေးဆွဲ ထုတ်လုပ်ရာတွင် ထိုင်ခုံတစ်ခုတည်းအတွက်ကိုသာ စဉ်းစားလုပ်ဆောင်၍မရသည်ကို သိရှိထားသင့်ကြသည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်မော်တော်ကားအမျိုးအစား၌မဆို ယာဉ်မောင်းခန်း၏ ထိုင်ခုံပုံစံနှင့် အနေအထားသည် ဒက်ရှ်ဘုတ်၏ပုံစံဒီဇိုင်းနှင့် သဟဇာတဖြစ်နေရန် လိုအပ်သောကြောင့်ပင်ဖြစ်သည်။

မော်တော်ကားထုတ်လုပ်မှုသမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်ကြည့်မည်ဆိုပါက ထိုင်ခုံပုံစံနှင့် ဒက်ရှ်ဘုတ်ပုံစံတို့ သဟဇာတမဖြစ်မှုကြောင့် မောင်းနှင်ရာတွင် အဆင်မပြေသော ကားပုံစံနှင့် မော်ဒယ်များစွာရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံး၌ မော်တော်ကားအမှတ်တံဆိပ်များစွာနှင့် အမှတ်တံဆိပ်ခွဲများစွာတို့ကို ထုတ်လုပ်ခဲ့ကြရာတွင် မြန်မာနိုင်ငံသားတို့နှင့်အကျွမ်းတဝင်ရှိခဲ့သော ကားအမှတ်တံဆိပ်တချို့ရှိခဲ့သလို မြန်မာတို့နှင့်စိမ်းသော အမှတ်တံဆိပ်တချို့လည်း ရှိခဲ့သည်။ အချို့သော မော်တော်ကားအမှတ်တံဆိပ်များဆိုလျှင် မြန်မာနိုင်ငံသားတို့ လုံးဝကြားဖူးနားဝမရှိသော အမှတ်တံဆိပ်များဖြစ်ကြသည်။

မြန်မာနိုင်ငံသားတို့နှင့် အကျွမ်းတဝင်ရှိခဲ့သော မော်တော်ကားအမှတ်တံဆိပ်များထဲ၌ပင် ထိုင်ခုံပုံစံနှင့် ဒက်ရှ်ဘုတ်ပုံစံများ သဟဇာတမဖြစ်မှုကြောင့် ခရီးဝေးမောင်းနှင်ရာ၌ဖြစ်စေ မြို့တွင်း၌ နာရီများစွာကြာအောင် မောင်းနှင်ရာ၌ဖြစ်စေ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ နောက်ကျောအောင့်ခြင်း၊ လက်ပြင်ကြောညပ်ခြင်း၊ ခါးနာခြင်း၊ ဒူးခေါင်းရောင်ရမ်းခြင်း၊ ဇက်ကြောတက်ခြင်းစသည့် ဝေဒနာများကို ခံစားခဲ့ကြရသည့် မော်တော်ကားအမျိုးအမည်တချို့ရှိခဲ့သည်။

ထို့အတူပင် မြန်မာတို့နှင့်အကျွမ်းတဝင်မရှိသော မော်တော်ကားအမျိုးအမည်တချို့နှင့် မြန်မာတို့ကြားဖူးနားဝမရှိသော မော်တော်ကားအမျိုးအမည်တချို့တို့ထဲ၌လည်း ကားတွင်တပ်ဆင်ထားသည့် ထိုင်ခုံပုံစံနှင့် ဒက်ရှ်ဘုတ်ပုံစံတို့ လိုက်လျောညီထွေမဖြစ်မှုကြောင့် ဝယ်ယူစီးနင်းအသုံးပြုသူများအတွက် အဆင်မပြေဖြစ်ခဲ့သည့် သာဓကများစွာရှိခဲ့သည်။

နောက်ပိုင်းတွင် သမ္မာရင့် မော်တော်ကားထုတ်လုပ်သူတို့သည် အဆိုပါအချက်ကို ကောင်းစွာ နားလည်သဘောပေါက်လာကြသည့်အတွက် မော်တော်ကားမော်ဒယ်သစ်တစ်မျိုးကို ထပ်မံထုတ်လုပ်ရန် စီစဉ်သည့်အခါ ဒက်ရှ်ဘုတ်၏ဒီဇိုင်းနှင့် ထိုင်ခုံ၏ဒီဇိုင်းနှစ်ခုတို့ လိုက်လျောညီစွာဖြင့် သဟဇာတဖြစ်နေစေရန် အထူးအလေးထားခဲ့ကြသည်။ ဤသို့အားဖြင့် ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းကာလအရောက်တွင်



အမေရိကန်နှင့် ဥရောပနိုင်ငံထုတ် မော်တော်ကားများအားလုံးသည် လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းကာလအရောက်တွင် ဂျပန်နိုင်ငံထုတ် ကားများအားလုံးသည်လည်းကောင်း၊ ထိုင်ခုံနှင့် ဒက်ရှ်ဘုတ်တို့ သဟဇာတဖြစ်ကာ ဝယ်ယူစီးနင်းအသုံးပြုသူတို့အတွက် သက်သောင့်သက်သာဖြစ်စေသည့် မော်တော်ကားများ ဖြစ်လာခဲ့ကြသည်။

**ထိုင်ခုံခါးပတ်နှင့် အသက်ကယ်လေအိတ်**

အများပြည်သူသုံးလမ်းမများပေါ်တွင် မောင်းနှင်သွားလာနေကြသော မော်တော်ယာဉ်များအနက် အချို့မှာ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများကြောင့်သော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းမှုများကြောင့်သော်လည်းကောင်း၊ မောင်းနှင်နေရင်း ရုတ်တရက် ကျန်းမာရေးချွတ်ယွင်းမှုကြောင့်သော်လည်းကောင်း၊ မဆင်မခြင် မောင်းနှင်ခြင်းများနှင့် မူးယစ်သောက်စားမောင်းနှင်ခြင်းများကြောင့်သော်လည်းကောင်း၊ မမျှော်လင့်ဘဲ ရုတ်တရက်ကျရောက်လာသော သဘာဝဘေးအန္တရာယ် အသွယ်သွယ်တို့ကြောင့်သော်လည်းကောင်း ယာဉ်တိုက်မှုများ ဖြစ်ပွားကြရလေ့ရှိသည်။ မည်သည့်အကြောင်းကြောင့် ယာဉ်တိုက်မှုဖြစ်ပွားစေကာမူ ယာဉ်တိုက်မှုဖြစ်ပြီဆိုသည်နှင့် ယာဉ်မောင်းသူအပါအဝင် ခရီးသည်များ ထိခိုက်ဒဏ်ရာရခြင်းမှသည် အသက်သေဆုံးရသည်အထိပင် ဖြစ်ပွားကြရသည်။

**ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုများကြောင့် ပြင်းပြင်းထန်ထန်ဒဏ်ရာရခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများကို အကြောင်းပြု၍ ၁၉၅၈ ခုနှစ်အရောက်တွင် ဥရောပနိုင်ငံထုတ် မော်တော်ကားများ၌ ထိုင်ခုံခါးပတ်ကို စတင်တပ်ဆင်ထုတ်လုပ် နိုင်ခဲ့ကြသည်။ ထိုကဲ့သို့ ထိုင်ခုံခါးပတ်များကို တပ်ဆင်လာနိုင်ပြီးချိန်မှစ၍ ကမ္ဘာအရပ်ရပ်၌ ယာဉ်တိုက်မှုများဖြစ်ပွားသည့်အခါ အသက်သေဆုံးရသည့်နှုန်းမှာ သိသိသာသာ လျော့ကျလာခဲ့သည်**

ရေနွေးငွေ့အင်ဂျင်ဖြင့် စတင်ခဲ့ရသော ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှုသည် နှစ်ဆယ်ရာစုသို့ ချင်းနင်းဝင်ရောက်လာချိန်၌ မြင်းကောင်ရေအား ၃၀ ကျော်အထိ စွမ်းအားရှိသည့် အတွင်းပေါက်လောင်အင်ဂျင်(I.C Engine)များကို တပ်ဆင်သုံးစွဲလာနိုင်သော ထုတ်လုပ်မှုလုပ်ငန်းတစ်ရပ် ဖြစ်လာခဲ့သည်။ ထိုစဉ်ကာလက ထုတ်လုပ်ခဲ့သော မော်တော်ကားများသည် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် မြန်နှုန်းအမြင့်ဆုံး ၄၅ မိုင်(၇၂ ကီလိုမီတာ)အထိ မောင်းနှင်နိုင်စွမ်းရှိလာကြသည်။ ထိုကဲ့သို့ မော်တော်ကားများ မြန်နှုန်းမြင့်လာသည်နှင့်အမျှ ယာဉ်တိုက်မှုဖြစ်ပွားသည့်အခါ ပြင်းထန်စွာဒဏ်ရာရခြင်းနှင့် အသက်ဆုံးရှုံးခြင်းဖြစ်ရပ်များကလည်း တိုးပွားလာသည်။

နှစ်ဆယ်ရာစု၏ အစောပိုင်းကာလများကဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများ၌မူ မောင်းနှင်နေစဉ် လူကိုတိုက်မိခြင်းကြောင့် အသက်ဆုံးရှုံးရခြင်းမျိုးသာမက၊ ယာဉ်အချင်းချင်းတိုက်မိမှု၊ ယာဉ်နှင့် သစ်ပင်၊ အုတ်တံတိုင်း၊ အဆောက်အအုံစသည်တို့ တိုက်မိမှုများကြောင့် ယာဉ်မောင်းသူနှင့် ယာဉ်ပေါ်၌ လိုက်ပါစီးနင်းလာသူတို့ပါ



အသက်ဆုံးရှုံးရခြင်းမျိုးအထိ ဖြစ်ပွားလာခဲ့သည်။

ယင်းသို့ဖြစ်ရခြင်းမှာ စွမ်းအားပိုကောင်းလာသောအင်ဂျင်များကြောင့် ကား၏ မြန်နှုန်းမြင့်မားလာခြင်းနှင့် ထိုင်ခုံခါးပတ်(Seat Belt)ကို တပ်ဆင်ပေးနိုင်ခြင်းမရှိသေးသောကြောင့်ပင် ဖြစ်သည်။ တစ်နာရီလျှင် မိုင် ၃၀ (၄၈ ကီလိုမီတာ)နှုန်းထက် ကျော်လွန်မောင်းနှင်သော မော်တော်ကားတစ်စီးသည် ရုတ်တရက် ယာဉ်တိုက်မှုဖြစ်ခဲ့လျှင် ထိုင်ခုံခါးပတ်ကိုပတ်မထားသော ယာဉ်မောင်းသူနှင့် ခရီးသည်များအဖို့ ပြင်းထန်စွာထိခိုက်ဒဏ်ရာရခြင်းနှင့် အသက်သေဆုံးရခြင်းများဖြစ်ပွားရန် အခွင့်အလမ်း ရှိနေပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုများကြောင့် ပြင်းပြင်းထန်ထန်ဒဏ်ရာရခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများကို အကြောင်းပြု၍ ၁၉၅၈ခုနှစ်အရောက်တွင် ဥရောပနိုင်ငံထုတ် မော်တော်ကားများ၌ ထိုင်ခုံခါးပတ်ကို စတင်တပ်ဆင်ထုတ်လုပ်နိုင်ခဲ့ကြသည်။ ထိုကဲ့သို့ ထိုင်ခုံခါးပတ်များကို တပ်ဆင်လာနိုင်ပြီးချိန်မှစ၍ ကမ္ဘာအရပ်ရပ်၌ ယာဉ်တိုက်မှုများဖြစ်ပွားသည့်အခါ အသက်သေဆုံးရသည့်နှုန်းမှာ သိသိသာသာ လျော့ကျလာခဲ့သည်။

ယနေ့မျက်မှောက်ကာလ၌မူ အဆင့်မြင့်နည်းပညာသုံး ခေတ်မီမော်တော်ကားများကို ထိုင်ခုံခါးပတ်များနှင့်အတူ အသက်ကယ်လေအိတ်(Air Bag)များဖြင့်ပါ ပူးတွဲတပ်ဆင် ထုတ်လုပ်ပေးနေကြပြီဖြစ်သည်။ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကားမောင်းသည့်အခါ ထိုင်ခုံခါးပတ်ကို အမြဲပတ်ထားကြသော်လည်း ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများ၌မူ ထိုင်ခုံခါးပတ်ကိုအသုံးပြုသည့်နှုန်း အလွန်နည်းပါးလျက် ရှိနေသေးသည်ကို တွေ့ရှိရသည်။

ဤသို့ဖြစ်ရခြင်းမှာ ထိုင်ခုံခါးပတ်၏ အရေးပါမှုနှင့် အသက်အန္တရာယ်ကာကွယ်နိုင်မှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိသေးသောကြောင့်ပင်ဖြစ်သည်။ မော်တော်ကားထိုင်ခုံခါးပတ်သည် ရွေ့လျားမှုဆိုင်ရာ ရူပဗေဒသဘောတရားကိုအခြေခံပြီး စနစ်တကျ စဉ်းစားတွက်ချက် ထုတ်လုပ်ပေးထားခဲ့သော အသက်ကယ်ပစ္စည်း ဖြစ်သည်။

သာဓကအားဖြင့် ပမာပြဆိုရသည်ရှိသော် တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းဖြင့် မောင်းနှင်နေသော မော်တော်ကားတစ်စီးပေါ်၌ လိုက်ပါစီးနင်းလာသော ယာဉ်မောင်းသူနှင့် ခရီးသည်များသည် ကား၏ရွေ့လျားနှုန်းအတိုင်း ၎င်းတို့၏ခန္ဓာကိုယ်တစ်ခုလုံးက လိုက်ပါရွေ့လျားလျက်ရှိနေချိန်တွင် မမျှော်လင့်ဘဲ ရုတ်တရက် ယာဉ်တိုက်မှုဖြစ်ပေါ်ပါက တိုက်မိသည့်အားကြောင့် မော်တော်ကားမှာ ရုတ်ခြည်းအရှိန်လျော့ကျသွားမည် သို့မဟုတ် ရပ်တန့်သွားလိမ့်မည်ဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ကားက ချက်ချင်းဆိုသလို အရှိန်လျော့ကျသွားချိန်နှင့် ရပ်တန့်သွားချိန်များ၌ ကားပေါ်ရှိယာဉ်မောင်းနှင့် ခရီးသည်များကမူ ရူပဗေဒဆိုင်ရာ အင်နားရှားသဘောတရားအရ မူလအရှိန်ဖြစ်သည့် တစ်နာရီလျှင် ကီလိုမီတာရှစ်ဆယ်နှုန်းနီးပါးဖြင့်ပင် ရှေ့သို့ ဆက်လက်လိုက်ပါ ရွေ့လျားနေဆဲဖြစ်သည်။ ထိုအချိန်၌ ထိုင်ခုံခါးပတ် ပတ်မထားခဲ့လျှင် ရှေ့၌အနီးကပ်ဆုံးရှိနေသော လေကာမှန်၊ ဒက်ရှ်ဘုတ်၊ စတီယာရင်ခွေ၊ ထိုင်ခုံ၊ တံခါးပေါင်စသည်တို့ကို တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းနီးပါးဖြင့် တိုက်မိပြီး ပြင်းထန်စွာဒဏ်ရာရခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများ ဖြစ်ပွားလာလိမ့်မည်ဖြစ်သည်။

ဤကဲ့သို့သော သဘောတရားကြောင့်ပင် ကားမောင်းသည့်အခါ၊ လိုက်ပါစီးနင်းသည့်အခါ ထိုင်ခုံခါးပတ်ကိုပတ်ထားရန် လိုအပ်ခြင်းဖြစ်သည်။ တစ်နာရီလျှင် ၄၈ ကီလိုမီတာနှုန်းထက် မပိုပါက ထိုင်ခုံခါးပတ် ပတ်မထားမိသည့်တိုင် အများဆုံးအားဖြင့် ပြင်းထန်စွာဒဏ်ရာရသည့်အဆင့်အထိသာ ဖြစ်နိုင်သော်လည်း ထို့ထက်မြင့်သောအမြန်နှုန်းမျိုးဖြင့် မောင်းနှင်ရာ၌မူ အသက်ဆုံးရှုံးရသည့်အဆင့်အထိ ဖြစ်ပွားနိုင်သည်ကို သတိပြုသင့်ကြသည်။ ။

# ချင်းတွင်းမြစ်ရေဘေး ကြိုတင်ပြင်ဆင် ကာကွယ်နိုင်ရေး လိုက်လံအသိပေးနှိုးဆော်

**မော်လိုက် ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၃ ရက် ညနေ ၄ နာရီအချိန် တိုင်းထွာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေအမှတ် ၁၂၃၀ စင်တီမီတာအနီး ၁၁၅၂ စင်တင်မီတာအထိ ရောက်ရှိနေ၍ မော်လိုက်မြို့မြေနိမ့်ပိုင်းနေ ပြည်သူများ ရေဘေးသတိပြုကြရန် အသိပေးနှိုးဆော်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် မော်လိုက်မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်များရှိ ပြည်သူများနှင့် ကျေးရွာနေ ပြည်သူများအနေဖြင့် ရေဘေးကြောင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးနစ်နာမှု မဖြစ်ပွားစေရေး၊ တိရစ္ဆာန်များ အသက်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်နိုင်စေရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ် မီးသတ်ဦးစီးဌာနက ချင်းတွင်းမြစ်ရေ သတိပေးချက်များကို မြို့ပေါ်မြစ်ကမ်းဘေးတစ်လျှောက်နှင့် မြေနိမ့်ပိုင်းရှိ ရပ်ကွက်များသို့ မီးသတ်ကားဖြင့် လှည့်လည်နှိုးဆော်ခဲ့ကြသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ရေဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်နှင့် ရေဘေးအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် လူစည်ကားရာကမ်းနားလမ်းရှိ မြေစိုက်နံရံကပ်ဘုတ်တွင်ကပ်ထားကြောင်း သိရသည်။

မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း မြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ချင်းတွင်းမြစ်ရေ မြင့်တက်လာနိုင်ခြင်းကြောင့် မိမိတို့ ရပ်ကွက်ကျေးရွာနေ ပြည်သူများ ရေဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရှိနိုင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးသွားရန် မှာကြားထားသည်။

ထို့အတူ ချင်းတွင်းမြစ်ရေရောက်ရှိပါက ပြည်သူများအား ရေလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားကြရန်၊ အသက်ကယ်လှေများနှင့် ကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ဖွဲ့စည်းထားရန်နှင့် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်မည့်နေရာများကို ကြိုတင်ပြင်ဆင်ထားရှိရန်လည်း ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ညွှန်ကြားထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **မော်လိုက်သားလေး**



# စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒိန်းမတ်လူမှုအဖွဲ့အစည်းတို့ ပူးပေါင်း၍ နှစ်ရှည်ပင်သီးနှံ စိုက်ပျိုးနည်းသင်တန်းဖွင့်

**ဒီမောဆို ဇူလိုင် ၅**

ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒိန်းမတ်လူမှုအဖွဲ့အစည်း (DRC/DDG) တို့ပူးပေါင်း၍ ဇွန်လအတွင်း ဒီမောဆိုနှင့် ဖရူဆိုမြို့နယ်တို့တွင် နှစ်ရှည်ပင်သစ်သီးဝလံ စိုက်ပျိုးနည်းသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လ/ထ ညွှန်ကြားရေးမှူး ဒေါ်မူမူသက်နှင့် ပြည်နယ် မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းလွင်တို့က ဦးဆောင်ပြီး နှစ်ရှည်ပင်ဖြစ်သည့် သံပရာ၊ လိမ္မော်နှင့် ကြယ်ပဲ စိုက်ပျိုးနည်းများအပြင် နှစ်ရှည်ပင်များ ပြုစုထိန်းသိမ်းစောင့်ရှောက်နည်း၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်း၊ စနစ်တကျ ခူးဆွတ်ရိတ်သိမ်းနည်းများကို သင်ကြားပို့ချခဲ့ပြီး ဒီမောဆိုမြို့နယ် ဘိုလျားကျေးရွာတွင်လည်းကောင်း၊ ဖရူဆိုမြို့နယ် မာခရော်ရှေ့ ကျေးရွာတွင်လည်းကောင်း ကျေးရွာပိုင်စိုက်ခင်းများ ထူထောင်၍ စုစုပေါင်းသံပရာပင် ၇၀၀ နှင့် လိမ္မော်ပင် ၂၅ ပင်တို့ကိုလက်တွေ့စိုက်ပျိုးပြသခဲ့သည်။ အဆိုပါ သင်တန်းသို့ တောင်သူစုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဒွေးမယ်နော် (၈၄, စိုက်ပျိုးရေး)**



# ခြင်နှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်



**ဘားအံ ဇူလိုင် ၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါများ မဖြစ်ပွားစေရေးအတွက် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်က အမှတ်(၂၂) လုံခြုံရေးရဲတပ်ရင်းအတွင်းရှိ စာသင်ကျောင်း၊ မူကြိုကျောင်း၊ မိသားစုဝင်များ၏ နေအိမ်များ၊ အဆောက်အအုံများတွင် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာန၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ခြင်ပေါက်ပွားနိုင်သော ရေတွင်း၊ရေကန်၊ ရေမြောင်းများတွင် ခြင်ပေါက်ပွားမှုမရှိအောင် ဆောင်ရွက်ရန် ပညာပေးခြင်း၊ ခြင်များခိုအောင်းနိုင်သောနေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ချုံနွယ်များကို ရှင်းလင်းပေးခြင်း စသည့်လုပ်ငန်းများကို အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယဗိုလ်မှူးကြီး ထွန်းမြင့်ထွန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ဦးစောအာရဝိန်နှင့် ဦးစောသိန်းဇော်တို့ ဦးဆောင်သောအဖွဲ့က ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

# ကျောင်းသွားရာလမ်းပျက်စီးနေ၍ ကျောင်းသားကျောင်းသူများ အခက်ကြုံတွေ့နေ

**ဖလမ်း ဇူလိုင် ၅**

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတွင် ပညာဆည်းပူးနေကြသော ကျောင်းသား ကျောင်းသူအများစု အသုံးပြုသွားလာနေကြသည့် မြို့လယ်ဗိုလ်ချုပ်လမ်းမကြီးမှ ကျောင်းသို့သွားရာ ကုန်းဆင်းလမ်းသည် အလွန်ပျက်စီးနေ၍ ကျောင်းသား ကျောင်းသူများ နေ့စဉ်ဖြတ်သန်းသွားလာရေးတွင် အခက်ကြုံတွေ့နေရကြောင်း သိရသည်။

"လမ်းက တော်တော်မတ်စောက်ပြီး အုတ်လှေကားထစ်မဟုတ်တော့ ဒီလမ်းကို အသုံးပြုသွားလာနေကြတဲ့ ကျောင်းသားကျောင်းသူတွေ တစ်ခါတလေ ဖိနပ်ပျက်သွားလိုက်၊ ချော်လဲလိုက်၊ ပါလာတဲ့ထမင်းချိုင့်တောင် ဖိတ်ကျလိုက်နဲ့ မိုးတွင်းကာလမှာဆိုရင် ဒုက္ခအမျိုးမျိုး ကြုံတွေ့နေရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေက အုတ်လှေကားထစ် အမြန်ဆုံး ပြုလုပ်ပေးနိုင်ဖို့ ကျောင်းသားမိဘတွေက မျှော်လင့်တောင့်တနေကြပါတယ်"ဟု အဆိုပါ မူလတန်းကျောင်းမှ ကျောင်းဆရာမတစ်ဦးက ပြောသည်။

အဆိုပါလမ်းတွင် အုတ်လှေကားထစ်ပြုလုပ်ရန်အတွက် ယခင်နှစ်များက ခွင့်ပြုရန်ပုံငွေကျလာခဲ့သော်လည်း အခြားမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်သုံးစွဲခဲ့ခြင်းကြောင့် အုတ်လှေကားထစ် မပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းတက် ကျောင်းဆင်း ဖြတ်သန်းသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် စေတနာရှင်၊ အလှူရှင်များဖိတ်ခေါ်ကာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ အုတ်လှေကားထစ် အမြန်ဆုံးပြုလုပ်နိုင်ရေး ကြိုးစားနေဆဲဖြစ်ကြောင်း ကျင်မွာလ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုက်ကယ်က ပြောသည်။



အဆိုပါကျောင်းသည် အင်္ဂလိပ်လက်ထက်က ဆောက်လုပ်ခဲ့သည့် အထက်တန်းကျောင်းဖြစ်ကာ ချင်းပြည်နယ်အတွင်း ပထမဆုံးပေါ်ပေါက်ခဲ့သော ကျောင်းလည်းဖြစ်သည်။ ၁၉၈၃ ခုနှစ်က အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး လက်ရှိအချိန်တွင် ကျင်မွာလ်ရပ်ကွက်နှင့် ဗလိုင်ရပ်ကွက်တို့မှ ကျောင်းသား ကျောင်းသူပေါင်း ၂၀၀ ကျော်တက်ရောက် ပညာသင်ကြားလျက်ရှိကြကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ပြည်မြို့နယ်အတွင်းရှိ မြစိမ်းရောင်လုပ်ငန်းများအားစစ်ဆေး

**ပြည် ဇူလိုင် ၅**

ပြည်မြို့နယ်အတွင်း ကုန်းကြီးနှင့် ပိန်းတောကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်အဖွဲ့သည် ဇူလိုင် ၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေမှ ချေးငွေရယူလုပ်ငန်းဆောင်ရွက်နေသော ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့သည်။

ယင်းကျေးရွာများတွင် ယနေ့အထိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ ၅၃ ဦး ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ ၄၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူ ၁၀ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်သူနှစ်ဦးတို့အား မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကျပ် ၃၄၃ သိန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်များချပြပြီး မှုခင်းပညာပေးဟောပြော

**ပျဉ်းမနား ဇူလိုင် ၅**

နေပြည်တော်ကောင်စီနယ်မြေ ရုစ်မြို့နယ်တွင် ခိုး၊ ဆိုး၊ နှိုက် လုယက်မှုများ မဖြစ်ပွားစေရန်အတွက် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်၏ ညွှန်ကြားမှုဖြင့် ရဲတပ်ဖွဲ့က နေ့ည လုံခြုံရေးဆောင်ရွက်ထားရှိမှုများကို ပြည်သူများအား ချပြရှင်းလင်းခြင်းနှင့် မှုခင်းအသိပညာ ဗဟုသုတများရရှိစေရန် ဟောပြောခြင်းတို့ကို နေပြည်တော်ကောင်စီနယ်မြေ ရုစ်မြို့နယ်အတွင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ပုဗ္ဗသီရိမြို့နယ်အတွင်း ရဲတပ်ဖွဲ့၏လုပ်ငန်းစဉ်များချပြခြင်းနှင့် ပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက်က ဝဏ္ဏဒီပရပ်ကွက် ဓမ္မာရုံ၌ ကျင်းပခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူးလှလွင်နှင့် တပ်ဖွဲ့ဝင်များ မြို့နယ်အတွင်း ရဲတပ်ဖွဲ့အနေဖြင့် နေ့စဉ်ဆောင်ရွက်နေသည့် လှည့်ကင်း၊ ရပ်ကင်း၊ ဝတ်ကင်းဆောင်ရွက်မှုများ၊ မှုခင်းဖော်ထုတ်မှုများ ဆောင်ရွက်ရာတွင် ပြည်သူများလည်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း စသည်တို့ကို ဒေသခံပြည်သူများအား အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ပုံစံ(၇)အမည်ပေါက်မဟုတ်လျှင် ချေးငွေမရသဖြင့် လယ်သမားမိသားစုများ အခက်တွေ့နေ

**ကနီ ဇူလိုင် ၅**

တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးရာတွင် ပုံစံ(၇)အမည်ပေါက်သူများကိုသာ ထုတ်ချေးလျက်ရှိရာ အမည်ပေါက်ထားသော တောင်သူလယ်သမားများ သေဆုံးသွားပါက ကျန်သော ဇနီး၊သားသမီးများမှာ လယ်ယာလုပ်ငန်း ဆက်လက် လုပ်ကိုင်ရန် ချေးငွေမရဘဲ အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

တောင်သူလယ်သမား အိမ်ထောင်ဦးစီးများ ကွယ်လွန်သွားသည့်အခါ ကျန်ရစ်သူဇနီးနှင့် သားသမီး မိသားစုဝင်များမှာ ပုံစံ(၇)တွင် အမည်ပေါက်ပုဂ္ဂိုလ် မဟုတ်သဖြင့် ဘဏ်ချေးငွေ ဆက်လက်ထုတ်ယူ၍မရဘဲ အခက်အခဲအကျပ်အတည်း ဖြစ်နေသည့်ကိစ္စနှင့် ပတ်သက်၍ ဇူလိုင် ၃ ရက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် ကနီမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက မေးမြန်းခဲ့သည်။

"ကနီမြို့နယ်အပါအဝင် မြို့နယ်တိုင်းမှာ လတ်တလောဖြစ်နေတဲ့ကိစ္စ ဖြစ်ပါတယ်။ ၂၀၁၆ မှာ တောင်သူလယ်သမား ပုံစံ(၇)အမည်ပေါက် အိမ်ထောင်ဦးစီး ကွယ်လွန်သွားရင် ကျန်တဲ့ ဇနီး၊ သားသမီးတွေဟာ ပုံစံ(၇)နဲ့ ဘဏ်ချေးငွေကို ထုတ်ယူနိုင်ပါတယ်။ အခုနှစ်မှာ မြန်မာ့စိုက်ပျိုးရေးဘဏ်ရဲ့ ညွှန်ကြားစာ အပိုဒ်(၈) ဘဏ်ချေးငွေစာချုပ် အပိုဒ်(၁၁)အရ ပုံစံ(၇)အမည်ပေါက်သူမှသာ စိုက်ပျိုးစရိတ်ဘဏ်ချေးငွေကို ရရှိမှာဖြစ်ပါတယ်။ အဲဒါကြောင့် ပုံစံ(၇)အမည်ပေါက်သူ ကွယ်လွန်သွားရင် ကျန်တဲ့သူတွေ စိုက်ပျိုးစရိတ်ချေးငွေ ရရှိနိုင်မှုမရှိပါဘူး"ဟု လွှတ်တော်ကိုယ်စားလှယ်က ပြောကြားသည်။

အဆိုပါမေးမြန်းချက်နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပုံစံ(၇)အမည်ပေါက် ဘဏ်ချေးငွေထုတ်ယူသူ သေဆုံးပါက အမွေစားအမွေခံဖြစ်ခြင်း၊ ဘဏ်ချေးငွေကို နှစ်စဉ်သတ်မှတ်ရက်အတိုင်း အချိန်မီ ပြေကျေခြင်း၊ မြေယာအရှုပ်အရှင်းမရှိခြင်းတို့အပေါ် မူတည်၍ ချေးငွေထုတ်ပေးခြင်းကို မှန်ကန်စွာဆုံးဖြတ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့သည်။

ကနီမြို့နယ်အတွင်း၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၃ စုကို စာရင်းကောက်ယူခဲ့ရာ ပုံစံ(၇)အမည်ပေါက်ထားပြီး သေဆုံးသူ ၄၅၀ ရှိကာ ရေကြီး၍ ပုံစံ(၇) ပျောက်ဆုံးပျက်စီးသူတစ်ဦးရှိကြောင်း၊ ခန့်မှန်းအနေဖြင့် ကနီတစ်မြို့နယ်လုံးတွင် ပုံစံ(၇) အမည်ပေါက်ထားပြီး သေဆုံးသူဦးရေမှာ ယခုထက်များပြားမည်ဟု ခန့်မှန်းရကြောင်း လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။ ကနီမြို့နယ်အတွင်းမှ ပုံစံ(၇)ဖြင့် ဘဏ်ချေးငွေထုတ်ယူမှုမှာ လယ်မြေ ၈၀၂ ဒသမ ၁၈ ဧက၊ ယာမြေ ၂၂၁၆ ဒသမ ၂၃ ဧက၊ ကိုင်းမြေ ၆၂ ဒသမ ၁၆ ဧကရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကန့်ဘလူမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲပြုလုပ်




**ကန့်ဘလူ ဇူလိုင် ၅**

ကန့်ဘလူမြို့နယ် အုတ်ဖိုကျေးရွာအုပ်စု အုန်းတောကျေးရွာရှိ ရွှေသွယ်ရင်နွေစပါးစိုက်ကွင်း၌ ကူဘိုတာ စပါးရိတ်သိမ်းခြွေ လှေ့စက်ဖြင့် နွေစပါး စံကွက်ရိတ်သိမ်းပွဲကို ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၃ ရက်က ပြုလုပ်ခဲ့သည်။

နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးဝင်းရွှေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်မောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးဦးခင်မောင်မြင့်နှင့် ဒေသခံတောင်သူလယ်သမားများ လာရောက်လေ့လာကြည့်ရှုပြီး အဆိုပါစံကွက်မှ တစ်ဧကလျှင် ၉၁ ဒသမ ၅၂ တင်းနှုန်း ထွက်ရှိခဲ့သည်။

ခေတ်မီစပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းဖြင့် ရိတ်သိမ်းစဉ်လေလွင့်ဆုံးရှုံးမှုများ သက်သာစေခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လယ်ယာမြေပျက်စီးမှုမရှိခြင်း၊ အလုပ်သမားရှားပါးမှု ပြဿနာကိုပြေလည်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် နွေစပါးဧက ၂၃၂၅၀ စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရပြီး လက်ရှိအချိန်တွင် မြို့နယ်အတွင်း စပါးပေါက်ဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# လူထုဗဟိုပြုစီမံကိန်းအရ ဆောင်ရွက်ခဲ့သော ကျောက်ချောလမ်းသစ်ဖွင့်

**မိုးကောင်း ဇူလိုင် ၅**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဆီးဒီယံကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇူလိုင် ၂ ရက်က ကျင်းပခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ လူထုဗဟိုပြုစီမံကိန်းမန်နေဂျာ ဦးလုခိုင်၊ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်နုတို့က ဖွင့်လှစ်ပေးကာ ညွှန်ကြားရေးမှူးချုပ်က ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များနှင့် တွေ့ဆုံပြီး စီမံကိန်းလုပ်ငန်းစဉ်များကို ဆွေနွေးမှာကြားခဲ့သည်။

ဆီးဒီယံကျေးရွာသည် အိမ်ခြေ ၅၂ အိမ်၊ လူဦးရေ ၂၅၉ ဦးရှိပြီး စီမံကိန်းမှရရှိငွေ ကျပ် ၂၂ သန်းထဲမှ ကျပ် ၂၀ ဒသမ ၃ သန်း အကုန်ကျခံ၍ အဆိုပါကျောက်ချောလမ်းကို ဖောက်လုပ်ခဲ့ကြောင်း၊ လမ်းအရှည် ပေ ၁၇၀၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မြတောင်ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းရံပုံငွေ ကျပ် ၂၂ သန်းဖြင့် တံတားချဉ်းကပ်လမ်း မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းခွင်ကို သွားရောက်စစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ညောင်ဦးမြို့နယ် ဓာတ်အားခွဲရုံအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ညောင်ဦး ဇူလိုင် ၅**

ညောင်ဦးမြို့နယ်အတွင်းသို့ လက်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံကို ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ကြီးကြပ်မှုဖြင့် ညောင်ဦးခရိုင်နှင့် မြို့နယ် လျှပ်စစ်ရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဇူလိုင်လဆန်းတွင် ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့သည် ခရီးသွားလုပ်ငန်းကို အဓိကထားဆောင်ရွက်နေရသည့် မြို့ဖြစ်သည်နှင့်အညီ မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရန်ရည်ရွယ်၍ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံကို ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင်မှု ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဓာတ်အားခွဲရုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ADB ချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်၍ စမ်းသပ်စစ်ဆေးရေးလုပ်ငန်းများ ပြီးစီးပါက ၁၀ အမ်ဗွီအေ ထရန်စဖော်မာသစ်ဖြင့် မြို့နယ်အတွင်းသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**




## မှုခင်းသတင်းတိုများ

### အဂတိလိုက်စားသောတောအုပ်၊ရဲအုပ်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးကိုအမှုဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်အတွင်း တရားမဝင်သစ်စက်လုပ်ငန်း လုပ်ကိုင်သူထံမှ အဂတိလိုက်စားသော တောအုပ်တစ်ဦး၊ ရဲအုပ်တစ်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးအား သဖန်းဆိပ်နယ်မြေရဲစခန်း၌ ဇူလိုင် ၃ ရက်က အမှုဖွင့်အရေးယူခဲ့ကြောင်းသိရသည်။

ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဇော်လင်းလင်းနိုင်၊ ပေပင်ချောင်ရဲကင်းစခန်းမှူး ရဲအုပ်ရာဇာကိုကိုနှင့် မော်ကယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်သိန်းတို့သည် တရားမဝင် သစ်စက်လုပ်ငန်းများထံမှ လစဉ် ငွေကြေးများယူ၍ အဂတိလိုက်စားကြောင်း သတင်းအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့က စုံစမ်းစစ်ဆေးခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက ဖုံမွှာကြိုးဝိုင်း၌ တရားမဝင် သစ်စက်လုပ်ငန်းလုပ်ကိုင်သူ စိုးမြင့်နှင့် စိန်မောင်ဝင်းတို့ထံမှ တောအုပ်ဇော်လင်းလင်းနိုင်က ငွေကျပ် ၂၅၀၀၀၀၊ ရဲအုပ်ရာဇာကိုကိုက ကျပ် ၁၅၀၀၀၀ နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်သိန်းက ကျပ် ၃၅၀၀၀ တို့ကို ရာထူးတာဝန်အကြောင်းပြုပြီး အဂတိလိုက်စားခဲ့သည်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တောအုပ် ဇော်လင်းလင်းနိုင်နှင့် ရဲအုပ် ရာဇာကိုကိုတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ(၅၆)အရလည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်သိန်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ(၅၇)အရလည်းကောင်း သဖန်းဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

### ကော့သောင်းမြို့တွင် WY ဆေးပြား ၂၅၀၀ ကျော်ဖမ်းဆီးရမိ

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ ကျော်ကို ဇူလိုင် ၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ကော့သောင်း မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင် များက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် တော်ဝင်လမ်းနေ ကောင်းဆက်ပိုင်(ခ) ဝိုင်းငယ် (၂၂နှစ်)၏ နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်စစ်ဆေး ရှာဖွေခဲ့ရာ WY ဆေးပြား ၅၃ ပြား၊ ဆေးရှူကိရိယာတစ်ခုနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးချက်အရ ယင်းဆေးပြားများကို အေးမြကန်သာ ရပ်ကွက်နေ အေးကို(ခ)ဗလကြီး(ခ)အာနိုး (၃၀နှစ်) ဆိုသူထံမှ တစ်ဆင့် ဝယ်ယူရရှိ ခဲ့ကြောင်း သိရသဖြင့် အေးကို၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးရာ WY ဆေးပြား ၂၅၇၈ ပြားနှင့် ဆေးဝါးရောင်းချရငွေကျပ် ၂၉၅၀၀၀ ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။ အေးကို၏ထွက်ဆိုချက်အရ ဆေးပြားများကို အေးရိပ်ငြိမ်ရပ်ကွက်နေ ကြည်စိုး(ခ)ကိုစိုး (၅၂နှစ်)ထံမှတစ်ဆင့် ဝယ်ယူခဲ့ကြောင်းသိရှိရသဖြင့် ကြည်စိုး၏ နေအိမ်တွင် ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါး သိမ်းဆည်းရမိခဲ့ခြင်းမရှိသော်လည်း ကြည်စိုးအား ဆက်လက်ဖမ်းဆီးခဲ့ပြီး ကောင်းဆက်ပိုင်၊ အေးကိုနှင့် ကြည်စိုးတို့အား သက်ဆိုင်ရာ ဥပဒေအရ အမှုဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

### ချောင်းအတွင်းရေဆင်းချိုးရာမှစတုတ္ထတန်းကျောင်းသားတစ်ဦးရေနစ်သေဆုံး

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာချောင်းအတွင်း ရေဆင်းချိုးသော စတုတ္ထတန်းကျောင်းသားတစ်ဦး ရေနစ်သေဆုံးမှု ဇူလိုင် ၂ ရက်က ဖြစ်ပွားခဲ့သည်။ ကော့ဘိန်းနယ်မြေစခန်းမှူး ရဲအုပ်ဇော်လင်း၏ သွားရောက်စစ်ဆေးချက်အရ ရေနစ်သေဆုံးသူမှာ အသက် ၁၀ နှစ်အရွယ်ရှိ မောင်စွန်ရော်ထောဖြစ်ပြီး သူငယ်ချင်းများနှင့်အတူ အကျယ် ပေ ၄၀ ခန့်၊ ရေအနက် ၁၁ ပေခန့်ရှိသည့် ကော့ဘိန်းချောင်းအတွင်း ရေဆင်းကူးရာမှ ရေနစ်ပျောက်ဆုံးသွားခြင်းဖြစ်ပြီး ကျေးရွာမှ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ကျေးရွာသားများက ချောင်းအတွင်း ဝိုင်းဝန်းရှာဖွေခဲ့ရာ ရေဆင်းကူးသည့်နေရာနှင့် ကိုက် ၂၀ အကွာတွင် ရေနစ်သေဆုံးနေသည်ကို ပြန်လည်ဆယ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကော့ဘိန်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

### ဗန်းမောက်မြို့နယ်တွင် တရားမဝင်သစ်များဖမ်းဆီးရမိ

ကသာခရိုင် ဗန်းမောက်မြို့နယ် ခေါင်းကိုက်ကျေးရွာအနီးတွင် တရားမဝင် သစ်စက်လုပ်ကိုင်နေသူတစ်ဦးအား ဇူလိုင် ၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ တရားမဝင်သစ်စက်လုပ်ကိုင်နေကြောင်း သတင်းအရ မံထုံရဲကင်းစခန်းမှူး ရဲအုပ်မင်းမော်နှင့် တပ်ဖွဲ့ဝင်များက မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ပြေလင်းနှင့် သစ်တောဝန်ထမ်းများနှင့်အတူ သွားရောက်ရှာဖွေစဉ် သစ်စက်လုပ်ကိုင်နေသည်ကို မတွေ့ရှိရသော်လည်း တရားမဝင် ကျွန်းသစ် ၁၂ လုံးနှင့် ကျွန်းခွဲသားဆိုက်ဆုံ ၃၅ ချောင်း၊ သစ်ခွဲရာတွင်အသုံးပြုသော သစ်သားဒလိမ့်တုံး နှစ်တုံးတို့ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပြီး ပိုင်ရှင်အားစုံစမ်းရာ သက္ကယ်ကျင်းကျေးရွာနေ ကျော်လွင် ၃၂ နှစ်ဖြစ်ကြောင်း သိရသဖြင့် ကျော်လွင်အား အမှုဖွင့်ထားပြီး ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

### ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက်၍နှစ်ဦးစလုံးသေဆုံး

မင်းလှမြို့နယ် ပုသိမ်-မုံရွာကားလမ်းပေါ်တွင် ဇူလိုင် ၂ ရက်က ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ်စီးနင်းသူနှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း ရေနံမနယ်မြေရဲစခန်းမှ သိရသည်။ ရှမ်းတပ်ရဲကင်းစခန်းမှူး ရဲအုပ်သက်နိုင်ဦး၏ သွားရောက်စစ်ဆေးချက်အရ မင်းလှမြို့နယ် ရှမ်းတပ်ကျေးရွာဘက်မှ ရွှေချောင်းကျေးရွာဘက်သို့ ညီထွေး(၁၉ နှစ်) မောင်းနှင်လာသော နံပါတ်မပါဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်မှ ဇော်ဝင်းထွဋ်(၁၈ နှစ်) မောင်းနှင်လာသော ၄၁ယ/---- ဆိုင်ကယ်တို့သည် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၂၃၅/၃)အနီး လမ်းအလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူနှစ်ဦးစလုံးမှာ နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ် သက်နိုင်ဦးက တရားလိုပြုလုပ်ကာ မင်းလှမြို့နယ် ရေနံမနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကာဗယ်ဟိုနဲ့ အာဆင်နယ်တို့ရဲ့ခြေလှမ်း



လာမယ့်ဘောလုံးရာသီအတွက် ပြင်ဆင်မှုတွေပြုလုပ်နေတဲ့ အာဆင်နယ်အသင်းဟာ ပေါ်တူဂီကလပ် လစ္စဘွန်းအသင်းက ကွင်းလယ်ကစားသမား ကာဗယ်ဟိုကို ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ပေးပြီး ခေါ်ယူဖို့ ကြိုးစားနေတာမို့ မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီးတို့ထက်ပိုပြီး ခြေမြန်လက်မြန်ရှိနိုင်မလား စောင့်ကြည့်နေကြပြီဖြစ်ပါတယ်။

တကယ်တော့ ကာဗယ်ဟိုဟာ ပြီးခဲ့တဲ့ လေးနှစ်ကာလလောက်ကလည်း ပရီမီယာလိဂ်ကို ခြေချဖို့ အလွန်နီးစပ်ခဲ့သူတစ်ဦးဖြစ်ပြီး ထိပ်တန်းအသင်းတွေရဲ့အာရုံစူးစိုက်မှုကို ခံခဲ့ရသူတစ်ဦးဖြစ်ပါတယ်။ မန်ယူနည်းပြ ဒေးဗစ်မိုယက်စ်လက်ထက်မှာ ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် နှစ်ဖက်အသင်း တာဝန်ရှိသူတွေရဲ့ ညှိနှိုင်းဆွေးနွေးမှုအဆင်မပြေခဲ့တာမို့ ကာဗယ်ဟိုဟာ မန်ယူအသင်းကို ရောက်ရှိမလာခဲ့ခြင်းဖြစ်ပါတယ်။

ဒါ့အပြင် မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ကလည်း ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် အကြောင်းကြောင်းတွေကြောင့် အကောင်အထည်မပေါ်လာခဲ့ပါဘူး။ ဒီနှစ်မှာတော့ မန်စီးတီးနည်းပြ ဂွာဒီယိုလာက ခေါ်ယူလိုတဲ့ ကစားသမားတွေထဲမှာ ကာဗယ်ဟိုပါဝင်နေတာမို့ ခေါ်ယူနိုင်ရေး ပြင်ဆင်နေတဲ့အချိန်မှာ အာဆင်နယ်က ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ အထိ ပေးမယ်လို့ ဈေးခေါ်ခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ကာဗယ်ဟိုဟာ ပေါ်တူဂီနိုင်ငံသားဖြစ်ပေမယ့် အင်ဂိုလာနိုင်ငံ လူအန်ဒါမြို့မှာ မွေးဖွားခဲ့သူဖြစ်ပါတယ်။ ပေါ်တူဂီနိုင်ငံသား ခံယူခဲ့တဲ့ ကာဗယ်ဟိုရဲ့ နာမည်အပြည့်အစုံက ဝီလီယံ ဆေးလ်ဗားဒီကာဗယ်ဟိုဖြစ်ပြီး ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းကလပ်မှာ ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကစားခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်မှာတော့ ပေါ်တူဂီကလပ်ဖာတီမာကို တစ်နှစ်အငှားနဲ့ သွားရောက်ကစားခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ ဆာလီဘတ်အသင်းမှာ သွားရောက်ကစားခဲ့ပြီး စပို့တင်းလစ္စဘွန်းမှာ လက်ရှိအချိန်အထိ ကစားနေသူဖြစ်ပါတယ်။

ကာဗယ်ဟိုဟာ ပေါ်တူဂီ ယူ-၁၇၊ ယူ-၁၈၊ ယူ-၁၉၊ ယူ-၂၀ နဲ့ ယူ-၂၁ အသင်းတွေမှာလည်း ပါဝင်ကစားခဲ့ပြီး ပေါ်တူဂီ လက်ရွေးစင်အသင်းအတွက်လည်း အခုအချိန်အထိ ၃၇ ပွဲကစားပေးခဲ့သလို ဂိုးလည်းသွင်းယူပေးနိုင်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ပေါ်တူဂီအသင်းနဲ့အတူ ၂၀၁၄ ကမ္ဘာ့ဖလားပွဲနဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲတွေမှာ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ခြေစွမ်းလည်း ပြနိုင်ခဲ့သူဖြစ်ပါတယ်။

ကာဗယ်ဟိုရဲ့ အဖိုးဖြစ်သူ ပရဲရားနဲ့ ဦးလေးဖြစ်သူ အဖွန်ဆိုတို့ဟာ ဘောလုံးသမားတွေဖြစ်ပြီး အင်ဂိုလာကလပ် ဆမ်ဘီဇန်ဂါအသင်းမှာ ကစားခဲ့ကြသူတွေဖြစ်ပါတယ်။ ကာဗယ်ဟို အသက်ငယ်ငယ်မှာပဲ ပေါ်တူဂီကို ပြောင်းရွှေ့ခဲ့ကြတာမို့ ငယ်စဉ်ဘဝက ဘောလုံးခြေစွမ်းကောင်းမွန်တဲ့ ကာဗယ်ဟိုဟာ အဖိုးတွေ၊ ဦးလေးတွေရဲ့ဘောလုံးပညာတွေကို ရယူနိုင်ခဲ့သူဖြစ်လို့ အခြေခံကောင်းတွေရရှိခဲ့သူလည်း ဖြစ်ပါတယ်။

အသက် ၂၅ နှစ်ရှိပြီဖြစ်တဲ့ ကွင်းလယ်ကစားသမား ကာဗယ်ဟိုဟာ စပိုတင်းလစ္စဘွန်းအသင်းအတွက် ပွဲပေါင်း ၂၀၄ ပွဲကစားပေးခဲ့ပြီး ဂိုးပေါင်း ၁၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ပေါ်တူဂီလက်ရွေးစင်အသင်းနဲ့အတူ ၂၀၁၆ ယူအီးအက်ဖ်အေ ချန်ပီယံ၊ ၂၀၁၇ ဖီဖာကွန်ဖက်ဒရေးရှင်းဖလားပွဲမှာ တတိယနဲ့ ၂၀၁၅ ယူအီးအက်ဖ်အေ ယူ-၂၁ မှာ ဒုတိယဆုတွေရယူပေးနိုင်ခဲ့ပါတယ်။

ကာဗယ်ဟိုရဲ့ ခြေစွမ်းကို သဘောကျနေတဲ့ နည်းပြ အာစင်ဝင်းဂါးကတော့ ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ကနေပြီး ယူရို ၇၇ သန်းအထိ ပေးမယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ အာဆင်နယ်အသင်းဟာ လိုင်ယွန်တိုက်စစ်မှူး လာကာဇက်ကိုလည်း ပြောင်းရွှေ့ကြေး ပေါင် ၄၄ သန်းနဲ့ခေါ်ယူဖို့ရှိနေပြီး အခု ကာဗယ်ဟိုကို ခေါ်ယူရေး စီစဉ်နေတာဖြစ်ပါတယ်။

ဒါကြောင့် ကာဗယ်ဟိုအနေနဲ့ အာဆင်နယ်ကို ရောက် မရောက်ကတော့ စိတ်ဝင်စားစရာစောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။ ။

◆ မိုးမြင့်လင်းလက် ◆

## ချယ်လ်ဆီးကို ပြိုင်ဘက်အဖြစ် မကစားလိုသဖြင့် ဗီလာအသင်းသို့ တယ်ရီပြောင်းရွှေ့

ချယ်လ်ဆီးအသင်းကနေပြီး ချန်ပီယံရှစ်ကလပ် ဗီလာအသင်းကို ပြောင်းရွှေ့ကစားဖို့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်တဲ့ နောက်ခံကစားသမား တယ်ရီက ပရီမီယာလိဂ်ကလပ်တွေက ခေါ်ယူလိုတဲ့ ကမ်းလှမ်းမှုတွေရရှိခဲ့ပေမယ့် နှစ်ပေါင်း အတန်ကြာ ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းကို ပြိုင်ဘက်အသင်း ကစားသမားအဖြစ် မကစားလိုသောကြောင့် ဖြစ်တယ်လို့ ဆိုလိုက်ပါတယ်။ အသက် ၃၆ နှစ်ရှိပြီဖြစ်တဲ့ နောက်ခံကစားသမားဂျွန်တယ်ရီဟာ ချယ်လ်ဆီးအသင်းမှာ ၁၉၉၈ ခုနှစ်ကနေပြီး ၂၀၁၇ ခုနှစ်အထိ ပရီမီယာလိဂ် ဘောလုံးပွဲပေါင်း ၄၉၂ ပွဲ ကစားပေးခဲ့ရာမှာ သွင်းဂိုး ၄၁ ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ နောက်ခံကစားသမားကောင်းတစ်ဦးဖြစ်ခဲ့ပါတယ်။

အင်္ဂလန် လက်ရွေးစင်အသင်းအတွက်လည်း ဘောလုံးပွဲပေါင်း ၇၈ ပွဲကစားပေးခဲ့ရာမှာ စုစုပေါင်း ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ကစားသမားလည်းဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်၊ အက်ဖ်အေဖလားပွဲ၊ လိဂ်ဖလားပွဲ၊ ဥရောပပွဲတွေအပါအဝင် ဘောလုံးပွဲပေါင်း ၇၁၇ ပွဲ ကစားပေးခဲ့ရာမှာ စုစုပေါင်း သွင်းဂိုး ၆၇ ဂိုး သွင်းယူပေးခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးအတွက် ပရီမီယာလိဂ်ဖလား (၅)ကြိမ်၊ အက်ဖ်အေဖလား (၅)ကြိမ်၊ လိဂ်ဖလား (၃)ကြိမ်၊ ကွန်မြူနတီဒိုင်း (၂)ကြိမ်၊ ချန်ပီယံလိဂ်ဖလား(၁)ကြိမ်နဲ့ ယူရိုပါလိဂ်ဖလားတစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

## ဂျော့ဝီယာရဲ့သား ၁၇ နှစ်အရွယ် တီမိုသေးဝီယာကို ပီအက်စ်ဂျီက သုံးနှစ်စာချုပ်ချုပ်ဆို




ဂျော့ဝီယာရဲ့သားဖြစ်သူ တီမိုသေးဝီယာကို ပီအက်စ်ဂျီအသင်းက သုံးနှစ်စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အသက် ၁၇ နှစ်အရွယ်သာရှိသေးတဲ့ တီမိုသေးဝီယာဟာ သူ့ရဲ့ဖခင်ဖြစ်သူ ဂျော့ဝီယာလို ခြေစွမ်းထက်မြက်တဲ့ကစားသမားတစ်ဦး ဖြစ်လာမယ်လို့ ပီအက်စ်ဂျီအသင်း တာဝန်ရှိသူတွေက ယုံကြည်နေပါတယ်။

ဖခင်ဖြစ်သူ ဂျော့ဝီယာဟာ ပီအက်စ်ဂျီအသင်းမှာ ၁၉၉၂ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်အထိ ကစားခဲ့ပြီး အာဖရိကအကောင်းဆုံး ဘောလုံးသမားဆု သုံးကြိမ်နဲ့ ၁၉၉၅ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုတစ်ကြိမ် ရရှိခဲ့သူဖြစ်ပါတယ်။ အခု အသက် ၅၀ အရွယ်ရှိပြီဖြစ်တဲ့ ဂျော့ဝီယာဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို အာဖရိကမှ တစ်ဦးတည်း ရယူနိုင်သေးတဲ့ ဘောလုံးသမားဖြစ်ပါတယ်။

အခု သားဖြစ်သူ တီမိုသေးဝီယာကတော့ ၂၀၁၄ ခုနှစ် ဇူလိုင်မှာ ပီအက်စ်ဂျီအကယ်ဒမီကို ရောက်လာခဲ့သူဖြစ်ပြီး ၂၀၁၆ ယူအီးအက်ဖ်အေ လူငယ်ဘောလုံးပြိုင်ပွဲမှာ ဘူလ်ဂေးရီးယားအသင်းကို ဟက်ထရစ်ဂိုး သွင်းနိုင်ခဲ့သူဖြစ်ပါတယ်။ ခြေစွမ်းထက်မြက်သူဖြစ်လို့ ပီအက်စ်ဂျီအသင်းကြီးက စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံထိုးသတ်ပွဲ ဂျိုးဆက်ပါကားနှင့် ဟူဂီဖူရီတို့ တွေ့ပြီ

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ဂျိုးဆက်ပါကားနဲ့ စိန်ခေါ်သူ ဟူဂီဖူရီတို့ရဲ့ လက်ဝှေ့ပွဲကို လာမယ့် စက်တင်ဘာ ၂၃ ရက်မှာ ယှဉ်ပြိုင်ထိုးသတ်ကြဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။

နယူးဇီလန်နိုင်ငံသား ဂျိုးဆက်ပါကားဟာ ကြေးစားလက်ဝှေ့ပြိုင်ပွဲတွေမှာ နိုင်ပွဲတွေရရှိအောင် ပြိုင်ဘက်ရဲ့ အားနည်းချက်ကို သေသေချာချာလေ့လာပြီး ပြင်ဆင်ချိန် အလုံအလောက် ယူကာ လေ့ကျင့်ပြီးမှ ထိုးသတ်လေ့ရှိသူဖြစ်တာမို့ ပွဲတိုင်းနီးပါး နိုင်ပွဲတွေ ရယူနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဂျိုးဆက်ပါကားနဲ့ ဟူဂီဖူရီတို့ဟာ ပြီးခဲ့တဲ့မေလတုန်းက ယှဉ်ပြိုင်ထိုးသတ်ဖို့ ရှိခဲ့ပေမယ့် ဗြိတိန်နိုင်ငံသား ဟူဂီဖူရီဟာ ကျောဒဏ်ရာ မသက်သာတာကြောင့် အခုလို ပြိုင်ပွဲရက်ကို ရွှေ့ဆိုင်းခဲ့ရတာ ဖြစ်ပါတယ်။ ဟူဂီဖူရီဟာ ပြိုင်ဘက်ကို အလဲထိုးနိုင်တဲ့စွမ်းရည်ရှိပြီး သက်လုံကောင်းသူတစ်ဦးလည်းဖြစ်ပါတယ်။




ဂျိုးဆက်ပါကားနဲ့ ဟူဂီဖူရီတို့ရဲ့ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံထိုးပွဲကိုတော့ ဗြိတိန်နိုင်ငံ မန်ချက်စတာအရီနာမှာ ယှဉ်ပြိုင်ထိုးသတ်ဖို့ သတ်မှတ်ထားတာမို့ ဂျိုးဆက်ပါကားက ဟဲဗီးဝိတ်ချန်ပီယံအဖြစ် ကာကွယ်နိုင်မလား၊ ဟူဂီဖူရီက လွဲပြောင်းရယူသွားမလားဆိုတာ အဖြေထွက်တော့မှာဖြစ်ပါတယ်။

# မုန်းချောင်းရေကြီးမှု လျော့နည်းပြီး ရေဘေးကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိ

ချင်းပြည်နယ်မှ စတင်စီးဆင်းလာသော မုန်းချောင်းသည် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်များကို ဖြတ်သန်းကာ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်လျက်ရှိသည်။ မုန်းချောင်းပေါ်တွင် မဲဇလီရေလွှဲဆည်ကို ၁၉၁၀ နှစ်က တည်ဆောက်ခဲ့ပြီး လယ်မြေဧက ၈၀၀၀၀ ကျော် ကို ဆည်ရေပေးဝေလျက်ရှိသည်။ မဲဇလီရေလွှဲဆည်၏ အထက်ဘက်တွင် ၂၀၁၄ ခုနှစ်က မုန်းချောင်းရေလှောင်တမံနှင့် ၂၀၁၂ ခုနှစ်တွင် ကြီးအုံကြီးဝ ရေလှောင်တမံတို့ကို အဆင့်ဆင့် တည်ဆောက်ခဲ့သည်။ အဆိုပါတမံများ တည်ဆောက်ရခြင်းမှာ မဲဇလီဆည်ရေသောက် ဧရိယာတွင် မိုးစပါးသာမက နွေစပါး၊ နွေသီးနှံများအတွက်ပါ ဆည်ရေပြည့်ဝစွာ ပေးဝေနိုင်ရန်၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်နှင့် မုန်းချောင်းဘေးရှိ မြို့ရွာများအား ရေဘေးမှ ကာကွယ်နိုင်ရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ကိုမန်မုန်တိုင်း ဝင်ရောက်ခဲ့မှုကြောင့် မုန်းချောင်းထဲတွင် စီးဆင်းရေသည် အဆမတန်များပြားခဲ့ကာ မုန်းချောင်းရေလှောင်တမံ ပင်မရေပိုလွှဲပေါ်မှ ၃၅ ဒသမ ၈ ပေ၊ ကြီးအုံကြီးဝရေလှောင်တမံ ပင်မရေပိုလွှဲပေါ်မှ ၃၃ ဒသမ ၃ ပေနှင့် အကူရေပိုလွှဲပေါ်မှ ၂၉ ဒသမ ၃ ပေ ရေကျော်စီးဆင်းခဲ့သည်။ မုန်းချောင်းအတွင်း စီးဆင်းရေများပြားနေချိန်တွင် ဧရာဝတီမြစ်တွင်လည်း စိုးရိမ်ရေအမှတ်အထက် ရောက်ရှိနေပြီး ဧရာဝတီမြစ်ရေထောက်မှုကြောင့် မုန်းချောင်းရေမှာ လွတ်လပ်စွာစီးဆင်းခွင့်မရသဖြင့် ရေပိုမိုမြင့်တက်လာကာ မုန်းချောင်းဘေးရှိ ပွင့်ဖြူမြို့နယ်နှင့် ကျေးရွာများမှာ ရေဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အလားတူ ကြီးအုံကြီးဝရေလှောင်တမံ၏ သိုလှောင်ရေသည်လည်း များစွာမြင့်တက်ခဲ့မှုကြောင့် ရေဝပ်ဧရိယာအနီးရှိ စေတုတ္တရာမြို့နှင့် ကျေးရွာအချို့မှာလည်း ရေဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည်။



တူးဖော်ပြီးစီးနေသော ပွင့်ဖြူမြို့နယ် အုတ်ပုံရေဆိုးထုတ်မြောင်း



တိုးချဲ့တည်ဆောက်ပြီးစီးနေသော ကြီးအုံကြီးဝရေလှောင်တမံ အကူရေပိုလွှဲ

၂၀၁၅ ခုနှစ်က ကိုမန်မုန်တိုင်းကြောင့် ကြီးအုံကြီးဝရေလှောင်တမံ အထက်ဘက်ရှိ စေတုတ္တရာမြို့နှင့် ကျေးရွာအချို့တွင် ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် အလားတူမုန်တိုင်းမျိုး ထပ်မံဖြစ်ပေါ်လာပါက အဆိုပါမြို့ရွာများ ရေဘေးအန္တရာယ် သက်သာစေရန်အတွက် မုန်းချောင်းရေလှောင်တမံတွင် ပေ ၂၂၀ အကျယ်ရှိ အကူရေပိုလွှဲအသစ်တည်ဆောက်ခြင်းနှင့် ကြီးအုံကြီးဝရေလှောင်တမံတွင် လက်ရှိ အကူရေပိုလွှဲကို ပေ ၂၀၀ တိုးချဲ့ခြင်း လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ရေပိုလွှဲများ တိုးချဲ့တည်ဆောက်ထားခြင်းဖြင့် တမံအတွင်း စီးဝင်ရေကို ရေပိုလွှဲများပေါ်မှ ပိုမိုရေကျော် စီးဆင်းနိုင်သဖြင့် ကန်တွင်သိုလှောင်ရေကို လျင်မြန်စွာ လျှော့ချနိုင်သည်။

ကြီးအုံကြီးဝရေလှောင်တမံ အောက်ဘက်ရှိ ပွင့်ဖြူမြို့နယ်နှင့် ကျေးရွာများတွင်လည်း ကိုမန်မုန်တိုင်းကြောင့် အလားတူ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသဖြင့် ထိုမုန်တိုင်းမျိုး ထပ်မံဖြစ်ပေါ်လာပါက အဆိုပါမြို့ရွာများ ရေဘေးအန္တရာယ် သက်သာစေရန်အတွက် မဲဇလီဆည်ရေသောက် ဧရိယာအတွင်းရှိ ရေဆိုးထုတ်မြောင်းများကို ပြန်လည်တူးဖော်ခြင်းနှင့် ရေဆိုးထုတ်အဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကြောင့် ချောင်းများ၏ ရေစီးရေလာ ကောင်းမွန်လာစေပြီး ချောင်းရေကို အလျင်အမြန် လျော့ကျသွားစေမည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ်အတွင်း ရေကြီးမှုမှ ကာကွယ်ရန်အတွက် မဲဇလီဆည်ရေသောက်ဧရိယာတွင် အလျားပေ ၄၀၀၀၀ ရှိ တောင်မုန်း ရေဆိုးထုတ်မြောင်း (၁၀-က)နှင့်(၁၁)တို့ကို တူးဖော်ခြင်း၊ အလျားပေ ၃၅၀၀၀ ရှိ အုတ်ပုံရိုးရေဆိုးထုတ်မြောင်း တူးဖော်ခြင်း၊ အလျား ၃၉၀၀၀ ပေရှိ ဝရာ ရေဆိုးထုတ်မြောင်း တူးဖော်ခြင်း၊ တောင်မုန်းမြောင်း လက်တံ(၆)နှင့် လက်တံ(၇)ကြားတွင် အလျား ၂၆၃၀၀ ပေရှိ ရေဆိုးထုတ်မြောင်းတူးဖော်ခြင်း၊ အလျား ပေ ၂၂၈၀၀ ရှိ ဘုမချောင်း(ခ) အနုန်းပွဲချောင်း တူးဖော်ခြင်းနှင့် ရွာခိုင်-ကုန်းဇောင်း ရေဆိုးထုတ်မြောင်း တူးဖော်ခြင်းများကိုလည်း ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

အလားတူ မဲဇလီဆည်ရေသောက်ဧရိယာအတွင်းရှိရေဆိုးထုတ် အဆောက်အအုံများမှ တောင်မုန်းမြောင်း လက်တံ (၂) ပေတိုင်(၃၈+၅၀၀)အဆောက်အအုံတွင် ပေ (၄×၃)တစ်ပေါက်နှင့် မြောက်မုန်းမြောင်း ပေတိုင် (၁၁၂+၈၀၀) အဆောက်အအုံတွင် ပေ(၃ ×၃) နှစ်ပေါက်တို့ကို တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

ရေလှောင်တမံများရှိ ရေပိုလွှဲများကို တိုးချဲ့တည်ဆောက်ထားခြင်း၊ ရေသောက် ဧရိယာများအတွင်း ရေစီးရေလာ ကောင်းစေရန် ချောင်းရိုးများနှင့် ရေဆိုးထုတ်မြောင်းများကို တူးဖော်ထားခြင်းတို့ဖြင့် မုန်းချောင်းရေကြီးမှုကို လျော့နည်းစေပြီး ပတ်ဝန်းကျင်မြို့ရွာများနှင့် ဒေသခံပြည်သူများအား ရေဘေးအန္တရာယ်မှ လျော့နည်းသက်သာစေမည်ဖြစ်ပေသည်။

**သတင်းဆောင်းပါး-သူရထွန်း (ပွင့်ဖြူ)**

## ချင်းတောင်နှင့် ကလေးဒေသထွက်ကြက်သွန်နီများ ဈေးကွက်ဝင်၍အရောင်းအဝယ်ဖြစ်

**ကလေး ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကြက်သွန်နီဈေးကွက်တွင် ချင်းတောင်ထွက်ကြက်သွန်နှင့် ကလေးဒေသထွက်ကြက်သွန်ဟူ၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ချင်းတောင်ကြက်သွန်နီကို တမူးနယ်စပ် မဏိပူရပြည်နယ်ဘက်မှ ဝယ်ယူမှုများပြီး ကလေးဒေသထွက်ကြက်သွန်နီများကို မုံရွာ၊ ပခုက္ကူ၊ ချင်းတွင်း အထက်ပိုင်းနှင့် ချင်းတောင်ဒေသသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

ချင်းတောင်ပေါ်တွင် ကြက်သွန်နီကို ချင်းတိုင်းရင်းသား အများစုက စီးပွားဖြစ်စိုက်ပျိုးကြပြီး ဖလမ်းမြို့နယ်အတွင်း ဗားလုံ၊ လာသီး၊ လုံဗန်း၊ ပါရ်သဲနှင့် ဘွာလ်ခွါကျေးရွာများမှ အဓိကထွက်ရှိကြောင်း၊ ယင်းကျေးရွာများမှထွက်ရှိသော ကြက်သွန်နီကို ကလေးမြို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ကြက်သွန်နီကို ချင်းတောင်ပေါ်၌သာမက ကလေးမြို့နယ်အတွင်း စည်ပင်ကြီး၊ ဆည်တော်ဦး၊ ကျောင်းတိုက်ကျေးရွာနှင့် တောင်ဖီလာ၊ မွန်ထာ၊ ကြို့သုံးပင်ရပ်ကွက်များတွင်လည်း စီးပွားဖြစ် အပြိုင်အဆိုင် စိုက်ပျိုးကြကြောင်း တစ်ပိုင်တစ်နိုင် ကြက်သွန်နီစိုက်နေသည့် တောင်သူတစ်ဦးက ပြောသည်။



"ကလေးဒေသထွက် ကြက်သွန်နီက အလုံးသေးပြီး အဝယ်လိုက် ဈေးကောင်းရတဲ့ ဈေးကွက်ဝင်ကြက်သွန်ဖြစ်တယ်။ ချင်းတောင်ကြက်သွန်နီက အလုံးလှပြီး ဈေးလည်းပိုချိုတယ်။ ဒါ့ကြောင့် ကလေးမြို့ ဒေသခံတွေအများစုကတော့ ကိုယ့်နယ်ကထွက်တဲ့ ကြက်သွန်နီထက် ချင်းတောင်ထွက်ကြက်သွန်နီကို ပိုပြီးကြိုက်ကြတယ်"ဟု ကလေးမြို့တာဟန်းရပ်ကွက်ပွဲရုံရှိ ကုန်စိမ်းဒိုင်တစ်ဦးက ပြောသည်။

ယခုရက်ပိုင်းတွင် ကလေးဒေသထွက် ကြက်သွန်နီဈေးနှုန်းမှာ ယခင်လများထက် ဈေးမြင့်တက်လာပြီး ချင်းတောင်ထွက်ကြက်သွန်နီ တစ်ပိဿာလျှင် လက်လီပေါက်ဈေး ကျပ် ၁၀၀၀ နှင့် ကလေးဒေသထွက် ကြက်သွန်နီ တစ်ပိဿာလျှင် လက်လီပေါက်ဈေး ကျပ် ၁၂၀၀ ရှိနေကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

## သတင်းတို

### ယာဉ်တိုက်မှုစာရင်းပညာပေးဆိုင်းဘုတ်များစိုက်ထူ

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အတွင်း ယာဉ်အန္တရာယ်အကြောင်း ပြည်သူများသိရှိနားလည်စေရန်အတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ မေလ အထိ ယာဉ်တိုက်မှုများစာရင်း ဆိုင်းဘုတ်များကို မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ လမ်းညွှန်မှုအရ ဇူလိုင် ၃ ရက်က စိုက်ထူအသိပညာပေးခဲ့ကြောင်း သိရသည်။ သုဝဏ္ဏဝတီမြို့ သိမ်ဆိပ် နယ်မြေရဲစခန်းမှူး ရဲအုပ်သိုက်စိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပြည်သူများနှင့်အတူ မြို့အတွင်း လမ်းဆုံလမ်းခွများ၌ ဆိုင်းဘုတ်များ လိုက်လံစိုက်ထူခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း သိမ်ဆိပ်နယ်မြေရဲစခန်းအပိုင် နယ်မြေအတွင်း၌ ယာဉ်တိုက်မှုပေါင်း ၁၈ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၁ ဦး ဒဏ်ရာရသူပေါင်း ၂၅ ဦး ရှိကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။ **ခွန်(ဝင်းပ)**

### ကျေးလက်သတင်းထောက်များသင်တန်းဆင်းပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စိန်ဂျိုးဇက်အောက်မေ့ဖွယ်ခမ်းမရုံတွင် ဖွင့်လှစ်ပို့ချခဲ့သော ကျေးလက်သတင်းထောက်များအတွက် သတင်းစာပညာသင်တန်းဆင်းပွဲကို ဇွန် ၃၀ ရက်က အဆိုပါခမ်းမရုံ၌ ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် သင်တန်းနည်းပြဆရာ ဦးနိုင်မင်းဝေက ဩဝါဒစကား ပြောကြားပြီး သင်တန်းတက်ရောက်ခဲ့သော သင်တန်းသား သင်တန်းသူ ၂၅ ဦးအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို မဇ္ဈိမသတင်းမီဒီယာအဖွဲ့က ဦးဆောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သော သတင်းထောက်များသည် ဇူလိုင် ၁ ရက်တွင် အင်းလေးဒေသရှိ ဖောင်တော်ဦးစေတီတော်နှင့် ရွှေဟောင်းသမိုင်းဝင် ရွှေအင်းတိမ်ဘုရားတို့ကို သွားရောက်ဖူးမြော်ကာ ဒေသန္တရဗဟုသုတများ လေ့လာခဲ့ကြောင်း သိရသည်။ **နီတိုး**

## ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေး

**မော်လူး ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃ ရက်က ကျင်းပခဲ့ပြီး ကျန်းမာရေးစစ်ဆေးခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်အေးက အမှာစကားပြောကြားပြီး အင်းတော်မြို့နယ် သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာမေစုမွန်က သွားနှင့်ခံတွင်းရောဂါအကြောင်းနှင့် ဒေါက်တာအောင်မျိုးနိုင်က စနစ်မှန်သွားတိုက်နည်းအကြောင်း၊ မော်လူးတိုက်နယ်ဆရာဝန် ဒေါက်တာ ဝတ်မှုံထွန်းက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးတို့ကို အသိပညာပေးဟောပြောကြပြီး KG တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူများအား သွား၊ ခံတွင်းနှင့် တစ်ကိုယ်ရေကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးကာ သွားတိုက်ဆေးနှင့် ကျန်းမာရေးအတွက် ဆေးဝါးများ အခမဲ့ပေးအပ်ခဲ့သည်။

"ကျောင်းသူများအတွက် သီးသန့်အားဆေးကိုတော့ ပဥ္စမတန်းမှ ဒသမတန်းအထိ တပတ်နှစ်ကြိမ်ကျ သောက်သုံးဖို့ပေးပြီး KG တန်းနဲ့ ပထမတန်း ကျောင်းသား ကျောင်းသူ ၉၀ ကိုတော့ သွားနုတ်၊ သွားပေါက်ဖာ၊ သွားပြုပြင်တာတွေ ပြုလုပ်ပေးနိုင်ခဲ့ပါတယ်"ဟု မော်လူးတိုက်နယ် ကျန်းမာရေးဌာနမှ ကျန်းမာရေးကြီးကြပ်(၁) ဦးကြည်ကိုကိုက ပြောကြားသည်။

**ညိုမင်းထက်(မြန်မာစာ)**



# ဖန်မျက်လုံးနှင့် အဝါရောင်အတွေးများ

မြင့်ထွေး(ဟိုတယ် / ခရီး)

အသစ်အသစ်တို့သည်ကား ကြာလာသည်နှင့် ဟောင်းသွားမြဲဖြစ်ပါသည်။ မည်မျှပင်သစ်လွင်အောင် ဖန်တီးကြိုးစားနေစေကာမူ ဆန်းသစ်မှုများကို အချိန်တိုင်း တီထွင်ကြံဆနေခြင်းကြောင့် မည်သည့်အရာမျှ တည်မြဲခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်ပြီး တည်မြဲမှုမရှိသော လောကကြီးတွင် သမိုင်းကြောင်းကောင်းစွာ ကျန်ရစ်ခဲ့သူများဖြစ်ကြရန် ကြိုးစားလုပ်ဆောင်လျက်ရှိနေကြပါသည်။

အနုပညာဆန်ဆန် နူးညံ့လှပစွာ ခံစားဖန်တီးမှုပညာနှင့် သိမ်မွေ့နက်ရှိုင်းသော လူမှုဆက်ဆံရေး ပညာများကို ပေါင်းစပ်ပုံဖော်ကာ သဘာဝပတ်ဝန်းကျင်ကို အကျိုးရှိစွာအသုံးပြုရင်း နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအထိ အဓိကအထောက်အကူပေးနေသည့် စီးပွားရေးလုပ်ငန်းကိုပြပါဆိုလျှင် ခရီးသွားလုပ်ငန်းကို ကျွန်တော်ပြဆိုမည်ဖြစ်ပါသည်။ ယခုအခါ ခရီးသွားလုပ်ငန်းသည် ဂေဟစနစ်များပျက်စီးမှုမရှိစေဘဲ နိုင်ငံခြားဝင်ငွေကို အချိန်တိုအတွင်း အများဆုံးရှာဖွေပေးနိုင်သည့် လုပ်ငန်းတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်နေပြီဖြစ်ပါသည်။

ဤခရီးသွားလုပ်ငန်းဖြင့် နိုင်ငံအတွင်းရှိ ပြည်သူတို့၏ လူမှုစီးပွားကို တိုးတက်မြင့်မားစေရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ပြည်သူများနှင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးအပါအဝင် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း နှစ်ပေါင်း ၂၀ မှ ၄၀ နှစ်ထက်မနည်း လုပ်ကိုင်နေသော ပုဂ္ဂိုလ်များ၏ အတွေ့အကြုံ၊ အသိပညာ၊ အတတ်ပညာ၊ နိုင်ငံတကာ အမြင်များဖြင့် မိမိတို့နိုင်ငံနှင့် သင့်လျော်သောကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၊ အဏ္ဏဝါခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို အဓိကဦးတည်သည့် ခရီးသွားပုံစံကိုချမှတ်ကာ ခရီးသွားလုပ်ငန်းကြီး စဉ်ဆက်မပြတ် ရှင်သန်ခိုင်မြဲစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုဝန်ကြီး၏ ၁၃. ၅. ၂၀၁၆ ရက်နေ့ ချင်းပြည်နယ် ကန်ပက်လက်ခရီးစဉ်တွင် ဆော်လောင်းကျေးရွာ၌ ကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေးအတွက် ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများထံမှ သဘောထားတောင်းခံစဉ် ပြည်ထောင်စုဝန်ကြီး ပြောကြားခဲ့သောစကားများမှာ ကျွန်တော်၏ အသက် ၅၄ နှစ်သက်တမ်းအတွင်း ပထမဦးဆုံးကြားခဲ့ရသော စကားလုံးများဖြစ်ကာ အလွန်နှစ်ခြိုက်မိသည်။

ပြည်ထောင်စုဝန်ကြီးက "ကျွန်တော်တို့အစိုးရဟာ ဒီမိုကရေစီအစိုးရဖြစ်ပါတယ်။ ပြည်သူလူထုရဲ့သဘောထားဆန္ဒနဲ့ ရွေးချယ်တင်မြှောက်ထားတာဖြစ်တဲ့အတွက် ဒီမိုကရေစီကျင့်စဉ်တွေနဲ့အညီ အများရဲ့ဆန္ဒသဘောထားကိုပဲ ရယူချင်ပါတယ်။ ဆော်လောင်းကျေးရွာနေ ပြည်သူတွေရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ လူမှုစီးပွားတွေကို မြှင့်တင်ပေးနိုင်မယ့် ကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို ပြည်ထောင်စုဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အပါအဝင် ညီနောင်အသင်းများမှ ဆောင်ရွက်ပေးလိုပါတယ်။ ဆော်လောင်းကျေးရွာနေ ပြည်သူများက သဘောတူလက်ခံရင် ဆောင်ရွက်ပေးပါမယ်။ သဘောမတူရင် မဆောင်ရွက်ပေးပါဘူး" ဟု ပွင့်လင်းမြင်သာစွာဆန္ဒခံယူခဲ့ရာ ကျေးရွာ၏ သဘောတူညီမှုနှင့် ဆန္ဒအရ ကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းစတင်ရန်အတွက် ခုနစ်လခန့် ကာလအတွင်း လိုအပ်သောကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး ၃.၁.၂၀၁၇ ရက်နေ့တွင် ချင်းပြည်နယ် အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ကန်ပက်လက်၊ မင်းတပ်၊ မတူပီ၊ ပလက်ဝတာဝန်ခံ ဦးဆလိုင်းအိုက်ဇက်ခင်က ဖွင့်လှစ်ပေးခဲ့သဖြင့် ကမ္ဘာလှည့်ခရီးသည်များပင် ဝင်ရောက်လည်ပတ်နေပြီဖြစ်ပါသည်။

ကျွန်တော်တင်ပြလိုသည်မှာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အများ၏ သဘောထားဆန္ဒ၊ အကြံဉာဏ်များရယူပူးပေါင်းဆောင်ရွက်ကာ လုပ်ငန်းအကောင်အထည်ဖော်မှုကို ခရီးသွားကဏ္ဍတွင် လက်တွေ့ကျကျ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအတွက် မူဝါဒများ၊ ရည်မှန်းချက်များ ဆောင်ရွက်ရာတွင် အထက်မှချမှတ်သည့် တစ်မိန့်တစ်အာဏာဖြင့် ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ လက်အောက်ဝန်ထမ်းများ၏ အကြံဉာဏ် သဘောထားဆန္ဒများရယူခြင်း၊ ဆက်နွှယ်သော ဝန်ကြီးဌာနများ၏သဘောထားများနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်များတောင်းခံခြင်း၊ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ခြင်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် သင့်လျော်သော ခရီးသွားလုပ်ငန်းအမျိုးအစားများကိုရွေးချယ်ကာ ဆက်စပ်သော ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ အမှတ်တရပစ္စည်းများ ရောင်းချရေးလုပ်ငန်း၊ ခရီးသွားမြှင့်တင်ရေးလုပ်ငန်း၊ ကမ္ဘာလှည့် ခရီးသည်များ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းစသည့် လုပ်ငန်းများဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်စေရန်ဆောင်ရွက်လျက်ရှိသကဲ့သို့ ခရီးစဉ်ဒေသ အသစ်များဖော်ထုတ်ရေး၊ ခရီးစဉ်ဒေသများရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက်ကိုပါ အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ခရီးသွားလုပ်ငန်းသည် ဂေဟစနစ်များပျက်စီးမှုမရှိစေဘဲ နိုင်ငံခြားဝင်ငွေကို အချိန်တိုအတွင်းအများဆုံး ရှာဖွေပေးနိုင်သည့် လုပ်ငန်းတစ်ခုအဖြစ် မားမားမတ်မတ်ရပ်တည်နေပြီဖြစ်**

ပတ်ဝန်းကျင်နိုင်ငံအချို့တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရင်း ယဉ်ကျေးမှုဒွေးရောယှက်တင်ဖြစ်ပြီး နိုင်ငံဂုဏ်သိက္ခာကျဆင်းခဲ့ရခြင်း၊ သဘာဝအရင်းအမြစ်များ ပျက်စီးယိုယွင်းခဲ့ရခြင်းများကို နမူနာယူကာ မိမိတို့နိုင်ငံအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွားအစီအမံများကို အကြီးအကဲများက ရေရှည်မျှော်တွေး၍ နိုင်ငံတကာမှပညာရှင်များ၊ အကူအညီ အထောက်အပံ့များ၊ ပြည်တွင်းလုပ်ငန်းရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များဖြင့် ဆွေးနွေးညှိနှိုင်းကာ မြန်မာနိုင်ငံ ခရီးသွားလာရေး ဥပဒေ (Myanmar Tourism Law)၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမဟာစီမံကိန်း (Myanmar Tourism Master Plan)၊ ကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်း မူဝါဒ (Community Involvement in Tourism Policy)၊ တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ (Responsible Tourism Policy)၊ မြန်မာနိုင်ငံသဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာ (Myanmar Ecotourism Policy and Management Strategy)၊ ကမ်းခြေရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန်အမိန့်နှင့် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်ရန် အခြေခံအချက်များကို ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ဒေသတချို့တွင် ဝင်ရောက်လည်ပတ်သော နိုင်ငံတကာဧည့်သည်အရေအတွက်နှင့် တည်ဆောက်ဖွင့်လှစ်ပြီးသော အခန်းအရေအတွက်များကို နှိုင်းယှဉ်ရာတွင် တည်းခိုမှု ရာခိုင်နှုန်းမှာ ၂၈ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအတွင်းသာရှိနေခြင်းကြောင့် ဟိုတယ်များ၏ အခန်းများပိုလျှံနေသဖြင့် လေ့လာဆန်းစစ်မှုများ မလုပ်နိုင်သောလုပ်ငန်းရှင်များအနေနှင့် ထပ်မံရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပါက အကျိုးအမြတ် ပြန်လည်ရရှိမှုမရှိနိုင်သည့်အပြင် ဆုံးရှုံးနစ်နာမှုများပါ ဖြစ်ပေါ်နိုင်သည့်အတွက် အဆိုပါဒေသအတွင်းရှိ လုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်း၍ သဘောထားရယူကာရင်းနှီးမြှုပ်နှံမှုအသစ်ပြုလုပ်မည့် ဟိုတယ်လုပ်ငန်းများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့မှ စနစ်တကျစိစစ်ပြီး ထောက်ခံတင်ပြပေးရေးကို ဆောင်ရွက်ခဲ့ရာ အနုတ်လက္ခဏာဆောင်သော ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်များ ခရီးစဉ်လှည့်လည်သွားလာရာတွင် လုံခြုံချောမွေ့စွာသွားလာလည်ပတ်နိုင်ရေးအတွက် ပို့ဆောင်ပေးနေသည့် ပို့ဆောင်ရေးမော်တော်ယာဉ်များ၊ စက်လှေများအား ကမ္ဘာလှည့်ခရီးသည်များ လှည့်လည်ပို့ဆောင်ပြသနိုင်သည့် အဆင့်အတန်းနှင့် လျော်ညီစွာရှိစေရန် သတ်မှတ်ချက်စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ထားခြင်းရှိ / မရှိ၊ စနစ်တကျစိစစ်ကာ လိုင်စင်နှင့် အသိအမှတ်ပြုကတ်ပြားများ ဆောင်ရွက်ပေးခဲ့ခြင်းအပေါ်တွင်လည်း အပြုသဘောမဆောင်သော ပြစ်တင်မှုများ ဆောင်ရွက်ခဲ့ကြသည်။

ဒေသအသီးသီးသို့လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား မိမိဒေသ၏ခရီးစဉ် အကြောင်းအရာများကို ရှင်းလင်းပြသနိုင်ရန်အတွက် ဒေသဧည့်လမ်းညွှန်များအဖြစ် ပြုစုပျိုးထောင်မွေးမြူ၍ ဧည့်လမ်းညွှန်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးကာ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီး သတ်မှတ်နှစ်ကာလပြည့်ပါက ဆန်းစစ်ဆောင်ရွက်ကာ ဧည့်လမ်းညွှန်ကြီးများအဖြစ်သို့ တိုးမြှင့်ဖန်တီးပေးခဲ့ရာတွင်လည်း အပြစ်တင်စောကြောမှုများ ပြုလုပ်ကြသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နိုင်ငံအတွင်းလည်ပတ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာလည်ပတ်နိုင်ရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းမှုမရရှိသေးသော နယ်မြေများကို သွားရောက်ပါက မလိုလားအပ်သော အုပ်ချုပ်မှုဖြစ်စဉ်များ တစ်စုံတစ်ရာပေါ်ပေါက်လာနိုင်ပြီး နိုင်ငံ၏ပုံရိပ်ကို ထိခိုက်နိုင်ခြင်းကြောင့်လည်းကောင်း၊ လုံခြုံရေးစိတ်ချရမှု မရှိသေးသော ဒေသအချို့ကို သက်ဆိုင်ရာဌာနများက ကန့်သတ်ဒေသအဖြစ် သတ်မှတ်ပြီး သွားရောက်ခွင့်မပြုခြင်း အပေါ်တွင်လည်းကောင်း၊ ပြစ်တင်ပြောဆိုမှုများနှင့်အတူ ပုဂ္ဂိုလ်ရေးထိုးနှက်တိုက်ခိုက်မှုများပင် ပြုလုပ်လာကြသည်။ မြန်မာနိုင်ငံတွင် ကန့်သတ်ထားမှုမရှိဘဲ လွတ်လပ်စွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်သော အခြားစိတ်ဝင်စားဖွယ်ကောင်းသည့် ခရီးစဉ်များစွာရှိနေပါလျက် ဒီကန့်သတ်ဒေသကိုပင် လက်ညှိုးထိုးနေကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၅၀၀၀၀ ကျော်ရှိရာ ကျေးလက်ရှိ ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို အထောက်အကူပြုစေသည့်အပြင် တစ်ဦးချင်း ဝင်ငွေတိုးပွားစေကာ လူမှုစီးပွားကို တိုးတက်မြင့်မားစေသည့် ကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို တိုင်းဒေသကြီး / ပြည်နယ်အသီးသီးတွင် မြှင့်တင်ဖော်ဆောင်ရန် မူဝါဒချမှတ်ပြီးသည့် အချိန်မှစ၍ လူထုအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်မည့် ကျေးရွာများကို တိုင်းဒေသကြီး / ပြည်နယ်အစိုးရများ၏ ဦးဆောင်မှုများဖြင့် ကွင်းဆင်းလေ့လာ ဆန်းစစ်ရှာဖွေဖော်ဆောင်ခဲ့ကြသည့်အပြင် နိုင်ငံအတွင်းနှင့် ပြည်ပခရီးသွားပွဲတော်များအထိ မြှင့်တင်ကြော်ငြာခဲ့ကြသဖြင့် နိုင်ငံတကာမှ ချီးမြှင့်သောဆုများကို အကြိမ်ကြိမ်ရရှိခဲ့ကြသော်လည်း အနုတ်လက္ခဏာဆောင်သူတို့ကတော့ ဆက်လက်ပြောဆိုနေကြဆဲ ဖြစ်ပါသည်။

နေပြည်တော်ကြီးတွင် ရင်းနှီးမြှုပ်နှံမှုကြီးမားစွာ ဆောင်ရွက်ထားခဲ့ကြသော လုပ်ငန်းရှင်များအနေဖြင့် နေပြည်တော်သို့လာရောက်သော ကမ္ဘာလှည့်ခရီးသည် နည်းပါးမှုကြောင့် လုပ်ငန်းလည်ပတ်ရန် အခက်အခဲများရှိလာသဖြင့်ခရီးစဉ်ဒေသတစ်ခုအဖြစ်ယှဉ်တွဲဖော်ဆောင်ကာ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ကြိုးစားခဲ့ကြပါသည်။ နေပြည်တော်သည် စနစ်တကျတည်ဆောက်ထားသော မြို့တော်ဖြစ်၍ သာယာလှပသော ဥယျာဉ်ကြီးတစ်ခုသဖွယ်ဖြစ်ကာ လာရောက်သော ကမ္ဘာလှည့်ခရီးသည်များ လေ့လာလည်ပတ်နိုင်သည့် ဖိုးကျားဆင်စခန်း၊ ငလိုက်ဆည်နှင့် ဆင်စခန်း၊ Land Mark၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ လေ့ခွင်းတောင်၊ ရေပူစမ်း၊ ဥပ္ပါတသန္တိစေတီ၊ မင်းဝင်တောင်၊ ဗုဒ္ဓဂါယာ၊ သကျရံသီရပ်တော်မူဘုရား၊ လွှတ်တော်စသည်တို့ဖြင့် လေ့လာလည်ပတ်စရာများစွာရှိသည်ဖြစ်၍ Green City အဖြစ် ကြော်ငြာကာ နေပြည်တော်တွင် အနည်းဆုံး တစ်ညအိပ်ခရီးစဉ်များရေးဆွဲ ပို့ဆောင်ရေးအတွက် ခရီးသွားကုမ္ပဏီများသို့ မြှင့်တင်ဆောင်ရွက်ခဲ့ကြသော်လည်း လက်တွေ့လေ့လာ ကြိုးစားဆောင်ရွက်မှုများပင် မပြုလုပ်ကြဘဲ အပျက်သဘောဝေဖန်ပြောဆိုကာ ဆောင်ရွက်နေမှုများအပေါ် စိတ်အနှောင့်အယှက်ပြုခဲ့ကြသည်။

လိုင်စင်မရှိသော တည်းခိုခန်းများမှ ကမ္ဘာလှည့်ခရီးသည်များကို လက်ခံဆောင်ရွက်ခြင်းသည် ဥပဒေချိုးဖောက်မှုဖြစ်ပါသည်။ လိုင်စင်မရှိသော တည်းခိုခန်းများတွင် ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်တည်းခိုမှုမရှိစေရေးအတွက် လိုင်စင်မရှိသောတည်းခိုခန်းအမည်များအား မြန်မာဘာသာဖြင့် ရေးသားတပ်ဆင်ကြရန်ဝန်ကြီးဌာနမှ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင်လည်း ကျွက်ကျွက်ညံအောင်အော်ကြသည်။

မြန်မာနိုင်ငံတွင် နေထိုင်နေကြသော တိုင်းရင်းသားများသည် ရိုးသားခြင်း၊ ဖော်ရွေခြင်း၊ အားနာတတ်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ သံယောဇဉ်ကြီးခြင်း၊ ခင်မင်တတ်ခြင်းစသည့် နူးညံ့သော စိတ်ထားများကို ပိုင်ဆိုင်ထားသူများဖြစ်ကြသည့် အပြင် အသက်ထက် အရှက်ကိုပိုအလေးထားကြပါသည်။ အများအားဖြင့် ဘာသာတရား၏ အဆုံးအမကြောင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်စည်းကြသည်။ ဓလေ့ထုံးတမ်းအစဉ်အလာများသည် လူသားတို့၏ အမှတ်လက္ခဏာပင်ဖြစ်သည်။ အဆိုပါ အမှတ် လက္ခဏာ (တစ်နည်းအားဖြင့်) ဓလေ့ထုံးတမ်းစဉ်လာ ပျက်စီးသွားလျှင် လူမျိုးပျောက်ကွယ်သွားမည် ဖြစ်သည်။ ဓလေ့ထုံးတမ်းစဉ်လာများကို ယဉ်ကျေးမှုက ထိန်းကျောင်းပေးသည်။ ယဉ်ကျေးမှုကို ဘာသာတရားက အဆုံးအမပေးပါသည်။

ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာနှင့် ဆီလျော်မှုမရှိသော မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေတွင် မပါဝင်သည့် Home Stay ကဲ့သို့သော ကမ္ဘာလှည့်ခရီးသည် တည်းခိုနေထိုင်မှုလုပ်ငန်းအမျိုးအစားကို ကျွန်တော်တို့နိုင်ငံတွင် ချက်ချင်း၊ လက်ငင်း အသုံးပြုချင်နေသူတွေ ရှိနေသည်။

ဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ ခရီးသွားနယ်ပယ်မှ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များဖြင့် ပူးပေါင်းဆွေးနွေး၍ ကောင်းမွန်သောမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း အပြုသဘောမဆောင်သော ဝေဖန်ထိုးနှက်ချက်များ၊ ပုဂ္ဂိုလ်ရေးဆန်ဆန်တိုက်ခိုက်မှုများဖြင့် ပြောဆိုအပြစ်တင်ခဲ့ကြသူအချို့သည် ယခုကဲ့သို့ မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသော၊ ဆောင်ရွက်ရန် အချိန်လိုအပ်နေသေးသော၊ Home Stay လုပ်ငန်းမျိုးကို လုပ်ဆောင်ချင်နေကြသဖြင့် အဆိုပါပုဂ္ဂိုလ်အချို့၏ သဘောထားကို အံ့ဩမိသည်။

Home Stay ၏ လုပ်ငန်းသဘောသဘာဝမှာ မိသားစုများနေထိုင်သောအိမ်တွင်၊ နိုင်ငံခြားသား (ကမ္ဘာလှည့်ခရီးသည်) များကို အခကြေးငွေရယူကာ အိမ်ရှင်မိသားစုနှင့်အတူတကွ နေထိုင်ခွင့်ပြုခြင်း ဖြစ်သည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ ပညာသင်သွားရောက်သော သင်တန်းသားသင်တန်းသူများ၊ နှစ် နိုင်ငံချစ်ကြည်ရေးအရ သွားရောက်သော လေ့လာရေးခရီးစဉ်များ၏ အစီအစဉ်အရ ပြည်ပနိုင်ငံရှိ လူမျိုးများ၏ ဓလေ့ထုံးတမ်းစဉ်လာများကို လေ့လာရင်းမိသားစုနေအိမ်တွင် ချစ်ခင်ရင်းနှီးစွာ နေထိုင်ခြင်းမျိုးမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် မိမိနေအိမ်ရှိ အခန်းပိုတွင်ကမ္ဘာလှည့်ခရီးသည်များကို ငှားရမ်းခရယူ၍ တည်းခိုစေခြင်းဖြစ်သည်။

Home Stay ၏ လုပ်ငန်းသဘောသဘာဝကို သည်လောက်ဆိုလျှင် မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီခြင်း ရှိ / မရှိ၊ ခွင့်ပြုသင့် / မသင့်အဖြေပေါ်လောက်ပြီထင်ပါသည်။ ကမ္ဘာလှည့်ခရီးသည်များ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် Do & Dont's များကို ဝန်ကြီးဌာန Website တွင် လွှင့်တင်ခြင်း၊ ဖြန့်ဝေခြင်း၊ ပြည်ပရှိ မြန်မာနိုင်ငံ သံရုံးများမှတစ်ဆင့် ဖြန့်ဝေခြင်း၊ သတင်းပြန်ကြားရေးကောင်တာများတွင် Booklet များဖြင့် ဝေငှခြင်းများဖြင့် မည်သို့ပင် ဆောင်ရွက်ခဲ့စေကာမူ လိုက်နာဆောင်ရွက်မှုမရှိသော အမူအကျင့်များကြောင့် အရေးယူဆောင်ရွက်ခဲ့ကြရသည်များကို မြင်တွေ့ဖူးကြလိမ့်မည်ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာအမျိုးသား၊ ကချင်တိုင်းရင်းသားတစ်ဦးအနေဖြင့် အမိမြေ၊ ရန်ကုန်မြို့၌ ၃၀-၆-၂၀၁၇ ရက်တွင် ကျင်းပသော LIGHT OF A NATION MMA ပြိုင်ပွဲတွင် လက်ရှိမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်သူ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်အား မြန်မာ့စိတ်၊ ပြည်ထောင်စုစိတ်ဖြင့် အောင်မြင်စွာ ယှဉ်ပြိုင်ထိုးသတ်ပြီး ကမ္ဘာ့ချန်ပီယံဘွဲ့ကို ဆွတ်ခူးရယူနိုင်ခဲ့သည့် အောင်လအန်ဆန် အတွက် အတိုင်းအဆမရှိ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

၎င်းပြိုင်ပွဲတွင် ပြည်ထောင်စုစိတ်ဓာတ်၊ မြန်မာနိုင်ငံသားစိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း အပေါ် ချစ်ခင်မြတ်နိုးသောစိတ်ဓာတ်တို့ဖြင့် သွေးရင်းသားရင်းများဖြစ်ကြသော မြန်မာများ၊ ကမ္ဘာအရပ်ရပ်ရှိ မြန်မာတိုင်းရင်းသားများ၊ မြန်မာကိုချစ်သော ကမ္ဘာသူကမ္ဘာသားများ အားလုံးက အောင်လအန်ဆန်ကို အသည်းလှိုက်၊ အူလှိုက်အားပေးခဲ့ကြပါသည်။ အောင်လအန်ဆန်က အနိုင်ရ လိုက်ကြောင်း ကြေညာသောအခါ အားလုံးဝမ်းသာမဆုံး ဖြစ်ခဲ့ကြရပါသည်။ ကမ္ဘာမှာ မြန်မာဟေ့ဟု ဟစ်ကြွေးလိုက်ပါသည်။ ကမ္ဘာ့မစ်ဒယ်ဝိတ်ချန်ပီယံ အောင်လအန်ဆန်အတွက် အတိုင်းအဆမရှိ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(MCEA)**
**(တိုင်းနှင့်ပြည်နယ်အသင်းများနှင့်အသင်းဝင်များအားလုံး)**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်**

**သီတဂူရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ ဇူလိုင်လ ၁၅၊ ၁၆ (၈၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇူလိုင်လ ၁ ရက်တွင် စတင်လက်ခံ၍ ဇူလိုင်လ ၁၅၊ ၁၆ ရက်များတွင် ၈၁-ကြိမ်မြောက် ဦးရေ (၁၀၂၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရွှေကင်း။ (ကျိုက္ကာဆံဂူပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေငွေတိုင်ကမ္ဘာ့ဘဏ် - အရှင်စမောသီရိလင်္ကာ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

### ဖခင်အမည်မှန်

ကျောက်တံခါး အထက၊ နဝမတန်း (G) မှ စောဖူးဖဲ၏ဖခင် ဦးဆန်းငြိမ်းဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးခင်မောင်လေး ၇/ကတခ(နိုင်) ၀၉၂၉၉၄ ဖြစ်ပါသည်။

**ဦးခင်မောင်လေး**

### ဖခင်အမည်မှန်

အထက(၁) မင်္ဂလာဒုံ နဝမတန်း (H)မှမမေသုခ၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၁၂/မဂဒ(နိုင်)၀၇၄၆၂၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရွှေပင်ရွှေသီး ကိုယ်ပိုင်အထက် တန်းကျောင်း၊ သဃ်န်းကျွန်း အဋ္ဌမ တန်းမှ မဆုနဒီထက်၏ ဖခင်အမည် မှန်မှာ ဦးအောင်မြတ်သူ ၁၂/သဃက (နိုင်)၁၅၃၄၉၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့၊ အထက အိုးဘို ကုန်း နဝမတန်း(ဂ)မှ နော်ဂရေ့(စ်)နယူး ၏ ဖခင်အမည်မှန်မှာ ဦးစောညွှတ်န် ၁၄/ဘကလ(နိုင်)၁၂၀၆၆၃ ဖြစ်ပါကြောင်း။

**ဦးစောညွှတ်န်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးဆယ်မြို့၊ အရှေ့ရိုးကြီးရပ်ကွက်နေ မနှင်းဝေလွင်၏ဖခင် ဦးအောင်မျိုးနှင့် ဦးအောင်တိုး ၇/သဝတ(နိုင်)၁၂၄၅၅၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မျိုး(ခ)ဦးအောင်တိုး**

### အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို တိုက်ခန်း နေရာချထားခြင်း လက်မှတ်အမည်ပေါက်ထံမှ ဝယ်ယူထားသူက အမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြု ရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်း ကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးထောင်ခန်စွမ်း ၁၂/ကမရ(နိုင်)၀၄၁၇၅၃<br>ဦးဝုန်လျန်စုန် ၄/တဇန(နိုင်)၀၀၈၆၂၇(မှ) | ဒေါ်လင်းသီရိဖိုလ် ၅/ဆလက(နိုင်)၀၃၂၇၆၇ | တိုက်အမှတ်(၂၁)၊ အခန်းအမှတ်(၈)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

### မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါး မြို့နယ်၊ ရှမ်းဒိုးတန်း အထကတွင် တက္ကသိုလ်ဝင်တန်းထိ ပညာသင်ကြား ခဲ့သော နော်အယ်မူကပေါ်၏ မိခင်အမည် မှန်မှာ မငွေးငွေးကြည် ၇/ညလပ(နိုင်) ၁၇၀၁၇၅ ဖြစ်ပါသည်။ **မငွေးငွေးကြည်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၃၂၀၅ ယာဉ်လက် ဝယ်ရှိသူ ဦးစိုးဝင်းထွန်း ၁/ဝမန(နိုင်) ၀၁၆၉၉၉ က ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့် အတူတင်ပြသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး၊ (မြစ်ကြီးနား)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇/သာဇီအရှေ့၊ မြေကွက်/ ဦးပိုင်အမှတ် (၈ᶜ)၊ ဧရိယာ ၀ဒသမ၁၆၅ ဧကရှိ ဦးသောင်း (ဇနီး)ဒေါ်စိန်ရွှေ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးစိုးမြင့် ၉/ပမန(နိုင်)၀၀၀၀၂၁ (ဘ) ဦးပုမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် မူရင်း၊ ကျမ်းကျိန်မူရင်းများတင်ပြ၍ အမွေ ဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထား လာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/သာဇီအရှေ့၊ မြေကွက်/ဦးပိုင်အမှတ် ၈ᶜ၊ ဧရိယာ ၀ဒသမ၀၇၀ဧကရှိ ဒေါ်မြင့် မြင့်ကြည် အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဦးစိုးမြင့် ၉/ပမန(ဧည့်) ၀၀၀၀၂၁ (ဘ)ဦးပုမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်မူရင်း၊ကျမ်းကျိန်မူရင်းများ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ ဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)**
**အင်္ဂပူမြို့နယ် တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၅**

ဦးကျင်သိန်း — နှင့် — ကိုသိန်းတန်
**တရားလို** — **တရားပြိုင်**

ယခင်နေရပ်လိပ်စာ သရက်တောရွာ၊ ဘုရားကွင်းအုပ်စု၊ အင်္ဂပူမြို့ (ယခုနေရပ်လိပ်စာမသိ) နေ ဦးသောင်းမြင့်၏ သားဖြစ်သူ ကိုသိန်းတန် သိစေ ရမည်။

သင့်အပေါ်၌ ဦးကျင်သိန်း(ဘ)ဦးဖိုးချုပ်က ချေးငွေ ၁၂၀၀၀၀ိ/- (တစ်ဆယ့်နှစ်သိန်းကျပ်) ရလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက် ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၁၇ခုနှစ် ဇွန် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်း)**
**မြို့နယ်တရားသူကြီး**
**အင်္ဂပူမြို့နယ်တရားရုံး**

### သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်မြင့်မြင့်သန်း ၁၂/ဥကတ(နိုင်)၁၃၁၅၀၆၏သမီး မအေးအေးမော် ၁၂/ဥကတ(နိုင်)၁၃၁၅၀၉ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် သက်ဆိုင်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်မယူပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်-ဒေါ်မြင့်မြင့်သန်း**
**၁၂/ဥကတ(နိုင်)၁၃၁၅၀၆**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့နယ်၊ ဆူးကောက်စမ်းရွာနေ ဦးမောင်ဝင်း-ဒေါ်သန်းနုတို့၏ တစ်ဦးတည်းသောသား မောင်မော်ကွန်း ၈/မကန(နိုင်)၁၉၅၈၂၇ သည် မိဘနှစ်ပါး၏ စကားကိုနားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးမောင်ဝင်း ၈/မကန(နိုင်)၁၄၄၁၄၂**
**မိခင်- ဒေါ်သန်းနု ၈/မကန(နိုင်)၁၄၉၅၉၄**

### မောင်ရဲသူငွေး ၈/မကန(နိုင်)၁၆၃၀၇၁ အား သားအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

မကွေးမြို့၊ ကန်သာရပ်၊ စီ(၈၄)နေ ဦးကျော်လှိုင်-ဒေါ်ငွေး ငွေးရီတို့၏သား မောင်ရဲသူငွေးသည် မိဘနှစ်ပါးအား စိတ်ဆင်း ရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘများ၏ခွင့်ပြုချက်မရှိဘဲ မိမိ သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ကြော်ငြာပါ သည့်ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော လူမှု၊ စီးပွား၊ ငွေကြေး မည်သည့်အရာကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဖခင်- ဦးကျော်လှိုင် ၈/မကန(နိုင်)၀၄၉၆၀၂**
**မိခင်- ဒေါ်ငွေးငွေးရီ ၈/မကန(နိုင်)၀၄၉၆၁၃**

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်ခင်သန်း (အမရပူရ)

**အသက်(၈၆)နှစ်**

ဦးသန့်ဇင်(Senior Project Officer,The Project for Curriculum Reform at Primary Level of Basic Education in Myanmar(CREATE Project),JICAနှင့်ဇနီး ဒေါ်ခင်သိမ့်သိမ့်စိုးတို့၏မိခင် ဒေါ်ခင်သန်း(အမရပူရ)သည် ၄-၇-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**JICA CREATE Project Team**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဦးလှညွန့်(ခ)ဦးဆန်နီ (ဘူမိဗေဒ)

**အသက်(၆၇)နှစ်**

သူငယ်ချင်း ကိုဆန်နီသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သွားနှင့်တော့သူငယ်ချင်း

**၇၅-ဘူမိဗေဒ သူငယ်ချင်းများ**

---

**ကျေးဇူးအထူးတင်ရှိခြင်း**

### မသက်စုမွန်

**B.Com (၂၀၀၉-၂၀၁၀)**

**Sr. Finance Executive (မန်းရတနာပုံလေကြောင်းလိုင်း)**

၂၈-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသော မသက်စုမွန်အား အာရှတော်ဝင်ဆေးရုံ၌ တက်ရောက်၍ ဆေးကုသမှုခံယူစဉ်ကာလအတွင်း အထူးဂရုစိုက် ပြုစုကုသပေးခဲ့ပါသော အထူးကုသမားတော်ကြီးများ၊ တာဝန်ကျဆရာဝန်၊ ဆရာမများ၊ သူနာပြုများ၊ ဝန်ထမ်းညီအစ်ကိုမောင်နှမများနှင့်သွေးအလှူရှင်များ၊ ဆေးရုံတက်ရောက်စဉ် လိုအပ်သမျှငွေအား၊ လူအားအဘက်ဘက်မှ လိုလေသေးမရှိ ဂရုတစိုက် အစအဆုံး ပံ့ပိုးကူညီခဲ့ကြပါသော အာရှတော်ဝင် ဒါရိုက်တာများ၊မန်းရတနာပုံရေကြောင်းလိုင်းမှ Chairman, Finance Director အန်တီ ဒေါ်ဝင်းဝင်းရီနှင့် ဝန်ထမ်းမိသားစုများအားလုံး၊ Air Mandalayမှ ဝန်ထမ်းမိသားစုအားလုံး၊ ဥပဒေရုံးမှမိသားစုဝင်များ၊ Hotel Yangon မှဝန်ထမ်းမိသားစုများ၊ နာမကျန်းဖြစ်စဉ်နှင့် နာရေးကိစ္စဆောင်ရွက်နေစဉ် တစ်လျှောက်လုံး အဆင်ပြေချောမွေ့စေရန်အဘက်ဘက်မှမေတ္တာများစွာဖြင့် ကူညီဆောင်ရွက်ပေးကြပါသော ဆရာသမား၊ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ သမီးလေး၏ သူငယ်ချင်းများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဦးနန်ဇမုန် (LL.B)

**ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)၊ (၂၀၁၁-၂၀၁၅)၊ ချင်းပြည်နယ်**

**အသက်(၅၇)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့၊ စကောလမ်းရပ်ကွက်နေ (Pu Cin Khaw Langh - Pi Ngaih Za Ning)တို့၏သား၊ Daw Man Ngaih Vung၏ ချစ်လှစွာသောခင်ပွန်း၊ Lia Ning Sian Lun (1st year, B.E Civil, လှိုင်သာယာနည်းပညာတက္ကသိုလ်)၊ Tg Langh Za Khup (1st year,Burmese, ဟားခါးကောလိပ်)၊ Tg.Nang Pian Thawn(1st year G.T.I, Hakha),Lia Cing En Hau (တက္ကသိုလ်ဝင်တန်းအောင်)၊ Tg, Thang Khaw Khai (အဋ္ဌမတန်း၊ အထက-၁၊ တီးတိန်)၊ Tg.Thang Za Khual (အဋ္ဌမတန်း၊ အထက-၁၊ တီးတိန်)၊ Lia, Vung Man Nuam (ဆဋ္ဌမတန်း၊ အထက-၁၊ တီးတိန်)၊ Tg. Thang Sian Hung (ပဥ္စမတန်း၊ အထက-၁၊ တီးတိန်)တို့၏ဖခင်သည် ၂-၇-၂၀၁၇ရက်တွင် ရုတ်တရက်ကောင်းကင်ဘုံ(၃၀)သို့ စံမြန်းတော်မူသွားပါသဖြင့် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် လိုင်ပီအန်သာသနာထုံးတမ်းအရ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်စန္ဒာသိန်း (ဆရာမ မငယ်လေး)

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး ၄လမ်း၊ အမှတ် က/၅၅နေ (ဦးတင်ရွှေ)-ဒေါ်သိန်းသိန်းကြည်တို့၏သမီး၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ ဇေတဝန်လမ်းနေ ဦးသိန်းဇော်-ဒေါ်ခင်သန်း၊ ကျောက်ဆည်မြို့နယ်၊ အင်းတိုင်ကျေးရွာနေ ဦးကြည်သန်း-ဒေါ်စန်းမြင့်တို့၏တူမ၊ ဦးမင်းစိုး-ဒေါ်တင်သီတာချိုဦး(ခ)ဆရာမ မသီတာတို့၏ညီမ၊ ဦးသူရိန်စိုး-ဒေါ်ကြည်သာချမ်းမြေ့၊ ဒေါ်တင်ချောစုလှိုင်၊ မနှင်းနှင်းခိုင်တို့၏အစ်မ၊ မအိမ့်မို့မို့ကို၊ မသုတလင်းလက်၊ မသီရိရတနာဆွေတို့၏အဒေါ်သည် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ဖော့ကန်ရပ်ကွက်၊ ဝါဦး ၃လမ်း၊ အမှတ် က/၄၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်လှထွီးမေ(ခ)လှလှထွီး

**စစ်တွေ**

**အသက်(၄၄)နှစ်**

စစ်တွေမြို့၊ ကုန်တန်းရပ်ကွက်၊ ရေတွင်းလမ်း၊အမှတ် ၃၁၀နေ(ဦးမောင်မြဦး - ဒေါ်မစောသာ)တို့၏ သမီး၊ စစ်တွေမြို့၊ ကုန်တန်းရပ်ကွက်နေ(ဦးဦးမောင်)-ဒေါ်လှစောဦး၊ ဦးသာစိန်-ဒေါ်လှညွန့်သာ၊ (ဦးကျော်စိန်)-ဒေါ်လှညို၊ ဦးကျော်ဇောလှ-ဒေါ်လှလှရီ၊ (ဦးကျော်မြသာ)၊ (ဦးမောင်ကျော်မြ)တို့၏ညီမ၊ တူမ ၂၉ယောက်တို့၏ အဒေါ်သည် ၅-၇-၂၀၁၇ရက် နံနက် ၃း၂၅နာရီတွင် စစ်တွေမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်လှထွီးမေ(ခ)လှလှထွီး

**စစ်တွေ**

**အသက်(၄၄)နှစ်**

စစ်တွေမြို့၊ ကုန်တန်းရပ်ကွက်၊ ရေတွင်းလမ်း၊ အမှတ် ၃၁၀နေ(ဦးမောင်မြဦး - ဒေါ်မစောသာ)တို့၏ သမီး၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဂေါက်ရီလမ်းနေ [ဦးအောင်လှသာ (မြို့နယ် ပ/ရမှူး၊ ငြိမ်း)-ဒေါ်အေးမေ] တို့၏ချွေးမ၊ မောင်ရဲလင်းဇော်၊ မနှင်းမြတ်ထိုက်-မောင်ရဲမင်းထွန်း၊ မောင်မင်းထိုက်ဇော် (အမှတ်-၂၃၊ မူလွန်) တို့၏မိခင်၊ ဦးဇော်လွင်အောင်၏ချစ်လှစွာသောဇနီးသည် ၅-၇-၂၀၁၇ရက် နံနက် ၃း၂၅နာရီတွင် စစ်တွေမြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ရင်ရွှေ(ကျောက်တံခါး) အသက်(၉၂)နှစ်

ကျောက်တံခါးမြို့နေ (ဦးစံရွှေ-ဒေါ်လှဝင်း)တို့၏သမီး၊ (ဦးသာထွန်း-ဒေါ်သန်းသန်းတင်)၊ ဦးချစ်လှိုင်-(ဒေါ်ခင်ကြည်)တို့၏ညီမ၊ (ဦးထွန်းလွင်-ဒေါ်ခင်မေကြည်)၊ (ဦးတင်ဦး)တို့၏အစ်မ၊ [ဦးကိုကြီး (ကုန်သွယ်/လယ်ယာ)]၏ဇနီး၊ ဦးဇော်လင်း-ဒေါ်ခင်သူဇာ(ထ/၅၊ ငြိမ်း)တို့၏မိခင်၊ မောင်ထူးကျော်စော-မခင်မြသန်း၊ မောင်ဉာဏ်လင်းထက်တို့၏အဘွား၊ မခင်ကံ့ကော်နှင်း၏ဘွားဘွားကြီးသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၀နာရီတွင် အမှတ် ၄၀၅၊ သရဖီ ၅လမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းရဲမိုးထွန်း၏ ဖခင် ဒုအရာခံဗိုလ် အောင်တင်(ငြိမ်း)သည် ၄-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ ကျောင်းဆင်းသူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဦးမောင်မောင်အုန်း

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**မန္တလေးမြို့၊ စည်ပင်သာယာရေးကော်မတီ**

**အသက်(၈၄)နှစ်**

မုံရွာမြို့၊ ခုတင်(၅၀၀)ဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာဦးကိုကိုလွင်နှင့်ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ချိုလွင်နီတို့၏ဖခင် ဦးမောင်မောင်အုန်းသည် ၁-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကလေးကုသဆောင်မိသားစု**

**မိခင်နှင့်ကလေးဆေးရုံကြီး၊ မုံရွာမြို့**

---

### ဝမ်းနည်းကြေကွဲခြင်း

ကျိုင်းတုံတက္ကသိုလ်၊ ရုက္ခဗေဒဌာနတွင် တာဝန်ထမ်းဆောင်နေသော ဦးမိုးကြည်-ဒေါ်နန်းမွန်းဆာတို့၏ဖခင် ဦးစိုင်းလုံ အသက်(၇၇)နှစ်သည် ၁-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ရုက္ခဗေဒမိသားစု၊ ကျိုင်းတုံတက္ကသိုလ်**

---

### ကိုရဲဝင့်ထွန်း (မောင်အေးကဖီး-ရေကျော်)

**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၁၆နေ[ဦးအေး-ဒေါ်ရီ(မောင်အေးကဖီး)]၊(ဦးတိုး-ဒေါ်ခင်ရီ)တို့၏မြေး၊(ဦးထွန်းမြင့်)-ဒေါ်သန်းသန်းနွယ်တို့၏သား၊ ဦးကျော်စိုးမိုး-ဒေါ်ဇင်နွယ်ထွန်း၊ (ဦးအေးမင်းထွန်း)-ဒေါ်နှင်းဝေဦး၊(ဦးမင်းသိုက်ထွန်း)တို့၏အစ်ကို၊ မောင်ဖြိုးပြည့်ထွန်း၊ မောင်ခန့်နောင်ထွန်း(GTI ရွှေပြည်သာ 2nd yr EC)တို့၏ဦးလေးသည် ၄-၇-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဗိုလ်မှူးငြိမ်းချမ်း

**ယာယီ(ဒုတိယဗိုလ်မှူးကြီး)**

**လေ-၂၄၂၂**

**DSA (41)**

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ တိုက် ၃၊ အခန်း ၄နေ (ဦးကျော်ငြိမ်း-ဒေါ်တင်ရီ)တို့၏သား၊ (ဦးတင်မောင်လတ်) (ဒုတိယညွှန်ကြားရေးမှူး၊ MOGE)-ဒေါ်နုနုခင်(အမှုဆောင်အရာရှိ-ငြိမ်း၊ MOGE)တို့၏သားသမက်၊ ဗိုလ်ကြီးဖြိုးဝေကျော်-ဒေါ်သန္တာအောင်တို့၏ညီ၊ မအေးသိမ့်သိမ့်ငြိမ်း၏အစ်ကို၊ ဒေါ်ခင်သန္တာလတ်(စာရင်းကိုင်၊ PTTEPI) (Yangon Branch)၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ဂျူလိုင်ငြိမ်းချမ်း[G-5 (B), TTC၊ ကမာရွတ်]၏ ချစ်လှစွာသောဖခင်သည် ၇-၆-၂၀၁၇ရက်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

### ဦးဝင်းဖေ

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ် ၁၃၉နေ (ဦးဘကြည်-ဒေါ်ယဉ်ကျော့)တို့၏သား၊ ဒေါ်နွယ်နွယ်တင်[အထက(၁)အင်းစိန်၊ ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)]၏ ခင်ပွန်း၊ မဇင်နွယ်ဝင်း (Myanmar Japan Tobacco Company Limited)၊ မစုယဉ်ဝင်း(တတိယနှစ်၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ ဦးလှသိန်း-ဒေါ်ကြည်လေး၊ ဦးခင်ဖေ၊ ဦးသန်းလှိုင်-ဒေါ်စန်းစန်းအေး၊ ဦးသန်းအေး-ဒေါ်စန်းစန်းနွယ်တို့၏အစ်ကိုသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၅၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စန်းစန်းဝေ

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် ၅လမ်း၊ အမှတ် ၉၄ (ပထမထပ်-ညာ)နေ(ဦးထွန်းတင်-ဒေါ်ဖွားကျင်)တို့၏သမီး၊ ဦးလှဝေ-ဒေါ်လှလှမြိုင်၊ ဦးလှဝင်း-ဒေါ်စန္ဒာ၊ ဦးစိုးစိုး-ဒေါ်ခင်အေးမူတို့၏အစ်မ၊ မောင်တင်ဇော်ထွေး-မခင်သီတာစန်း၊ မောင်ညီညီအောင်-မခင်သန္တာစန်း၊ မအိအိမွန်ခင်၊မောင်မောင်သက်ခင်-မဆွေယဉ်ဖြူတို့၏မိခင်၊မြေးသုံးယောက်တို့၏အဘွား၊ [ဦးအောင်မောင်း (ခ) ဦးအောင်ခင်]၏ ချစ်လှစွာသောဇနီးသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ရင်ရွှေ

**(ကျောက်တံခါး)**

**အသက်(၉၂)နှစ်**

ကျောက်တံခါးမြို့နေ (ဦးစံရွှေ-ဒေါ်လှဝင်း)တို့၏သမီး၊ (ဦးသာထွန်း-ဒေါ်သန်းသန်းတင်)၊ ဦးချစ်လှိုင်-(ဒေါ်ခင်ကြည်)တို့၏ညီမ၊ (ဦးထွန်းလွင်-ဒေါ်ခင်မေကြည်)၊ (ဦးတင်ဦး)တို့၏အစ်မ၊ [ဦးကိုကြီး (ကုန်သွယ်/လယ်ယာ)]၏ဇနီး၊ ဦးဇော်လင်း-ဒေါ်ခင်သူဇာ(ထ/၅၊ ငြိမ်း)တို့၏မိခင်၊ မောင်ထူးကျော်စော-မခင်မြသန်း၊ မောင်ဉာဏ်လင်းထက်တို့၏အဘွား၊ မခင်ကံ့ကော်နှင်း၏ဘွားဘွားကြီးသည် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၀နာရီတွင် အမှတ် ၄၀၅၊ သရဖီ ၅လမ်း၊ (၃၄) ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက် (သောကြာနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**အလုပ်အမှုဆောင်အဖွဲ့**

---

### ဦးထွန်းငွေညွန့်

**လ/ထ အထက်တန်း**

**သုတေသနအရာရှိ(ငြိမ်း)**

**ပါတီသုတေသနဌာနကြီး**

**ယခင် မြန်မာ့ဆိုရှယ်လစ်**

**လမ်းစဉ်ပါတီဌာနချုပ်**

**အသက်(၈၉)နှစ်**

တောင်သာမြို့နေ (ဦးပြေအေး-ဒေါ်ပိုးညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၈၀နေ ဦးထွန်းကြွေ - (ဒေါ်ညိုညိုအေး)တို့၏ မောင်၊ အမှတ် ၅၈၊ လုံးချင်း၊ ကမာကြည်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏနေ ဒေါ်ကျင်ရှိန် (အထက်တန်းပြ၊ငြိမ်း၊ အထကသုဝဏ္ဏ) ၏ခင်ပွန်း၊ ဦးသောင်းထွန်း-ဒေါ်ဝါဝါထွန်းငွေ (ရတနာသိင်္ဂီ ကျောက်မျက်ရတနာဆိုင်)၊ ဒေါက်တာယဉ်ယဉ်ထွန်းငွေ (3MDG Fund, UNOPS)တို့၏ဖခင်၊မောင်ဘုန်းမြတ်ဆွေ၊မောင်ကောင်းမြတ်ဝေ (တတိယနှစ်၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်)၊ မောင်သောင်းထက်ဝေ [ဒုတိယနှစ်၊ ဥပဒေ (ထူးချွန်) ရန်ကုန်တက္ကသိုလ်] တို့၏ အဘိုးသည် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့)ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၇-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်နန်းဆေး(ခ)ဒေါ်ဝင်း

**အသက်(၆၄)နှစ်**

ကျိုင်းတုံမြို့၊ ဈေးတန်းကြီးရပ်နေ (ဦးဒါန-ဒေါ်နန်းမတ်)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ပဲနွယ်ကုန်းမြို့၊တရုတ်တန်း၊ ဘုတာရုံလမ်းနေ ဦးကျော်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဒေါ်တင်တင်ဝင်း (အထက-၄)၊ ဦးသောင်းနိုင်ဝင်း(PSI)-ဒေါ်ချယ်ရီတို့၏မိခင်၊ မောင်စည်သူဝင်း၊ မချောအိအိဝင်းတို့၏ အဘွားသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ဟွေဖျဲန်းသုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ပခုက္ကူခရိုင်အသင်း(ရန်ကုန်)**

### ဦးကျော်သူ (မြိုင်)

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ရပ်ကွက်၊ မြင်သာ ၂လမ်း၊ အမှတ် ၂၁/၂နေ ဦးအောင်ငြိမ်း-(ဒေါ်ငွေးယဉ်)တို့၏သား၊ မောင်မျိုးသန့် (ပြည်ရတနာ ကျောက်မျက်ကုမ္ပဏီ)၊ မောင်မြတ်ကိုကိုတို့၏ အစ်ကိုသည် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာကြီး**

**ဝဏ္ဏကျော်ထင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ**

**တိပိဋကနိကာယသာသနာပြုအဖွဲ့ပင်မဥက္ကဋ္ဌကြီး**

**အရေပြားနှင့်ကာလသားရောဂါအထူးကုဆရာဝန်ကြီး**

### ဦးသာလှ (မင်းလှမြို့)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် ၈၀၀နေ (ဒေါ်ခင်ညွန့်)၏ခင်ပွန်း၊ ဦးသိဒ္ဓိလှ-ဒေါ်သီဂီတင်(Sydney-Australia)၊ ဦးတင်လတ်-ဒေါ်သီဂီလှ၊ ဒေါ်ကေသီလှ၊ ဒေါက်တာစန္ဒီလှ(AP. SCOG အင်းစိန်ဆေးရုံ၊ ငြိမ်း)၊ ဦးအောင်ကျော်ထွန်း(ဒု-ညွှန်ချုပ်၊ DCA)-ဒေါ်မေစီလှ၊ ဦးသိုးစိမ်း-ဒေါ်ဒေစီလှ၊ ဒေါက်တာစိုးလွင်-ဒေါ်ရွှေရည်လှ၊ ဦးဣဒ္ဓိလှ-ဒေါက်တာခင်သိန်းစိုး၊ ဦးသောင်းထွဋ်ကြူ-ဒေါ်နေရီလှ(Angles Foods Trading Co.,Ltd)တို့၏ချစ်လှစွာသောဖခင်၊မြေး ၁၅ယောက်၊ မြစ်ကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၇ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဦးတင်ဖေ အသက်(၈၄)နှစ်

**ကုန်သွယ်ရေး(ငြိမ်း)**

**(နာယက) လူမျိုးပေါင်းစုံနှစ်ခြင်းအသင်းတော်၊ မြောက်ဥက္ကလာပ**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ ၇လမ်း၊ အမှတ် ၃၄၄နေ(ဦးအံ့ကြီးမောင်-ဒေါ်စိန်ရင်)တို့၏သား၊(ဒေါ်ဝင်းစမ်း)၏ခင်ပွန်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးကြီးမောင်-ဒေါ်မြရွှေ)တို့၏မောင်၊ (ဦးပန်းလှိုင်)(လှိုင်ပရိဘောဂ)-ဒေါ်သောင်းကြည်၊ ဦးအောင်မြတ်-ဒေါ်ခင်သန်းဝင်း(လေဆိပ်ရိပ်သာလမ်း)၊ ဦးကျော်ကျော်အံ့၊ ဒေါ်ခင်အုန်းမြင့်တို့၏အစ်ကို၊ ဦးလှမြင့်ဦး၊ ဦးခင်မောင်ဦး-ဒေါ်အေးစုလှိုင်၊ ဦးမျိုးသိန်း(ခ)ကိုမောင်-ဒေါ်တင်တင်အေး၊ ဦးခင်အောင်နိုင်-ဒေါ်အေးအေးဝင်း၊ ဦးစည်သူအောင်၊ ဒေါ်အေးမြဝင်း(USA) တို့၏ဘကြီးသည် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### နိုင်ငွေလာ (မုဒ္ဒန်း)

**မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ(ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၃)ရပ်ကွက်၊ သဟာယလမ်း၊ အမှတ် ၁၄-ဘီ၊ သုံးလွှာနေ (မိငွေကျင်)၏ခင်ပွန်း၊ နိုင်ခင်မောင်-မိငွေညာတို့၏အစ်ကို၊ မိသန်းသန်းအေး၊ မိဟံသာတို့၏ဖခင်၊ ဦးအေးဇော်-မိစန်းစန်းငွေး၊ မင်းမင်းဦး-မလှရီတို့၏ဘကြီး၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၇-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### Marthu Hla Tin (a)ဒေါ်ခင်ထွေးမြင့် (ကြူးကြူး)

**အလယ်တန်းပြ(ငြိမ်း)၊ အလက(၅)ရန်ကင်း**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၁၂)၊ အမှတ် ၁၆၆၊ အခန်း ၈နေ [JB Dragon (a)ဦးအေးလွင် - Cicilia (a)ဒေါ်သန်းကြည်] တို့၏သမီး၊ (ဦးတင်ခိုင်)ဒေါ်စီစီသိန်း၊ (ဒေါ်စောထားမြင့်)တို့၏ညီမ၊ Micheal Hla Tin (a) ဦးသန်းနောင်လှ၏ချစ်လှစွာသောဇနီး၊ မင်းခိုင်ဦး(ခ)ပေါက်စီ၊ [ဉာဏ်လင်း ဦး(ခ)ပေါင်မုန့်]တို့၏မိခင်၊ မနှင့်မြတ်လှိုင်-ဗိုလ်မှူးကျော်ကျော်ဉာဏ်လင်း၊ ကိုမျိုးထိုက်အောင်-(မမျိုးမျိုးအေး)၊ မယုယုခိုင်-ကိုကောင်းသော်တို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၇-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ယာယီရဲမှူး စည်သူမောင် (အပတ်စဉ်-၁၇)

**(ဖလမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး)**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကောက်လျှင် ၄လမ်း၊ အမှတ် ၁၈၆/၄ နေ (ရဲမှူးရွှေကြည်-ဒေါ်ယဉ်ယဉ်မြင့်)တို့၏သား၊ ဦးကျော်ငွေး၏ညီ၊ ဒေါ်ချိုချိုမြင့်(ဌာနစုမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန၊ အဆောက်အအုံ)၏မောင်၊ ဦးကျော်စိုး (ကျွမ်း-၄၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန)၏ညီ၊ ဦးသူရအောင်၊ ဒေါ်ခိုင်သန္တာရွှေတို့၏အစ်ကို၊ ပဲခူးတိုင်းဒေသကြီး၊ ပဲနွယ်ကုန်းမြို့နေ ဒေါ်စန္ဒာလွင်၏ ခင်ပွန်း၊ မောင်အာကာမောင်၊ မောင်ဘုန်းသန့်မောင်၊ မခရေနန္ဒာတို့၏ဖခင်သည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ပဲနွယ်ကုန်းမြို့ မော့တော့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဦးကျော်သူ (မြိုင်)

**[A.G.T.I (EP)၊ အင်းစိန်]**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ရပ်ကွက်၊ မြင်သာ ၂လမ်း၊ အမှတ် ၂၁/၂နေ ဦးအောင်ငြိမ်း-(ဒေါ်ငွေးယဉ်)တို့၏သား၊ မောင်မျိုးသန့် (ပြည်ရတနာ ကျောက်မျက်ကုမ္ပဏီ)၊ မောင်မြတ်ကိုတို့၏အစ်ကိုသည် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

# ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံအပါအဝင် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများ အထောက်အထားခိုင်လုံမှသာ သွားရောက်အလုပ်လုပ်ကိုင်သင့်ဟု ပြည်ထောင်စုဝန်ကြီး ပြောကြား

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**

**နေပြည်တော် ဇူလိုင် ၅**

ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမား သုံးသောင်းလေးထောင်ကျော် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး ထိုင်းနိုင်ငံက ယင်းတို့၏ အလုပ်သမားဥပဒေပါ အရေးယူမှုများကို ယခုနှစ်ကုန်အထိ ရွှေ့ဆိုင်းလိုက်ခြင်းကြောင့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာရန် ကြိုးပမ်းသင့်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ကျင်းပသည့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ရောက်ရှိနေကြသော အလုပ်သမားအရေးကိစ္စများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲအတွင်း ထည့်သွင်းပြောကြားခဲ့သည်။ **(ယာပုံ)**

"ထိုင်းနိုင်ငံရဲ့ဥပဒေက ဇွန် ၂၃ ရက်မှာ စတင်အသက်ဝင်ခဲ့ပြီး ဇွန် ၂၂ ရက်မှာ ထိုင်းလုံခြုံရေးအဖွဲ့တွေနဲ့ တာဝန်ရှိသူတွေက အထောက်အထားမဲ့အလုပ်သမားတွေကို စတင်ဖမ်းဆီးခဲ့ပါတယ်။ *စာမျက်နှာ ၇ ကော်လံ ၁* ✻






**မြဝတီမြို့ (၉၉၉)ဂိတ်မှတစ်ဆင့် ဇွန် ၂၉ ရက်မှ ယနေ့အထိ ထိုင်းနိုင်ငံမှ ပြန်လာသော မြန်မာအလုပ်သမားများအား နေရပ်သို့ ပြန်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သော ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးစဉ်**

(ထိုင်းအစိုးရ၏ အလုပ်သမားဆိုင်ရာ ဥပဒေသစ်ကြောင့် ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်နေကြသည့် အထောက်အထားမပြည့်စုံသည့် မြန်မာအလုပ်သမားများနှင့် အထောက်အထားလုံးဝမရှိသည့် မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း ဖမ်းဆီးလျက်ရှိသည့်အတွက် မြန်မာနိုင်ငံသို့ လူဦးရေ ထောင်နှင့်ချီပြီး ပြန်လာလျက်ရှိကြောင်း သိရသည်။)

**ထိန်လင်းအောင်(ပြန်/ဆက်)**

## အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် မြန်မာယူ-၂၂ အသင်း ပြင်ဆင်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဇူလိုင် ၅**

မြန်မာ ယူ-၂၂ အသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲ အုပ်စု (စ) ပွဲစဉ်များအတွက် ဆက်လက်ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။ အဆိုပါ ခြေစစ်ပွဲ အုပ်စု (စ) ပွဲစဉ်များကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် မြန်မာအသင်းနှင့်အတူ သြစတြေးလျ၊ စင်ကာပူနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်လျက်ရှိသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ အာရှ ယူ-၂၃ ခြေစစ်ပွဲကို အုပ်စု ၁၀ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုထိပ်ဆုံး ၁၀ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး အုပ်စုဒုတိယနေရာရ ငါးသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို *စာမျက်နှာ ၅ ကော်လံ ၄* ■



မြန်မာ ယူ-၂၂ အသင်း လေ့ကျင့်မှုများ ပြုလုပ်နေစဉ်

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် ဇူလိုင် ၅**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် တစ်ပေခွဲခန့်၊ ဟုမ္မလင်း မြို့တွင် နှစ်ပေခန့်၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ပေဝက်ခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ခန္တီးမြို့တွင် တစ်ပေခန့်၊ နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့်နှင့် ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် နှစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

(မိုး/ဇလ)

